
www.burmeseclassic.com

# ထူးမြတ်ကြွယ်

အနမ်းသစ်



www.burmeseclassic.com

www.burmeseclassic.com

# ထူးမြတ်ကြယ်

## အနုပ်းသရဲ

စိစဉ်သူ--ဦးအောင်စိုး(မော်လမြိုင်)

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၁၁၇၀၂၁၂

အဖုံးခွင့်ပြုချက်အမှတ် – ၅၀၀၁၆၃၀၃၁၂

ထုတ်ဝေသူ – ဦးကိုကိုမြင့် (သိန်းမင်းစာပေ)

အမှတ်(၆၃)၊ ဩဘာလမ်း၊ တာမွေမြို့နယ်။

အတွင်းနှင့်အဖုံးပုံနှိပ်သူ – ဦးကျင်ရင် (ရွှေခြသေ့ပုံနှိပ်တိုက်)

အမှတ်(၂၀၈)၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်၊ ၂၀၁၂၊ ဧပြီလ။

အုပ်ရေ/ တန်ဖိုး – ၅၀၀ အုပ်/ ၁၃၀၀ ကျပ်

စာအုပ်ချုပ် – ကိုစိုးနိုင်နှင့်အဖွဲ့

ဖြန့်ချိရေး – ခုနစ်ဆင့်ကြယ်စာပေ

အမှတ် ၁၇၅-ဘီ၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း - ၀၉ ၇၃၀၅၁၆၆၄၊ ၀၉ ၇၃၁၂၆၃၅၈

၈၉၅.၈၃

ထူးမြတ်ကြယ်

အနုပ်းသရဲ / ထူးမြတ်ကြယ် ။ -ရန်ကုန်၊

သိန်းမင်းစာပေ ၊ ၂၀၁၂ ။

၁၅၂ - စာ ၊ ၁၃ × ၂၀ စင်တီ။

(၁) အနုပ်းသရဲ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

"အား"

ကျယ်လောင်သော အော်သံကြီးတစ်သံ။

အော်သံက အိမ်နောက်ဖေး ရေချိုးခန်းထဲမှ ထွက်လာခြင်း ဖြစ်သည်။

အနီး အလန့်တကြားထွက်ပေါ်လာသောအသံကြောင့် အိမ်ရှေ့တွင် ရုံးစုရုံးစု၊ လှုပ်ရှလှုပ်ရှ ရှိနေကြသော ပုရိသများထဲမှ လူသစ်ဖြစ်သော ဆန်းလွင်နှင့် ငြိမ်းချမ်းက အော်သံကြားရာဆီသို့ ဝုန်းခနဲ ပြေးထွက်သွားကြသည်။ ပါးစပ်မှလည်း "ဘာဖြစ်တာလဲ" "ဘာဖြစ်တာလဲ" ဟု အော်မေးနေ၏။

ဆန်းလွင်နှင့်ငြိမ်းချမ်းကို လူသစ်ဟု ပြောရခြင်းမှာ အခြား ကြောင့်မဟုတ်။ ယောကျ်ားလေးတွေချည်းနေသော ဤအိမ်သို့ သူတို့နှစ်ယောက်က ယခုမှ ရောက်လာကြသောကြောင့် လူသစ်

www.burmeseclassic.com

www.burmeseclassic.com


ဟု ပြောရခြင်း ဖြစ်သည်။ လူသစ်ဆိုတော့ ဤအိမ်ကအထာ မသိပေ။

သူနှင့် ကျန်လူများကတော့ ဘာမှမဖြစ်သလို ခပ်အေးအေး ပင် ထိုင်နေကြသည်။ ဒီအထဲမှ မင်းနိုင်က ...

"ဖိုးခွါးအသံပဲ၊ ထုံးစံအတိုင်း ဖြစ်ပြန်ပြီထင်တယ်"

"ဘာလဲ၊ ရေချိုးခန်းတံခါးဂျက်ကို သေချာကျအောင် မပိတ်တာလား"

"ဒါပဲပေါ့၊ လူမရှိဖူးထင်ပြီး ဆွဲဖွင့်လိုက်မိရင် ဖိုးခွါးရဲ့ အဲဒီအော်သံကြီး ထွက်လာတော့တာပဲလေ"

မင်းနိုင်နှင့် ပြည်စိုးဦးက အကြောင်းသိဖြစ်နေသော ကြောင့် ခပ်အေးအေး၊ ခပ်ပြုံးပြုံးဖြင့် ထိုသို့ ပြောနေကြသည်။ သူကတော့ မီးဖိုချောင်နောက်ကို လှမ်းမျှော်ကြည့်ရင်း နားစွင့်လိုက် သည်။

ခဏအကြာတွင် ဆန်းလွင်နှင့်ငြိမ်းချမ်း အိမ်ရှေ့ပြန် ရောက်လာပြီး မျက်နှာတွေက ပြုံးစိစိနှင့် ...။ သူတို့နှစ်ယောက် နောက်မှ ခွက်ထိုးခွက်လန်ရယ်ရင်း ထွက်လာသူက အောင်အောင်။

"ဟား ဟား ဟား ဟား၊ ခွီး ခွီး၊ အစ် အစ်၊ ဖိုးခွါးကွာ .. လူကသာသေးတာ ... ကျန်တာ မသေးဘူး၊ ဟီး ဟီး"

"ဘာလဲ"

"ကျောပြင်ကြီး ပြောတာပါ၊ ဟား ဟား ဟား ဟား"

အောင်အောင်က ပြောရင်း ရယ်ပြန်သည်။ ဖိုးခွါးက အောင်အောင့်ကို ရေချိုးခန်းထဲမှ လှမ်းအော်ဆဲနေ၏။


www.burmeseclassic.com

www.burmeseclassic.com



အောင်အောင်က ...

"ငါလွှန်တာလား၊ သူ့ ပေါ့ဆတာလားဆိုတာ မင်းတို့ အမြင်ပဲ၊ စဉ်းစားကြည့်လေ ... ရေချိုးခန်းပဲဖြစ်ဖြစ်၊ အိမ်သာပဲ ဖြစ်ဖြစ် ဒီကောင်ဝင်သွားရင် တံခါးချက်ကို ဘယ်တော့မှ သေချာ မချဘူး၊ ငါက လူမရှိဖူးထင်ပြီး ဆွဲဖွင့်လိုက်ရင် ခွီး ခွီး၊ ဖိုးခွားဟာ များကွာ မမြင်ဖူးချင်အဆုံးပဲ၊ ကျောပြောင်ပြောင်ပြတာပါ၊ ဟား ဟား တကယ်ရယ်စရာကောင်းတယ်"

ဒါတော့ ... အောင်အောင်ပြောတာ ဟုတ်သည်။ ဖိုးခွား နှင့် အောင်အောင်တွေ့လျှင် ထိုပြဿနာက အမြဲဖြစ်နေကျပင်။

"ဘာများဖြစ်တာလဲလို့ လန့်ပြီး ထပြေးကြည့်မိတာ"

"အေးလေ"

ဆန်းလွင်နှင့်ငြိမ်းချမ်းက ခုမှ အကြောင်းသိသွားသည်။ အောင်အောင်ရယ်နေပုံကိုကြည့်ပြီး သူတို့အားလုံး လိုက်ရယ်မိကြ ပြန်သည်။ မင်းနိုင်က ...

"ဖိုးခွားပုံစံက ထွားထွားကျိုင်းကျိုင်း၊ တုတ်တုတ်ခိုင်ခိုင်၊ ညိုညိုမောင်းမောင်းကြီးဆိုတော့ ..."

"ဟီး ဟီး၊ မြင်ယောင်ပြီးသာ ကြည့်ကြပေတော့ ..."

"မင်း ဘယ်လိုပုံစံနဲ့ မြင်လိုက်တာလဲ အောင်အောင်"

ပြည်စိုးဦးက ဝင်မေးသည်။

"တော်သေးတာပေါ့ကွာ၊ သူက လက်နှစ်ဖက်နဲ့ အမြန် အုပ်လိုက်မိပေလို့ ... ခွီး ခွီး"

"ဟော့ကောင်၊ ငါ ... သား အောင်အောင်၊ အပိုတွေ ချဲ့ကား ပြောမနေနဲ့ ... ငါ တံခါးပေါက်ဝကို ကျောပေးထားတာ"



www.burmeseclassic.com

www.burmeseclassic.com

ဖိုးခွားက ရှုးရှုးရှဲရှဲဖြင့် ထွက်လာပြီး ပြောသည်။

"ဒါပေမယ့် ... မင်း လက်နှစ်ဖက်နဲ့တော့ အုပ်လိုက်တယ် မဟုတ်လား"

"အဲ အဲဒါက ... တော် ... တော် ... မင်း, တော်တော့ အောင်အောင်၊ ငါ ဆွဲထိုးမိတော့မယ်၊ ဟင်း"

"ကဲပါကွာ၊ မြန်မြန်လုပ်တော့ ဖိုးခွား၊ နောက်ကျရင် ရေ ယူချင်တဲ့သူတွေက တမျှော်မျှော်ဖြစ်နေလိမ့်မယ်"

ရှုးရှုးရှဲရှဲနှင့် စိတ်တိုဒေါသထွက်နေသော ဖိုးခွားကို သူက ချော့ချော့မော့မော့ လှမ်းပြောလိုက်သည်။ ဖိုးခွားမှာ ရှက်တတ်လွန်းတာလည်း သူ့အပြင်မရှိ။ ပေါ့လျော့လွန်းတာလည်း အလွန်။

သို့သော် ... ရေသန့်ကိုယ်စားလှယ်ယူထားသော သူတို့အိမ် စီးပွားရေးအတွက်တော့ အလွန် အားကိုးရသည်။ မိုးလင်းကတည်းက တစ်ရပ်ကွက်လုံး အိမ်တိုင်းစေ့နီးပါး ရေသန့်ဘူးတွေ လိုက်ပို့သည်။ နေမြင့်၍ ခန နားချိန်တွင် ထမင်းချက်၊ အဝတ်လျှော် စသဖြင့် အိမ်အလုပ်တွေကိုလည်း မနားတမ်း လုပ်တတ်သေးသည်။

"ကိုမြင့်မြတ်တို့သားအဖနှစ်ယောက်အတွက် ဖိုးခွားက အတော်အားကိုးရတာပဲ"

တကယ်ဆို ဆန်းလွင်က သူ့ထက် လေးနှစ်လောက် အသက်ပိုကြီးသော်လည်း သူ့ကို 'ကို'တပ်ပြီး ခေါ်သည်။ သူကတော့ ဖြူဖြူသေးသေး ဆန်းလွင်ကို ဆန်းလွင်ဟုသာ ခေါ်သည်။ ရယ်စရာတော့ အကောင်းသားပင်။

"ဖိုးခွားက သဘောမနောကောင်းပြီး ဖြူစင်ရိုးသားတယ်၊


www.burmeseclassic.com

www.burmeseclassic.com


သူ့ဘဝလေးက သနားစရာလေး၊ ရွာက အဒေါ်အိမ်မှာ အလုပ်ကြမ်းမှန်သမျှ အကုန်လုပ်ရပြီး မသထာရေစာ စားနေခဲ့ရရှာတာ၊ အခု ဒီမှာလုပ်ရတာလေးလောက်ကို အပျော့ပေါ့"

"ဘယ်လိုအဆက်အသွယ်နဲ့ တွေ့ခဲ့တာလဲ"

"အဖေ့ဘက်က မိတ်ဆွေတစ်ယောက်ကတစ်ဆင့် စပ်မိပြီး ခေါ်လာတာ"

"ဪ"

သူတို့စကားပြောနေစဉ်မှာပင် တီရှပ်အဖြူ၊ အားကစားဘောင်းဘီအတိုကလေးဝတ်၍ တွန်းလှည်းတွန်းကာ ဖိုးခွားထွက်သွားလေသည်။

သူ့မှာလည်း ဖခင်ဖြစ်သူ ဦးမျိုးခန့်နှင့် အဖေတစ်ခု၊ သား တစ်ခုဘဝဖြစ်သည်။ မိခင်က သူ ရှစ်တန်းကတည်းက ဆုံးပါး သွားခဲ့သည်။

သူတို့သားအဖအတွက် စီးပွားရေးကတော့ မပူရ၊ မပင်ရပါ။ ရေသန့်လုပ်ငန်းမှ ဝင်ငွေ၊ (ထိုအချိန်က ရေသန့်ဘူးတွေခေတ်စားချိန်ဖြစ်သလို၊ လုပ်ကိုင်သူက သူတို့အိမ်တစ်အိမ်သာရှိသေးသည်။) ယခု ... သူတို့နေသောအိမ်တွင် တစ်ယောက်တစ်သောင်းခွဲဖြင့် အငှားခြောက်ယောက်မှရသော ဝင်ငွေ၊ မြို့လယ်မှတိုက်ခန်းနှစ်ခန်း ငှားရမ်းခဝင်ငွေ၊ အိမ်ရှေ့မှ ထီဆိုင်၊ သူ့ အင်္ဂလိပ်စာသင်တန်းမှ ဝင်ငွေ၊ အားလုံးပေါင်းလိုက်လျှင် တစ်လ တစ်လ နည်းသော ဝင်ငွေများမဟုတ်ပါ။

ထို့ကြောင့် ... စီးပွားရေးအရ သားအဖနှစ်ယောက်၊ (ဖိုးခွားအပါ) စားလောက်ရုံမက ပိုလျှံလွှန်းနေသည်။ ဒါတင်မက


www.burmeseclassic.com

www.burmeseclassic.com



ဖခင်ဦးမျိုးခန့်မှာ အလျှဉ်းသင့်လျှင်သင့်သလို တိုက်ခန်းများဝယ်ပြီး ပြင်ဆင်ပြောင်းရောင်းတတ်သေးသဖြင့် တစ်ခါအရောင်းအဝယ်ဖြစ်လျှင် သူတို့သားအဖ တစ်နှစ်လောက်ထိုင်စားနိုင်သေးသည်။

"မင်းတို့သားအဖ တစ်လ တစ်လ ငွေတွေပိုလျှံနေတာ အလကားဖြစ်နေမယ့်အတူတူ မင်း, စီးရီးထုတ်ပါလား မြင့်မြတ်"

တက္ကသိုလ်တွင် တစ်လျှောက်လုံးတွဲလာသော ပြည်စိုးဦးက မည်သို့စိတ်ကူးရ၍မသိ၊ ထိုသို့ ပြောလာသည်။ သူက ...

"ဝါသနာကို လုံးဝ မပါတာ"

"မင်းသားလုပ်ကွာ၊ ရုပ်ရည် ရှိတာပဲ"

"ပိုပြီးတော့တောင် စိတ်မဝင်စားသေးတယ်"

"ဒါဆိုလည်း မိန်းမသာ ယူလိုက်ပါတော့ကွာ၊ နေဦး အဲဒါလည်း ဝါသနာ မပါဘူးပဲလား"

"မိန်းမယူတာပဲကွာ၊ ဝါသနာပါရဦးမှာလား"

"သိဖူးလေ၊ မင်းက ရီးစားလည်းမထား၊ မိန်းမလည်းမယူ သေးဖူးဆိုတော့ ... ဝါသနာမပါလို့များလားလို့ပါ"

"ဩော ... ဒါဆို မင်းတို့တစ်တွေကရော ဘာလို့ မယူကြသေးတာလဲ"

"ဟ၊ ငါတို့က ယူချင်တာပေါ့ကွ၊ ငါရော၊ မင်းနိုင်နဲ့ အောင်အောင်ပါ ရီးစားရှိကြတယ်၊ မယူတာက မင်းလို စီးပွားရေး မကောင်းလို့ မယူနိုင်တာနဲ့ မယူတာ"

"ယူလိုက်တော့လည်း ဒီလိုပဲ ဖြစ်သွားကြတာပဲ မဟုတ်လား ဆန်းလွင်"

"မင်းလို အဖက်ဖက်က အဆင်ပြေနေသူ ယူတာက



www.burmeseclassic.com

www.burmeseclassic.com



ပိုပြီး မကောင်းဖူးလား မြင့်မြတ်"

သူက တေးတွေကို ဘာမှ ပြန်ပြောမနေတော့ဘဲ အညာသားကလေး ငြိမ်းချမ်းယူလာသော ပဲကြီးလှော်ပုလင်းကိုဖွင့်ကာ ပဲတစ်ဆုတ်နှိုက်လိုက်၏။ ပြီးလျှင် ... ဘာရယ်မဟုတ် ပဲကြီးလှော်တွေကို နမ်းကြည့်သည်။

"မင်းကွာ၊ ပဲကြီးလှော်သွားနမ်းလို့ ဘာအနံ့ရမှာလဲ၊ ရိုးစားကိုနမ်းမှ မွှေးတာကွ"

မင်းနိုင်က ပြောသည်။ ပြည်စိုးဦးက ...

"အဲဒါ ဒီကောင့်အကျင့်ပဲ မင်းနိုင်၊ ဘာဝယ်ဝယ်၊ ဘာစားစား၊ ဘယ်သူကျွေးကျွေး အကုန်နမ်းကြည့်ပြီးမှ စားတာ"

"အွန် ... အဆန်းပါလား၊ ဘာစတိုင်လဲ"

"ဘာစတိုင်မှ မဟုတ်ဖူး၊ သူ့အကျင့်"

"ဟင်၊ နမ်းတတ်တဲ့ အကျင့်ကောင်းကြီးပေါ့လေ"

"အဲသလို အနမ်းကောင်းတဲ့အကျင့်ကြီးကြောင့် ကျောင်းတုန်းကလည်း ကောင်မလေးတွေရဲ့ မျက်စောင်းဒဏ် ခဏခဏ ခံရတယ်၊ နောက်လည်း ဘယ်တော့ ပြဿနာတက်ဦးမလဲ မသိဘူး၊ ငါတော့ ရင်လေးတယ်"

"မင်းပြောသလောက်ကြီးလည်း မဆိုးသေးပါဘူး ပြည်စိုးဦးရာ၊ မင်းက တကယ့်အိုဗာပဲ"

သူက အောင့်သည်းအောင့်သက်ဖြင့် ဒါပဲ ပြောနိုင်သည်။ ခက်တာက သူ့အကျင့်ကြီးကို သူလည်း ခုထိ မပြင်နိုင်။ ဆိုးလာလှသော ထိုအကျင့်ကြီးမှာ သူ့ကို ဟိုစဉ်ကတည်းက အိုးနင်းခွက်နင်း ဖြစ်စေခဲ့တာတော့ အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com


စားစရာ သောက်စရာကို ဈေးသည်ရှေ့ နမ်းကြည့်မိ၍ အဆဲခံရဖူးသည်။ ကျောင်းမှာတုန်းက ကျောင်းသူတွေရှေ့ မုန့်ဖက်ထုတ်ကို နမ်းကြည့်စဉ် ...

"အောင်မာ၊ ဒါ တို့ကို ဖက်နမ်းချင်တယ်လို့ အထာပြနေတာ ... ရုပ်ကလေးက သနားကမားနဲ့ ... နဘူး၊ ဟွန်း"

"အေးလေ"

ထိုသို့လည်း မညှာမတာ အထင်လွဲခံရဖူးသည်။

"ဒီမှာ မြင့်မြတ်"

"ဘာလဲ"

"မင်း၊ အဲသလိုတွေ လျှောက်နမ်းနေမယ့်အစား ရိုးစားလေးတစ်ယောက်လောက်ထားပြီး နမ်းကြည့်ကွာ၊ အဲဒါ ... ပိုပြီး အရသာရှိတယ်"

"အေး"

မင်းနိုင်စကားကို သူက ခပ်သွက်သွက်ကြီး ခေါင်းညိတ်အဖြေပေးလိုက်မိလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂)

"ဒါပဲလားဦးမျိုး၊ နောက် ... ဘာလိုသေးလဲ"

"ဟဲ ဟဲ ဟဲ၊ ခုတော့ ... ဒါပဲ မစော၊ ကျန်တာတွေက အိမ်မှာ ရှိသေးတယ်၊ ဟား ဟား"

သူစောက ဦးမျိုးခန့် ဝယ်ထားသော ပစ္စည်းတွေကို စားပွဲပေါ် စုပုံရင်းမေးသည်။ ဒါကို ဝင်းအိစိုက တစ်ခုချင်း စာရင်းသွင်း၍ ဘောက်ချာဖြတ်ပေးသည်။

"အားလုံး ဆယ့်နှစ်မျိုး၊ စုစုပေါင်းကျသင့်ငွေက တစ်သောင်းရှစ်ရာ ကျပါတယ်ရှင်"

"ဟဲ ဟဲ၊ ဒီမှာ တစ်သောင်းတစ်ထောင် ... ပိုတဲ့နှစ်ရာ ပြန်မအမ်းဘဲ စက္ကူလိတ်တစ်လိတ်ထည့်ပေးလိုက်ပါ၊ ဟဲ ဟဲ"

"ဟုတ်ကဲ့ရှင်"



www.burmeseclassic.com

www.burmeseclassic.com


ဝင်းအိစိုက ကောင်တာဘေးအိတ်ကြီးထဲမှ စက္ကူလိပ်တစ်လိပ်နှိုက်ယူကာ ကျွတ်ကျွတ်အိတ်ထဲတည့်၍ စောစောကပစ္စည်းတွေနှင့် ပေါင်းထည့်ပေးလိုက်သည်။ ထို့နောက် ... စကားတစ်ခွန်းပြောတိုင်း ရယ်နေတတ်သောလူကြီးကို မသိမသာ မော့ကြည့်လိုက်သည်။ လူပုံစံက အရပ်မြင့်မား၍ အသားဖြူပြီးခန့်ခန့် ချောချောကြီး ဖြစ်သည်။

"မြင့်မြတ်တစ်ယောက် ဒီဘက်ကို ပေါ်မလာတာကြာပြီ၊ သူ, ဘာတွေလုပ်နေလဲ ဦးမျိုး"

"ဟဲ ဟဲ၊ အင်္ဂလိပ်ဝတ္ထုကြီးတစ်ပုဒ်ကို သဲသဲမဲမဲဖတ်နေလေရဲ့ မဓာရေ ဟဲ ဟဲ၊ ထမင်းစားဖို့တောင် မနည်းခေါ်ကျွေးနေရတယ်၊ ဘာသာပြန်မလို့တဲ့"

"ဩော်၊ ဒါကြောင့် ... ပျောက်ချက်သားကောင်းနေပါတယ် အောက်မေ့တာ၊ မဓာတို့ဆိုင်ဖက်ကို အညောင်းပြေ၊ အညာ ပြေလေး လမ်းလျှောက်ထွက်ခဲ့ပါဦးလို့ ပြောပေးနော် ဦးမျိုး"

"ဟား ဟား ဟား၊ ကောင်းပါပြီဗျာ၊ ပြောလိုက်ပါ့မယ်၊ ဟား ဟား၊ ဟဲ ... ဦးမျိုး သွားလိုက်ဦးမယ် မဓာရေ ဟဲ ဟဲ"

"ဟုတ်ကဲ့ ဦးမျိုး"

အထုပ်တွေဆွဲ၍ ထွက်သွားသော ဦးမျိုးခန့်နောက်ကျောကို သူဓာရော၊ ဝင်းအိစိုပါ လိုက်လံငေးမောကြည့်နေမိကြသည်။ ပြီးမှ ... မနေနိုင်သော ဝင်းအိစိုက ...

"ဟဲ့ မိဓာ၊ လူကြီးက ချောလိုက်တာနော်၊ ဒါပေမယ့် စကားတစ်ခွန်းပြောတိုင်း တဟဲဟဲ၊ တဟားဟားနဲ့ ရယ်ချည်းပဲ


www.burmeseclassic.com

www.burmeseclassic.com



နေတာကတော့ တစ်မျိုးပဲ"

"ဟင်း ဟင်း ဟင်း ဟင်း၊ အဲဒါ ... နင်တို့လို အကြောင်း မသိတဲ့လူတွေအတွက် ထူးဆန်းတာပေါ့ဟာ၊ သူ့အကျင့်ကိုက အဲသလိုပဲ"

"ဟင်၊ ဘယ်လို အကျင့်ကြီးလဲဟ"

"ဒါလည်း ဆိုက်ကိုတစ်မျိုးနေမှာပေါ့၊ သူက မိန်းကလေး တွေရှေ့၊ ဒါမှမဟုတ် မိန်းကလေးတွေနဲ့စကားပြောရင် အလကား နေရင်း အဲသလို ခဏခဏ ရယ်နေတာပဲဟ"

"အယ် ... အဆန်းပါလား"

"အံမယ် ... ဦးမျိုးတင်မကဘူး၊ သူ့သား မြင့်မြတ်က လည်း ထူးဆန်းတာပဲ"

"ဟုတ်လား၊ ဘယ်လို ထူးဆန်းတာလဲ၊ လုပ်စမ်းပါဦး၊ စိတ်ဝင်စားစရာတော့ အကောင်းသား"

"သူ့သား မြင့်မြတ်ကကျတော့ ဘာကိုပဲဖြစ်ဖြစ် နမ်း ကြည့်တတ်တဲ့အကျင့် ရှိတယ်"

"ဟယ်တော်"

"ဘာမှ နမ်းစရာမရှိရင် သူ့လက်သူ နမ်းနေတတ်တာ"

"ဗုဒ္ဓေါ"

"အခု ... ဒီဆိုင်ကို နင်ရောက်ပြီးမှ အဲဒီကောင်နဲ့တစ် ခါမှ ပေါ်မလာသေးဘူး၊ သူ့ လာရင် နင်နဲ့ မိတ်ဆက်ပေးမလို့"

"ဟယ် တော်ပါ၊ တော်ကြာ ငါ့ကို နမ်းကြည့်နေပါဦးမယ် ခစ် ခစ်"



www.burmeseclassic.com

www.burmeseclassic.com


"ဟင်း ဟင်း၊ ဒါတော့ ... နင်၊ စိတ်မပူနဲ့ဝင်းအိ၊ ဘာဖြစ်လို့လဲဆိုတော့ ... မြင့်မြတ်က လူမိန်းမကို နမ်းရတဲ့အရသာ သူ့ မသိသေးဘူး၊ ဒီတော့ ... သူက လူကို မနမ်းတတ်ဖူးဟ"

"အံမယ်၊ သင်ပေးရဦးမလို ဖြစ်နေပြီ"

"စာဂျပိုးဟ၊ ငါတို့ ငယ်ငယ်ကတည်းက ဘိုးစဉ်ဘောင် ဆက် တစ်ရပ်ကွက်တည်း နေလာကြတဲ့သူတွေ၊ တက္ကသိုလ်တက် တော့ မတူကြတော့ဘူး၊ သူက နည်းပညာတက္ကသိုလ်၊ ငါတို့က ရိုးရိုးဝိဇ္ဇာသိပ္ပံ"

"သြော် သြော်၊ ဒါကြောင့် ... ကျောင်းမှာတုန်းက ငါတို့ မတွေ့ဖူးတာကိုး"

"အေး ဟုတ်တယ်"

"နင်၊ အဲဒီတစ်ယောက်အကြောင်း ပြောသံမကြားဖူးပါ ဘူး မိဇာ"

"အကြောင်းတိုက်ဆိုင်ရင် ပြောပါတယ်၊ နင်၊ သတိ မထားမိလို့နေမှာပါ"

"သြော် သတိရပြီ၊ ရေသန့်အိမ်"

"အင်း၊ ဟုတ်တယ်၊ သူတို့က အဖေတစ်ခုသားတစ်ခုဟ၊ မြင့်မြတ်အမေက ဆုံးသွားတာ ဆယ့်ငါးနှစ်လောက်ရှိပြီ၊ အဲဒီ အချိန် ဦးမျိုးက ၃၃ နှစ်လောက်ရှိသေးတော့၊ ငယ်ငယ်နဲ့မုဆိုးဖို ဖြစ်တာပေါ့၊ ခုထိ နောက်အိမ်ထောင်မပြုတာ၊ သူ့သားကိုပဲ ငဲ့ညှာလို့လား၊ ဘာလဲတော့ မသိဘူး"

နေ့ခင်း ဈေးဝယ်ပါးချိန်မို့ ထိုသို့ တစ်ယောက်နှင့် တစ်ယောက် စကားအပြန်အလှန်ပြောနေနိုင်ခြင်းဖြစ်သည်။ မနက်


www.burmeseclassic.com

www.burmeseclassic.com


ဆယ်နာရီဝန်းကျင်နှင့် ကျနေလေးငါးနာရီနောက်ပိုင်းအချိန်များတွင် ဈေးဝယ်ကျတတ်၍ စကားပြောဖို့နေနေသာသာယားလို့ပင် မကုတ်အားပါ။

မြမာလာ မီနီမားကက်အသေးစားလေးသည် အမှတ် (၃) တစ်ရပ်ကွက်လုံး အားထားနေရသော ဆိုင်ဖြစ်သည်။ ထို့ကြောင့် ကျောင်းပြီးစ အလုပ်ရှာနေသော ဝင်းအိစိုမှာ သူဇာတို့ ဆိုင်ကောင်တာတွင် လူလိုနေချိန်နှင့် အဆင်ပြေသွားသည်။

သူဇာတို့ အိမ်က ငွေကြေးပြည့်စုံကြွယ်ဝသလောက် ဝင်းအိစိုဘဝက ဆင်းရဲချို့တဲ့သည်။

"မိဇာရေ၊ ဖိုးခွားကို မတွေ့ဖူးလား၊ အိမ်မှာ သောက်ရေကုန်နေပြီ"

သူဇာ့အောက်ညီမ မြသီတာက ဆိုင်ထဲလှမ်းဝင်လာရင်းပြောသည်။

"ခု ... ထမင်းစားချိန်ပဲရောက်နေပြီ၊ နားရောပေါ့၊ ခုပဲ ဦးမျိုးပြန်သွားတာ ... ဒီလိုမှန်းသိ မှာလိုက်ပါတယ်၊ ထမင်းစားပြီးလာပို့ဖို့ ဖုန်းဆက်မှာလိုက်လေ"

"ဝင်းအိ မှာပေးမယ် မတာ"

ဝင်းအိစိုက အလိုက်တသိပင် ဝင်ပြောသည်။ သူမက ဝန်ထမ်းတစ်ယောက်မဟုတ်လား။ လုပ်ငန်းနှင့်မဆိုင်သော်လည်း သူငယ်ချင်းအိမ်မို့ ဘာမှ ထည့်တွက်မနေပါ။ သူဇာတို့တစ်အိမ်လုံးက သူမအပေါ် ကောင်းကြသည်။

သီတာက "ကျေးဇူးပဲ မဝင်းအိ" ဟုဆိုကာ အိမ်ပေါ်ပြန်တက်သွားသည်။ ဝင်းအိစိုက ဖုန်းဆက်ဖို့ လက်လှမ်းဥ ...


www.burmeseclassic.com

www.burmeseclassic.com


"ဟဲ့ နေဦး ဝင်းအိ၊ မမှာနဲ့တော့ ဟိုမှာ ဖိုးခွားလာနေပြီ"

ဝင်းအိစိုက လက်ကို ဖုန်းဂဏန်းတွေပေါ်မှ ပြန်ရုတ်လိုက်ရင်း ဆိုင်ရှေ့သို့ လှမ်းကြည့်သည်။ သူမ ကြည့်နေစဉ်မှာပင် အပြုံးချိုချိုနှင့်လူငယ်တစ်ယောက် ဆိုင်ထဲ ဝင်လာသည်။ သူ့ဇာက

"နင်, ရောက်လာတာ အတော်ပဲ ဖိုးခွား၊ ငါတို့ အခုပဲ ရေမှာတော့မလို့ ... နင်, ထမင်းစားနားတာမဟုတ်လား"

"ဟုတ်တယ် အစ်မ"

"အခု ... ဘာလာဝယ်တာလဲ"

"အစ်ကိုလေးမြင့်မြတ်က လက်ဖက်သုပ် ချဉ်ငန်စပ်စားချင်တယ်ဆိုလို့ ..."

"အောင်မလေးတော်၊ တောင့်တောင့်တတနဲ့ ... ငါ့ကို တစ်ခါတည်းသုပ်ပေးလိုက်ဖို့ရော မမှာဘူးလား"

"အဟဲ၊ အစ်ကိုလေးက မမှာလည်း အစ်မသုပ်ပေးလိုက်ရင်တော့ အကောင်းဆုံးပေါ့ဗျာ၊ မဟုတ်လို့ ကျွန်တော်သုပ်ပေးရင် ကိုးဆယ့်ခြောက်ခါလောက် ပြင်ပေးနေရတာဗျ၊ အဲဒါကို ကျွန်တော် စိတ်အညစ်ဆုံးပဲ"

"ကဲပါ၊ ညည်းမနေပါနဲ့ကိုယ်တော်ရယ်၊ ငါ, မြန်မြန်သုပ်ပေးလိုက်ပါ့မယ်၊ နင်, ဒီမှာ ဈေးကူရောင်းနေဦး"

"ဟုတ်ကဲ့ အစ်မ"

ထိုအချိန်မှာပင် မြသူဇာ့ညီမအငယ်ဆုံး မြနန္ဒာဆိုင်ထဲ ဝင်လာပြန်သည်။ မြနန္ဒာက ဖိုးခွားကိုမြင်လျှင် ...

"ဟဲ့ ဖိုးခွား၊ နင်တို့အိမ်က တစ်ခါတလေ အလန့်တကြားနဲ့ အော်သံအကျယ်ကြီးကြားကြားနေရတာ ... ဘာဖြစ်ကြတာလဲ"


www.burmeseclassic.com

www.burmeseclassic.com


မြန်မာ့စကားဆုံးသောအခါ ဖိုးခွားမျက်နှာပြင်သည် ဇရဲ သီးခြမ်းကြီးလို ရဲတွတ်သွားလေ၏။ ဤနှစ်အိမ်မှာ လမ်းတစ်လမ်း စီကို မျက်နှာမူထားသော နောက်ကျောချင်းကပ်အိမ်တွေဖြစ်သည်။ ထို့ကြောင့် ... မီးဖိုဆောင်ချင်းနီး၍ စကားသံကျယ်လျှင်တောင် အကုန်ကြားရသည်။ တစ်ခုခုအကြောင်းရှိလျှင် မီးဖိုဆောင်ပြတင်းမှ လှမ်းအော်၍ ရသည်။

သူဇာက မြင့်မြတ်ကို မတွေ့တာကြာလျှင် မီးဖိုချောင်သွား၍ လှမ်းအော်တတ်သည်။ ယခုတလော မြင့်မြတ်ကို မီးဖိုချောင်မှာလည်း မတွေ့ရပေ။

"ဟဲ့ ... ငါမေးတာ မဖြေဘဲ ဘာဖြစ်နေတာလဲ ဖိုးခွား၊ နင် မဖြေလည်း နောက်မှ ငါ ကိုမြင့်မြတ်ကို မေးကြည့်မယ်"

မြင့်မြတ်ကို မေးမည်ဆိုသောကြောင့် ဖိုးခွားပုံစံက စိတ်အေးသွားပုံရသည်။ မြင့်မြတ်သည် ဖိုးခွားအခက်တွေ့အောင် မေးသမျှ ဖြေမည့်သူမဟုတ်ပါ။ အိမ်က တခြားကောင်တွေဆိုလျှင် တစ်စိပ်ကိုတစ်အိတ်လုပ်၍ ပိုပိုသာသာဖြေနိုင်သေးသည်။

ဒါလည်း သိပ်တော့မပူပါ။ ဒီဆိုင်က အပျိုမတွေက ခုထိ တော့ မြင့်မြတ်ကလွဲလျှင် တခြားကောင်တွေကို ရောနှောခြင်း ရှိသည်မဟုတ်။

"ကျွန်တော် ခုချက်ချင်း ရေလာပို့ပေးပါ့မယ်"

လက်ဖက်သုပ်ပန်းကန်ကိုယူ၍ ဖိုးခွားတစ်ယောက် သုတ်ခြေတင် ပြေးလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

ရက်ရှည်ရှည် ထိပ်တုံးခတ်ခံထားရသူ လွတ်မြောက်လာသလို သူ့တစ်ကိုယ်လုံး ညောင်းချိကိုက်ခဲနေသည်။ စိတ်ရော၊ ကိုယ်ပါ Relax ဖြစ်စေရန် သူ အိမ်ပြင်သို့ ထွက်လာခဲ့သည်။ လမ်းပေါ်ရောက်လာသော်လည်း ဘယ်သွားရမှန်း မသိသေးပေ။ ယခုတစ်ခေါက် ဘာသာပြန်ပြီးသွားသောစာအုပ်အတွက် သူ တော်တော်လေး အားရကျေနပ်မိသည်။ ထို့ကြောင့်... အလျဉ်းသင့်သောအချိန် ပုံနှိပ်ထုတ်ဝေဖို့ စိတ်ကူးထားသည်။

"ကိုကြီးမြင့်မြတ်၊ ဘယ်လဲဗျ၊ ကား မပါဘူးလား"

နှုတ်ဆက်သံကြား၍ သူ လှည့်ကြည့်လိုက်တော့ လမ်းထိပ်က သူ့သူငယ်ချင်း ခင်မောင်လတ်၏ညီလေး ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဝေး၊ မောင်ငယ်ပါလား၊ စီးတော်ယာဉ်မော်တော်ကားက မွေးသဖခင်ယူသွားတယ်၊ မင်းကရော ဘယ်လဲ၊ ကျောင်းမသွားဖူးလား"

"ဟာ ကိုကြီးမြင့်မြတ်ကလည်း၊ ကျွန်တော် ဆယ်တန်းအောင်တယ်လေ၊ တက္ကသိုလ်တက်ဖို့ စောင့်နေတာဗျ"

"အာ ... ဟုတ်ပေသားပဲ၊ မေ့လို့ မေ့လို့၊ ဒါနဲ့ ... မင်း အစ်ကို ခင်မောင်လတ်ကော အလုပ်သွားပြီလား"

"အစ်ကိုလတ်ကတော့ ပြောမနေနဲ့ ... မိုးမလင်းခင်ကတည်းက အလုပ်သွားပြီ၊ မိုးချုပ်မှ အိမ်ပြန်လာတာဗျ"

"အေးကွာ၊ ဒါကြောင့် ... သူနဲ့ကို မတွေ့ရတာ ကြာပြီ၊ မင်းအစ်ကိုကို ပြောလိုက်ဦး၊ အိမ်စောစောပြန်ရောက်တဲ့နေ့ ငါ့ဆီလာခဲ့ဦးလို့ ..."

သူ၊ ထိုသို့မှာပြီး ရှေ့ဆက် လျှောက်လာခဲ့သည်။

"သဘော်သီးစိပ်ချိုချိုအေးအေးလေး အားပေးသွားပါဦးလား ငါ့တူ"

ထိုသို့ ပြောလာသူမှာ ဈေးဘန်းခေါင်းပေါ်ရွက်၍ သဘော်သီးစိပ်ရောင်းသော အဒေါ်ကြီးတစ်ယောက် ဖြစ်သည်။ အရွယ်က သူ့ဖခင် ဦးမျိုးခန့်တို့အရွယ်။ ဤသို့ သူ့ဖခင်အရွယ်၊ မိခင်အရွယ်တွေ နေပူစပ်ခါးခြေတိုအောင်ဈေး လျှောက်လည်ရောင်းနေရသောသူတွေဆို သူ၊ အလွန်သနားသည်။ သူ့အတွက် လေးငါးရာဖိုးဝယ်လိုက်လည်း ဘာမှမဖြစ်ပါ။

ထို့ကြောင့် ... ဝယ်ယူအားပေးဖို့တွေးပြီး သူ၊ ခေါင်းညိတ်ပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"တစ်စိပ် ဘယ်လောက်လဲ ဒေါ်ကြီး"

"တစ်စိပ်နှစ်ရာ၊ ငါးရာဖိုး သုံးစိပ်ယူ"

အဒေါ်ကြီးက ပြောပြောဆိုဆို ခေါင်းပေါ်ကဘန်းကို လမ်းဘေးအုတ်ခုံပေါ်သို့ ချလိုက်သည်။ ထို့နောက် ... သဘော်သီးစိပ်တွေအုပ်ထားသော ဇာပဝါကို အသာလှပ်သည်။ သူက ခပ်ဝဝ သဘော်သီးစိပ်တစ်စိပ်ကိုကောက်ယူပြီး အကျင့်အတိုင်း နှာဝတော့၍ နမ်းကြည့်လိုက်မိသည်။ ဒါကိုမြင်သော အဒေါ်ကြီးက ...

"အလိုတော် ... သဘော်သီး နမ်းကြည့်ရအောင် ကျုပ်က အပုပ်တွေ ခွဲရောင်းနေတာ မဟုတ်ဖူး၊ သဘော်သီးစိပ်နမ်းကြည့်ရတယ်လို့ ... ကြားဖူးပေါင်တော် ... ဟင်း ... ပိုက်ဆံလေး နှစ်ရာနဲ့"

ကိုယ်က သနား၍ အားပေးမိပါသည်။ အဒေါ်ကြီးက နှုတ် သီးကောင်းလျှာပါး တရစပ် ရန်တွေ့နေ၏။ သူ့တွင်ရှိသော စေတနာသဒ္ဓါတရားစိတ်ကလေး ပျောက်သွားသည်။

"အဒေါ်သဘော်သီး နှာခေါင်းနဲ့ ထိတာလည်းမဟုတ်ဖူး၊ ပုပ်တယ်ထင်လို့ နမ်းကြည့်တာလည်း မဟုတ်ဖူး၊ ဒီအတိုင်း ဘာ ရယ်မဟုတ်နမ်းကြည့်တာ ... ဘာဖြစ်သွားမှာမို့လဲ၊ ကျွန်တော်က စားချင်လို့မဟုတ်ဖူးဗျ၊ အဒေါ်က အားပေးပါဦးဆိုလို့ ငါးရာဖိုး အားပေးမလို့ဟာ ... ခုတော့ ... ဟင်း ... တော်ပြီ၊ မဝယ်တော့ဘူး"

"အောင်မယ်၊ မဝယ်ချင်နေ၊ မင်း, မဝယ်လည်း တခြားသူ ဝယ်စားလိမ့်မယ်၊ ဟွန့် ... ငါက ငတ်လို့ ဈေးရောင်းစားတာ မဟုတ်ဖူးဟေ့ သိရဲ့လား၊ ဝါသနာပါလို့ အပျင်းပြေရောင်းနေတာ"

www.burmeseclassic.com

www.burmeseclassic.com



ဩော် ... အဒေါ်ကြီးဝါသနာက တစ်မျိုးပါလားဟု သူ တွေးမိသည်။

"ရုပ်ရည်ကလေး သနားကမားနဲ့ ... ယောကျ်ားလေးဖြစ်ပြီး နှုတ်သီးကောင်းလျှာပါး စွာလိုက်တာ လွှန်ရော"

အဒေါ်ကြီးက သူ့ဘန်းသူ ကောက်ရွက်၍ ပွစိပွစိပြောကာ ထွက်သွားသည်။ ငတ်လို့ရောင်းတာမဟုတ်ဖူးဆိုတော့လည်း မာနိုင်ပေမပေါ့ ...။

ဩော် ... ဒုက္ခ၊ ဒုက္ခ၊ အိုဒုက္ခ။

သူသည် ကိုယ့်သောကနှင့်ကိုယ် ဘာမှမတတ်နိုင်ဘဲ ဆက် လျှောက်လာခဲ့သည်။ သူ့အိတ်ထဲမှငွေက အပြင်မထွက်ချင်တာပဲ ဖြစ်မည်။

အင်း ... ယခုမထွက်ချင်သေးသော်လည်း သူဇာတို့ဆိုင်ရောက်၍ မကြာခင် ထွက်ပေတော့မည်။ ဟိုတစ်နေ့က သူ့ဖခင် ဝယ်လာသောပစ္စည်းများထဲ၌ သူလိုအပ်နေသောပစ္စည်းတချို့ ပါမလာပေ။ မီးဖိုချောင်အတွက် ဝယ်စရာတွေလည်း ရှိသေးသည်။

ထို့အပြင် ... သူ ပေါ်မလာတာကြာလျှင် သူငယ်ချင်းဖြစ်သူ သူဇာက ဖျစ်တောက် ဖျစ်တောက် လုပ်ဦးမည်။

သူသည် ဖျင်းဖျင်းရိရိလျှောက်လာရင်း စောစောကအဖြစ်ကိုသာ မိဇာကို ပြောပြပါက ရယ်ရင်း ဆဲမှာသေချာသည်။ သူ တွေးရင်း ပြုံးစိစိဖြင့် သူဇာတို့ မြမာလာ Mini Market လေးထဲ လှမ်းဝင်လိုက်သည်။ အေးမြသော Air-con အရသာက သူ့ကို အေးမြမြပဲ ကြိုဆိုပါသည်။

"အဟမ်း"



www.burmeseclassic.com

www.burmeseclassic.com


သူက ချောင်းဆိုးချင်၍မဟုတ်ဘဲ သူ့ဇာ့ကိုစနောက်ချင်၍ ဆိုင်ထဲလှမ်းဝင်ရင်း 'အဟမ်း'ကို အသံခပ်ကျယ်ကျယ်လုပ်ဆိုးလိုက်သည်။

ထိုအချိန်တွင် ကောင်တာ၍ ကုန်ပစ္စည်းဈေးနှုန်းများကို ပစ္စည်းနှင့်တွဲကာ အလုပ်ရှုပ်နေသော ဝင်းအိစိုမှာ ရုတ်တရက် ကျယ်လောင်သော ချောင်းဟန့်သံကြောင့် တုန်ခနဲလန့်သွားရလေသည်။ ပြီးမှ ...

"ဘာ ... ဘာအလိုရှိပါသလဲရှင်"

ဆိုင်၏တစ်ဖက်ခြမ်းကိုသွားလျှင် တခြားအရောင်းစာရေးမလေးတွေရှိသော်လည်း ဒီဘက်ခြမ်း ကောင်တာ၌ ဝင်းအိစိုတစ်ယောက်သာ ရှိသည်။ သူ့ဇာက အိမ်မကြီးဘက် ခဏဆိုကာဝင်သွား၍ ဈေးဝယ်သူလာလျှင် ဝင်းအိစိုက ကြိုဆိုနေရသည်။

"အဲ ... ဟို ... ဟို"

သူ ဖင်ကုပ်ရမလို၊ ခေါင်းကုပ်ရမလို ဖြစ်သွားသည်။ သူ့ရှေ့ပေါ်လာသူက ထင်ထားသလို သူ့ဇာမဟုတ်ဘဲ ဝိုင်းဝိုင်းစက်စက်မျက်လုံးများနှင့် တုန်တုန်ယင်ယင်ဆိုလာသော မိန်းမချောလေးတစ်ယောက် ဖြစ်နေသည်။ ထို့ကြောင့် ... သူ ရှက်သလို ဖြစ်သွားရသည်။

"ဟို ... စီးကရက်တစ်ဘူးလောက်"

သူက ပါးစပ်ထဲတွေ့ရာ ပြောလိုက်၏။

"ဘာတံဆိပ်လဲ"

"အဲ ... ဘာတံဆိပ်ဖြစ်ဖြစ်ရတယ်၊ မီးခိုးထွက်ရင် ပြီးတာပဲ၊ အဟဲ"


www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ဟို ဒီလိုပါ၊ ကိုယ်က စီးကရက်ကို တံဆိပ်မရွေးဘူး၊ တွေ့ရာကြုံရာ အကုန်သောက်တာကို ပြောတာပါ"

သူ့အဖြေက တော်တော်ပင် ကြောင်တောင်တောင်နိုင်သွားမှာ သေချာသည်။ သို့သော် ... မတတ်နိုင်။ ပြောပြီးသွားပြီ။

ဝင်းအိစိုက မျက်စိရှေ့ လက်လှမ်းမီရာ စီးကရက်တစ်ဘူးကို ယူပေးလိုက်သည်။ ပြီးနောက် ...

"နောက်ထပ် ဘာလိုသေးလဲရှင့်"

နောက်ထပ် ဘာလိုသေးသလဲတဲ့ ...။ အင်း ... သူ့တွင် ဘာမှ ဝယ်ဖို့စိတ်ကူးမရှိပါ။ သို့သော် ... မေးလာတော့လည်း မယူဘဲမနေနိုင်၍ စီးကရက်စင်ဘေးမှ ချိတ်ဆွဲထားသော အထုပ်ပလုတ်များထဲမှတစ်ခုကို လက်ညှိုးထိုးပြလိုက်သည်။ တစ်ဆက်တည်း လက်ထဲက စီးကရက်ဘူးကို နမ်းလိုက်မိသည်။

ဝင်းအိစိုက သူ့ကို မျက်လုံးစွေကြည့်ရင်း ...

"ဒါလား"

"အင်း"

"ဘာလချောင်ကြော်၊ အရမ်းစပ်တယ်နော်"

"ရတယ်၊ ကိုယ်က အစပ်ကြိုက်တယ်"

ပြောပြီး သူက လက်ထဲရောက်လာသော ဘာလချောင်ကြော်ထုပ်ကို နမ်းကြည့်လိုက်ပြန်သည်။

"ဟပ် ... ဟပ်ချိုး"

အနမ်းကောင်း၍ သူ့ ရပ်ပျက်ဆင်းပျက် နှာချေသွားသည်။ ဝင်းအိစိုက ...

www.burmeseclassic.com



"ရှင်ကလည်း လျှောက်နမ်းကြည့်နေတော့တာပဲ၊ ဒါ, ဒီမနက်မှတင်ထားတာ ... လတ်ဆတ်ပါတယ်၊ မှိုတက်၊ ရက်လွန်အောင် ဒီဆိုင်က မထားပါဘူး"

"အဲ ..."

သူ, ဘာပြန်ပြောရမှန်းမသိဘဲ ခပ်အမ်းအမ်း ဖြစ်သွားသည်။ သူ, မရောက်ဖြစ်သော သုံးလေးရက်အတွင်း သူဇာတို့ဆိုင်တွင် ဝန်ထမ်းအသစ်ထပ်ခန့်ထားပုံရသည်။ အဘယ့်ကြောင့်ဆိုသော် ဤဆိုင်တွင် သူမကို တစ်ခါမှ မမြင်ဘူးပါ။ ညီအစ်မဝမ်းကွဲတွေ၊ ဘာတွေလည်း ဖြစ်နိုင်သည်ပဲ။ ပြီးမှ သူဇာ့ကို မေးရဦးမည်။

"ဒါပဲလား၊ နောက်ထပ် ဘာယူဦးမလဲ"

ထပ်မေးနေပြန်ပြီ။ ဘာမှ မယူတော့ဘူးပြောပြီး လှည့်ပြန်ဖို့အတွက် စိတ်က အလိုလို အားနာနေသည်။ ဘာထပ်ယူရလျှင် ကောင်းမည်နည်း။

"ဟဲ့ မြင့်မြတ်၊ အံမလေးနော်၊ နင့်နှယ် ... ပေါ်တော်မူ လာသေးတယ်"

သူဇာ့အသံကစာစာ၊ လူက ကော့လတ်ကော့လတ်ဖြင့် သူ့အနား ရောက်လာသည်။ သူက ...

"အေး၊ ပေါ်တော်မူမလာဆို၊ ငါက ပါတော်မူသွားလို့လား၊ ငါပေါ်မလာလည်း နင်လာခဲ့ပေါ့ မိဇာရဲ့"

"အွန် ... ငါက ဘာလို့လာရမှာလဲ၊ နင်တို့အိမ်က ယောကျ်ားလေးချည်းပဲဟာ"

"အောင်မာ၊ ကြီးကျယ်လို့ ... နင်, နပ်ချေးတွဲတောင်း အရွယ်ကတည်းက ငါတို့အိမ်မှာ တစ်ချိန်လုံးလာနေပြီးတော့များ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... အဲဒါက ငယ်သေးတယ်ဟဲ့"

"အခု ... ကြီးပြီပေါ့"

"ကောင်စုတ်"

"ခစ်"

သူနှင့် သူ့ဇာ့ကိုကြည့်ပြီး သူမက ရယ်သည်။

"နင်က ဒီရက်ပိုင်းမှ ပေါ်မလာလို့ မြင့်မြတ်ရဲ့ ... ငါက နင့်ကို ငါ့သူငယ်ချင်းနဲ့ မိတ်ဆက်ပေးမလို့ ..."

သူ့ မေးစရာမလိုတော့ပါ။ သူ့ဇာက သူ့ မမေးရသေးခင် သူမနှင့် မိတ်ဆက်ပေးနေပြီ။

"ဒီမှာ ... ဒါ, ဝင်းအိစိုတဲ့၊ ငါ့ရဲ့ အချစ်ဆုံး၊ အခင်ဆုံး သူငယ်ချင်းပဲ၊ မလှဖူးလားဟင်"

သူ့ ဘာပြန်ပြောရမည်နည်း။ အခွက်ပြောင်ကြီးနှင့် "အေး၊ လှသားပဲဟ"ဟု ပြန်ပြောရမည်လား။

"မိဇာနော်၊ ဘာမှန်းမသိဘူး"

သူ့ ဘာမှပြန်မပြောရသေးခင် သူမက ရှက်စနိုးဝင်ပြော သည်။ သူ့ဇာက ...

"အကောင်းပြောမလို့ပါ၊ ဒါ, ငါပြောပြောနေတဲ့ မြင့်မြတ် လေ၊ အနမ်းဝါသနာအိုး၊ ဒါမှမဟုတ် အနမ်းသရဲ"

"ခစ်"

"ဟာ မိဇာကလည်း၊ နင်, ဘာတွေလျှောက်ပြောနေတာ လဲ၊ ငါ, နောက်မလာဘဲနေလိုက်မယ်"

"ဘာဥ၊ နင်ကလေ၊ အဟုတ် ဟား ဟား၊ အဲသလိုသာဆို ကောင်းလိုက်တာ၊ လက်ဖက်လေးသုပ်ပေးပါဦး၊ တော်ကြာ ချဉ်



www.burmeseclassic.com

www.burmeseclassic.com



ပေါင်လေးကြော်ပေးပါဦး၊ ငပိချက်လေးစားချင်လိုက်တာတို့ ... အဲဒါတွေ နားအေးပြီး လုပ်ပေးရသက်သာသွားတာပေါ့လေ"

"မိစာရာ၊ ဒါလေးလုပ်ပေးရတာ စေတနာမရှိဖူးလား၊ ငါလည်း နင့်ကို နင်စားချင်တာမှန်သမျှ ဘယ်လောက်ဝေးဝေး သွားဝယ်ပေးတာပဲ"

"အေးပါ၊ အေးပါ၊ နင်က ယောကျ်ားလေးဖြစ်ပြီး အထ အနကောက်တွက်ကပ်လိုက်တာလည်း လွန်ရောပဲ၊ ငါက ငါ့ရဲ့ အချစ်ဆုံးသူငယ်ချင်းနဲ့ တကယ့်ကို မိတ်ဆက်ပေးချင်လို့ပါဟ"

"အေးလေ၊ အဲသလိုဆိုလည်း ငါ့ဘက်ကတော့ ငြင်းစရာ မရှိပါဘူး၊ နင့်လို ရုပ်ဆိုး၊ သဘောဆိုးတဲ့ဟာကြီးကိုတောင် ခင်နေ ရသေးတာပဲ"

"သေနာ"

"ခစ်"

တစ်ပတ်လောက် ကုပ်ချိုညစ်နွမ်းညှောင်းညာနေခဲ့သော သူ၏ စိတ်ရော၊ ကိုယ်ပါ လန်းဆန်းသွားသည်။ အပြုံးချိုချိုနှင့် တခစ်ခစ်ရယ်မောတတ်သော လှပချစ်စဖွယ်မျက်နှာလေးက သူ့ ကျွေးအာရုံကို ဖွဲ့ဆောင်နေပေသည်။ ဝင်းအိစိုဟူသောအမည်နှင့် လူက အင်မတန်ကို လိုက်ဖက်ပါသည်။ အသားအရေက ရွှေစင်လို ဝင်းဝင်းအိအိနှင့် စိုလက်နေ၏။

"နင်က စီးကရက်ဝယ်ဖို့ ထွက်လာတာပေါ့လေ၊ ဆေး လိပ်တွေ သိပ်မသောက်ပါနဲ့ဟာ၊ ပိုက်ဆံကုန်ပြီး ကျန်းမာရေးကို ထိခိုက်တယ်"

သူ့ဝယ်ထားသောပစ္စည်းတွေကြည့်၍ သူမက ပြော



www.burmeseclassic.com

www.burmeseclassic.com


သည်။ သူက ...

"ဒါဆို မရောင်းကြနဲ့လေ၊ ဘာလို့ ရောင်းတာလဲ"

"အဲ ..."

"ခင်"

သူမက ရယ်ပြန်သည်။ သူ့အသည်းတွေယားလာ၏။ ဘာကြောင့်မှန်းတော့ မသိ။

"နင်၊ နမ်းကြည့်ပြီးပြီလား မြင့်မြတ်"

"ဘာ!"

ရုတ်တရက်မေးလိုက်သော သူ့ဇာ့အမေးကြောင့် သူ၊ လန့် သွားသည်။

"နင်ကလည်း အော်လိုက်တာ မြင့်မြတ်ရယ်၊ ငါပြောတာက နင်၊ ဝယ်ထားတဲ့ပစ္စည်းတွေကို နမ်းကြည့်ပြီးပြီလားလို့ မေးတာ ပါ၊ တကတည်း မဟုတ်ဖူးလား၊ နင်၊ အဲသလို နမ်းကြည့်နေကျပဲ ဟာ၊ ဟား ဟား"

နောက်ဆုံးတော့ သူ့ဇာ့ကို အရှုံးပေးကာ ရှက်ရှက်နှင့် သူ၊ ထွက်လာခဲ့သည်။

သူ့နောက်မှာတော့ ... တခစ်ခစ်ရယ်သံလေးက လိုက်ပါ လျက်။

* * *


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

ပြဿနာကို သယ်ဆောင်လာသူက ငြိမ်းချမ်းဆိုသော ချာတိတ်ဖြစ်သည်။ ငြိမ်းချမ်းက ရာဇဝင်အိုးကို တုတ်နှင့်ထိုးတာ ထက်ဆိုးသော ဒေါ်မြမာလာနှင့် ထိပ်တိုက်တွေ့ရမည့် ကိစ္စမျိုးကို သွားဆွခဲ့ခြင်းပင်။ အမှန်က ဒေါ်မြမာလာအိုးကို တုတ်နှင့်ထိုးခြင်း လည်း မဟုတ်ပါ။ အဖြစ်က ဒီလို။

"ဟဲ့ မျိုးခန့်၊ နင့်အိမ်က ဟို ကလေကဝအကောင်၊ နို့နံ့ တောင် မစင်သေးတဲ့အကောင်၊ ဘယ်မလဲ၊ ထုတ်ခဲ့စမ်း၊ ဒင်းကို ငါ့လက်နဲ့ဆုံးမရမှ ကျေနပ်မယ်"

ဒေါ်မြမာလာက တင်ပဆုံဝဝကြီးနှစ်ဖက်ပေါ်လက်နှစ် ဖက်ထောက်၍ အော်နေသည်မှာ မကြာခင် ခါးတောင်းပင်ကျိုက် ပစ်လိုက်တော့မည့်ပုံ။ ဒေါ်မြမာလာ ဒေါသထွက်မည်ဆိုကလည်း

www.burmeseclassic.com

www.burmeseclassic.com


ထွက်ချင်စရာ ...။

ဖြစ်ပုံကိုကြည့်။ သူတို့သားအဖအိမ်ကို နောက်ဆုံးရောက်လာသောငြိမ်းဆိုတဲ့ချာတိတ်ကလေးက ဒေါ်မြမာလာသမီးမြသူဇာ၊ မြသီတာတို့ထဲမှ အငယ်ဆုံးဖြစ်သော မြနန္ဒာကို ရီးစားစာပေးသည်။ အပျိုလေးကို လူပျိုလေးက ရီးစားစာပေးတာမဆန်း။ သို့သော်... ပေးပုံကိုလည်း ကြည့်ဦး။ ပေးပုံက မြနန္ဒာတို့ အိမ်ရှေ့လမ်းမပေါ်တွင် ဖြစ်သည်။

ဒါကို နန္ဒာ့မိခင် ဒေါ်မြမာလာက တွေ့မြင်သွားခြင်းဖြစ်သည်။ ထို့ကြောင့် ... သူတို့သားအဖအိမ်လိုက်လာပြီး ဖခင်ဖြစ်သူဦးမျိုးခန့်ကို ကော်နေခြင်းပင်။

"ဘယ့်နှယ် ... ငါ့သမီးက အခုမှ ဆယ်တန်းပဲ ရှိသေးတာ၊ ဆရာဝန်ဖြစ်ဖို့စာကြိုးစားနေသူ၊ ဒင်းကရော ဘယ်အရွယ်ရှိသေးလို့လဲ ဟင်း"

ဒေါ်မြမာလာက ပြောရင်း အိမ်ထဲ မျက်လုံးဝေ့ကြည့်သည်။ ဖြစ်နိုင်လျှင် ငြိမ်းချမ်းကို အိမ်ထဲဝင်ရှာပြီး တွေ့လျှင်ကောင်းကောင်းတွယ်မည့်ပုံ။

ငြိမ်းချမ်းဆိုသည့်ချာတိတ်လုပ်ပုံကလည်း တကယ့်ကိုရိုက်ပေါက်။ နှစ်ဆယ်တန်းဖြေထားသည့် ကလေး။

"ဟဲ ဟဲ ဟဲ၊ စိတ်မဆိုးပါနဲ့တော့ အစ်မကြီးရယ်၊ ဒေါသကိုလျှော့ပါ၊ ဒီကောင်လေးကို ကျွန်တော်, ကောင်းကောင်းဆုံးမ လိုက်ပါ့မယ် ဟဲ ဟဲ ဟဲ"

"ဘာဟဲဟဲလဲ၊ ကိုယ့်မှာရှိတဲ့သားတစ်ယောက်ကျတော့ရီးစားလေးတစ်ယောက်တောင်အဖြစ်ရှိအောင် ထားနိုင်းတာ


www.burmeseclassic.com

www.burmeseclassic.com


မဟုတ်ဖူး၊ ဟွန်း"

"ဒါတော့ ... ဟဲ ဟဲ ဟဲ၊ အဟား ဟား"

မြားဦးက နေရင်းထိုင်ရင်း ဘာမှမဆိုင်ဘဲ သူ့ဘက်လှည့်လာသည်။ အမှန်က ဒေါ်မြမာလာသည် သမီးကြီးတွေဖြစ်သော သူဇာတို့၊ သီတာတို့နှင့် သူ့ကို ရွှေလမ်းငွေလမ်းပေါက်စေချင်နေသည်။ အဓိကကတော့ သူနှင့်သူငယ်ချင်းဖြစ်သော မြသူဇာနှင့်ဖြစ်သည်။

သူတို့သားအဖက အသောက်အစားကင်း၍ စီးပွားဥစ္စာပြည့်စုံသည်။ ထို့အပြင် ... ဘိုးဘေးဘီဘင်လက်ထက်ကတည်းက တစ်ရပ်ကွက်တည်းနေလာကြသော အတွင်းသိ၊ အစင်းသိတွေ မဟုတ်လား။

"မာလာရေ၊ ဟေ့ မာလာ"

ထိုအချိန်မှာပင် ဒေါ်မြမာလာယောကျ်ား ဦးဘုန်းမော် ရောက်လာသည်။ ရောက်လာဆို သူ့မိန်းမအကြောင်းသိ၍ လိုက်လာတာပဲ ဖြစ်ရမည်။ ဦးဘုန်းမော်က အနေအေး၍ အားနာတတ်သည်။

"မင်းကွာ၊ ငါ့ အချိန်မီလိုက်လာလို့သာပေါ့၊ မျိုးခန့်တို့သားအဖကို အားနာစရာကွာ၊ သူတို့နဲ့ ဘာဆိုင်တာမှတ်လို့"

"ဘာမဆိုင်ရမှာလဲ၊ သူတို့မထိန်းလို့ ဒီလိုလုပ်တာပေါ့"

"ရပါတယ် ဦးဘုန်းရယ်၊ အန်တီမာလာပြောတာ မလွန်ပါဘူး၊ ကျွန်တော်တို့အိမ်က ကလေးတွေကိုက ကဲကိုကဲတာပါ"

"ကွာ ... ခေတ်လူငယ်တွေပဲ"

"တော် ဘာစကားပြောတာလဲ ကိုဘုန်း"


www.burmeseclassic.com

www.burmeseclassic.com



"လန့်လိုက်တာကွာ၊ ကလေးတွေပဲ၊ ခွင့်လွှတ်လိုက်ပါလို့ ပြောတာပါ"

"ခွင့်မလွှတ်နိုင်ဖူး၊ ကလေးမို့လို့ကို ခွင့်မလွှတ်နိုင်တာ၊ ဘာကလေးလဲ၊ ကလေးဆို ကလေးလိုနေပါလား၊ ရီးစားစာပေးတာ ကလေးအရာလား၊ ဟွန်း ... တော့်သမီး ငယ်ငယ်လေးနဲ့ ... ပါသွားစေချင်လို့လား"

"မင်းကလည်းကွာ"

ဦးမျိုးခန့်မှာ မနေသာတော့ဘဲ ကြားဝင်ဖြန်ဖြေရတော့သည်။ တော်ကြာ ကိုယ့်ဆီရန်လာဖြစ်ရင်းက လင်မယား သတ်ကုန်ကြဦးမည်။

"အစ်မကြီးကို မပြောပါနဲ့တော့ ကိုဘုန်းရယ်၊ အစ်မကြီးက သမီးအငယ်လေးကို စိတ်ပူရှာမှာပေါ့၊ နောင် ... ဒီလိုကိစ္စမျိုး မဖြစ်ရအောင် ကျွန်တော့်အိမ်က ကောင်လေးတွေကို အထူးကြပ်မတ်လိုက်ပါ့မယ်"

"ဒါ, မင်းအပြစ်မဟုတ်ပါဖူး မျိုးခန့်ရာ၊ မိန်းမပျိုပါဆိုမှ မင်းအိမ်က ကောင်လေးတွေမဟုတ်လည်း တခြားက လာကြိုက်နိုင်တာပဲ"

"အလိုတော် ကိုဘုန်း၊ ရှင်, ဘယ်လိုဖြစ်နေတာလဲ၊ ရှင့်သမီးတွေ ပေါ်ကြ်ကရ ကလေကဝနဲ့တွေ့လည်း တွေ့ပစေဆိုတဲ့ သဘောလား"

"မင်းကလည်း မာလာရာ၊ သူများသားသမီးကို မှိုချိုးမှိုချိုး မပြောပါနဲ့ ... မျိုးခန့်အိမ်က ကောင်လေးတွေက ဆိုးဆိုးသွမ်းသွမ်း၊ ဟောဟောရမ်းရမ်း မရှိကြပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"တော် .. ကိုဘုန်း တော်တော့၊ ဘာပဲဖြစ်ဖြစ် ဒီလိုအဆင့် လောက်နဲ့ ကျွန်မ သမီးတွေကို ကြိုက်စရာမလိုဖူး၊ ကျွန်မ သဘော မတူနိုင်ဘူး၊ ဒါပဲ"

ပြောပြီး ဒေါ်မြမာလာက ဇောင့်ဇောင့် ဇောင့်ဇောင့်ဖြင့် ထွက်သွားလေသည်။ ဦးဘုန်းမော်က ...

"ကြည့်သာရှောင်ပေတော့ မျိုးခန့်နဲ့ မောင်မြင့်မြတ်ရေ၊ မာလာ့ကို ကျုပ်လည်း မနိုင်ဖူး၊ သွားပြီဗျို့"

ထိုသို့ပြောကာ ဒေါ်မြမာလာနောက်မှ ထပ်ချပ်မကွာ ဒရောသောပါး လိုက်သွားသည်။ ထိုအခါမှ သူက ...

"ဟိုကောင် ငြိမ်းချမ်း၊ ဘယ်မလဲ၊ ထွက်ခဲ့"

ငြိမ်းချမ်းဆိုသည့်ကောင်၊ စပ်ဖြဲဖြဲနှင့် ထွက်လာသလို ကျန်လူများလည်း ထွက်လာကြသည်။

"အဟဲ"

"ဟော့ကောင်၊ ရီးတီးယားတားလုပ်မနေနဲ့ မောင်ငြိမ်းချမ်း၊ မင်း, တော်တော် ပါးရည်နပ်ရည်မရှိတာပဲကွ၊ ကောင်မလေးကို ရီးစားစာပေးတာ သူ့အမေကြီးရှေ့ သွားပေးရသလား၊ ငါ့နှယ်"

"ကျွန်တော်က အဲဒီမိန်းမကြီးကို သူ့အမေမှန်းမှ မသိဘဲ ကိုမြင့်မြတ်ရ ... အဘွားကြီးက အိမ်ရှေ့အုတ်ပွြန်နားမှာ သစ်ရွက် အမှိုက်တွေ တံမြက်စည်းလှဲနေတာကို ကျွန်တော်က သန့်ရှင်းရေး မိန်းမကြီးပဲ အောက်မေ့တာ၊ ဝတ်ထားတာက တကယ့်စုတ်တီး စုတ်ပြတ်နဲ့ဗျ၊ ခုတော့လည်း ဝတ်ထား၊ ပြင်ဆင်ထားလိုက်တာ လန်ထွက်နေတာပဲ"

"အေး၊ ဒေါ်မာလာအကျင့်က အဲသလိုပဲ၊ အပြင်ထွက်ရင်



www.burmeseclassic.com

www.burmeseclassic.com


သာ မင်းသမီးရှုံးလောက်အောင် ပြင်ဆင်ဝတ်စားတတ်ပေမယ့် အိမ်မှာနေရင်း အလုပ်လုပ်ရင် အစုတ်အပြတ်တွေဝတ်ပြီး မနားတမ်းအလုပ်လုပ်နေတာ"

ထိုအကြောင်းကို ဦးမျိုးခန့်က ဝင်ပြောခြင်းဖြစ်သည်။

သူက ...

"ပညာသင်နေတဲ့အချိန် ဒီကိစ္စတွေ မစဉ်းစားပါနဲ့ဦးကွာ၊ စာသာ အာရုံစိုက်ပါ"

"ဟာ ... ကိုမြင့်မြတ်ကလည်း ဒါတွေက ကျွန်တော်တို့အတွက် အားဆေးဗျ၊ ကိုယ့်မှာ ကိုယ်ချစ်တဲ့ ချစ်သူရီးစားလေးနဲ့အတူရှိမှ အနာဂတ်ကို တိုးတက်အောင်မြင်အောင် ကြိုးစားချင်တဲ့ ရည်မှန်းချက်နဲ့ခွန်အားတွေ ရှိတာဗျ"

"အောင် မာ"

ငြိမ်းချမ်းအပြောကို ကျန်လူပျိုကာလသားများက သဘောကျစွာ ရယ်မောရင်း လက်ခုပ်လက်ဝါးတီးကာ ဩဘာ ပိုင်းပေးကြသည်။ သူ့မှာသာ ဘာပြန်ပြောရမှန်းမသိဘဲ အံ့ဩ ရသည်။ ခေတ်လူငယ်တွေများဟု ပြောရအောင်က သူလည်း အသက်မကြီးသေးပါ။

သို့သော် ... ခေတ်ကာလသားသမီးများကား တစ်နှစ်နှင့်တစ်နှစ်တူသည်မဟုတ်။ သူတို့အတွေးအခေါ်အယူအဆများက လိုက်၍ ဉာဏ်မမီနိုင်ပါ။

"အလကားအဘွားကြီးပါဗျာ၊ အစစအရာရာပြည့်စုံနေတဲ့ ကိုမြင့်မြတ်ကိုကျတော့ သူ့သမီးတွေနဲ့ ပေးစားချင်နေတာ"

"သူ့သမီးတွေအားလုံးနဲ့လား"


www.burmeseclassic.com

www.burmeseclassic.com



အောင်အောင်က ဝင်မေးသည်။

"ဟာ ... မင်းကလည်း၊ အားလုံးနဲ့တော့ ဘယ်ဟုတ်ပါ့မလဲ၊ သူ့သမီးတွေထဲက ဘယ်သူ့ကိုဖြစ်ဖြစ် ကိုမြင့်မြတ်နဲ့ပေးစားချင်တာပြောတာ"

"မြင့်မြတ်က သမီးသုံးယောက်ထဲက မင့်ဟာမလေး နန္ဒာကိုမှ လိုချင်တယ်ဆိုရင်ကော ..."

"ဟာဗျာ၊ ဒါတော့ ဘယ်ဖြစ်မလဲ၊ နန္ဒာက ခုမှ ဆယ်တန်းပဲရှိသေးတာ၊ အသက်က ကျွန်တော့်ထက်တောင် တစ်နှစ်လောက်ငယ်သေးတယ်၊ နွားအိုကြီး မြက်နုကြိုက်ချင်လို့တော့ ရမလား"

"အောင်မာ ခွေးကောင်၊ ငါ့ကို ပြောနေပုံက အဘိုးကြီးကျနေတာပဲ"

"ဟား ဟား ဟား ဟား"

ဦးမျိုးခန့်က သူတို့ကိုသဘောကျစွာရယ်ရင်း ထွက်သွားသည်။ ကျန်လူများက ငြိမ်းချမ်းကို တစ်ယောက်တစ်ပေါက်ဝိုင်းမေးကြသည်။ သူကတော့ ရေချိုးရန် စိတ်ကူးရင်း အခန်းထဲဝင်ခဲ့၏။

ရေချိုးပြီးလျှင်တော့ သူဇာတို့ဆိုင်ဘက်သွားရန်အတွေးက သူ့ခေါင်းထဲ အလိုလို ပေါ်နေသည်။

ထိုစဉ်ကတည်းက သူ့ရင်ထဲတွင် အချစ်ကလေးတစ်ချစ်စတင် 'အု'ထားခဲ့ပြီဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ငယ်ကအချစ် အနှစ်တစ်ရာမမေ့" "ရိုးစားဦးတစ်သက်မမေ့"ဆိုသောစကားမျိုးကို သူမ, မကြားခဲ့ဖူးကြားဖူး၏။ ဟုတ်ပေ လိမ့်မည်။ တခြားသူတွေတော့မသိ။ သူမကတော့ လုံး၀ မမေ့ပါ။

အဲ ... မမေ့ဆို ချစ်လွန်း၊ စွဲလမ်းလွန်း၍တော့မဟုတ်။ စိတ်ပျက်စရာကောင်းလွန်း၊ ရယ်စရာကောင်းလွန်း၍ ဖြစ်သည်။

သူမ, ရိုးစားနာမည်က ဂျာနယ်တစ်စောင်ရဲ့နာမည်နှင့်တူသည်။ မိုးသောက်ယံတဲ့။ နာမည်က ဂျာနယ်နာမည်ဖြစ်သလို လူကလည်း ဂျာနယ်တွေရဲ့ထုံးစံအတိုင်း အင်မတန်ပုံကြီးချဲ့ကားတတ်သည်။ တစ်စိပ်ကို တစ်အိတ်လုပ်၍ ဖွတတ်သည်။ ဒါတင်မက စကားကြီးစကားကျယ် လေကြီးလေကျယ်ပြောလွန်း၍

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်လေနှင့်ကိုယ် အမြဲအအေးပတ်နေသူဖြစ်ပြီး ဆရာလည်း လုပ်တတ်သေးသည်။

ဝင်းအိစိုနှင့် မိုးသောက်ယံက မွေးလာကတည်းက တစ်ရပ်ကွက်တည်းတွင် အူဝဲအော်သံကို လုအော်၊ အပြိုင်အော်ပြီး မွေး လာကြသူများဖြစ်သည်။

ဒီတော့ ... အတူတူကြီးပြင်းလာကာ ကျောင်းနေတော့လည်း တစ်ကျောင်းတည်းအတူတူ၊ တစ်ခန်းတည်းအတူတူ။

မူလတန်းအရွယ်ကတည်းက မိုးသောက်ယံလူပါးဝပုံကို ယခုထိ သူမ, မမေ့ပေ။

မိုးသောက်ယံသည် အဆော့၊ ကစားအလွန်မက်သည်မှာ ထမင်းစားဖို့ပင် မေ့တတ်သူဖြစ်သည်။ ချီးယိုသေးပေါက်(မရိုသေ့စကား)ဖို့ရာပင် အချိန်မပေးနိုင်ဘဲ အောင့်ထားသည်။

ထို့ကြောင့် ... မကြာခဏဆိုသလို ရှုံ့ရှုံ့တွေ့ထွက်ကျတတ်သလို၊ လေလည်လျှင်လည်း အင်မတန် နံဟောင်သည်။

တစ်ခါက ဆရာမအိမ်တွင် ကျူရှင်သင်နေချိန်ဖြစ်သည်။ ဆရာမက သူမတို့ကိုကျောပေး၍ ကျောက်သင်ပုန်းတွင် စာကူးရေးနေချိန်၊ မိုးသောက်ယံက လေလည်လိုက်သည်။ ဒါကို တခြားကလေးတွေက မသိသော်လည်း နံဟောင်နေသောအနံ့ကြောင့် မိုးသောက်ယံပေါက်မှန်း သူမက သိသည်။

မိုးသောက်ယံက ပေါက်တုန်းက ပေါက်ပြီး မျက်နှာထားခပ်တည်တည်ဖြင့် ရှေ့နောက်ဘေးဘယ်ညာကလေးတွေကို တခဲ ယောက်ချင်း လက်ညှိုးထိုးကာ ... ခပ်တည်တည်လိုက်မေးသည်။

"မင်း. ပေါက်တာလား"



www.burmeseclassic.com

www.burmeseclassic.com


"ဟင့်အင်း၊ ငါ, မပေါက်ဖူး"

"ဒါဆို မင်းရော"

"မဟုတ်ဖူး"

"မင်းလား"

"မပေါက်ပါဖူး"

ကလေးတွေအားလုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ ပြီးမှ ... မိုးသောက်ယံက သူတို့ကို ကျောပေး စာရေးနေသောဆရာမတင်ပါးကို လက်ညှိုးထိုးကာ ...

"သူ,ပေါက်တာ ... အဟိ"

ဟု ပြောပြီး ရယ်သည်။ ထို့နောက် ... ကျန်ကလေးများ အားလုံးလည်း ခိုးခိုးခစ်ခစ်၊ ခွိခွိခွခွရယ်ကြသည်။ ထိုသို့လည်း လူလည်ကျတတ်သော မိုးသောက်ယံ ဖြစ်သည်။

* * *


www.burmeseclassic.com

www.burmeseclassic.com



ငယ်ကတည်းက **Game** အလွန်ဆော့၍ **Internet** အလွန်ထိုင်သော မိုးသောက်ယံသည် မျက်စိကိုက်၊ မျက်ရိုးကိုက်၊ ခေါင်းကိုက်တာတွေ ဖြစ်လာသည်။

"ကျွတ် ကျွတ်၊ ဘာလုပ်ရရင်ကောင်းမလဲ အိစို၊ ခေါင်းတွေ၊ မျက်ရိုးတွေ နေ့တိုင်းကိုက်နေတယ်"

"အသက်ကဖြင့် ငယ်ငယ်လေးရှိသေးတယ်၊ ရောဂါဖြစ်နေရပြီ၊ **Game** ဆော့တာရပ်၊ **Internet** ထိုင်တာလျှော့ပေါ့"

"အဲသလို မနေနိုင်လို့ပေါ့ဟ"

"ဒါဆို ဆေးခန်းပြ"

"ဆေးသောက်ရင်ကောင်းမလား၊ မျက်မှန်တပ်ရရင်ကောင်းမလား"

"ဒါတော့ ... ဆရာဝန်ညွှန်ကြားမှ သိမှာပေါ့ သောက်ယံရဲ့၊ ငါက ဘယ်လိုလုပ်သိမှာလဲ"

သူမက မိုးသောက်ယံကို စိတ်မရှည်တော့လျှင် ထိုသို့အဖျားဆွတ်ကာ "သောက်ယံ" ဟု ခေါ်တတ်သည်။

"နင် နင်၊ ငါ့ကို အဲသလိုကြီး မခေါ်စမ်းနဲ့ အိစို"

ထိုသို့ခေါ်လျှင် မိုးသောက်ယံက မျက်စိမျက်နှာပျက်ကာ ပြာပြာသလဲ တားလေ့ရှိသည်။

သူမသည် မိုးသောက်ယံကို စိတ်မရှည်သော်လည်း ငယ်ပေါင်းသူငယ်ချင်းတွေမို့ နာမည်ကြီးပုဂ္ဂလိကမျက်စိအထူးကု ဆေးခန်းကြီးတစ်ခုကို အဖော်အဖြစ် လိုက်ကူပေးခဲ့ရသည်။

ဆေးခန်းသို့ ရောက်သောအခါ ကောင်တာမှ ဝန်ထမ်းကောင်မလေးက "ဘယ်ဆရာဝန်နဲ့ ပြချင်သလဲ"ဟု မေးသည်။



www.burmeseclassic.com

www.burmeseclassic.com


သမားတော်ကြီးတွေအများကြီးထဲမှ ကိုယ်ကြိုက်ရာဆရာဝန်ကို ရွေးချယ်ပြသ၍ရသောကြောင့် ထိုသို့ မေးခြင်းဖြစ်သည်။

"ဘယ်ဆရာဝန်ဖြစ်ဖြစ်ရတယ်၊ ကိစ္စမရှိဖူး၊ လူရှင်းတဲ့ ဆရာဝန်ဆို ပိုကောင်းတယ်၊ ဒါမှ အကြာကြီး မစောင့်ရမှာ"

သို့နှင့် ... နောက်ထပ်ဝန်ထမ်းကောင်မလေးတစ်ယောက် ဦးဆောင်ခေါ်သွားရာနေရာကို သူမနှင့် မိုးသောက်ယံတို့ လိုက်သွားရသည်။

အခန်းကျယ်ကြီးတစ်ခန်းရောက်တော့ စက်ပစ္စည်းများနှင့် မျက်စိစမ်းသပ်ခံနေကြသူတွေကို တွေ့ရသည်။

"ခဏထိုင်စောင့်ပါ၊ အလှည့်ရောက်ရင် နာမည်ခေါ်ပါ့မယ်ရှင်"

သူမနှင့်မိုးသောက်ယံ ထိုင်ခုံလွတ်တွင် ဝင်ထိုင်လိုက်ကြသည်။ ထိုင်နေရင်း မျက်စိစမ်းသပ်ခံနေသူတွေကို လိုက်ကြည့်နေမိသည်။ ထိုသို့ ကြည့်နေရင်း မိုးသောက်ယံက ...

"ငါတို့မျက်စိ ရောဂါဖြစ်တာ အဲဒီစက်ကြီးတွေက ဘယ်လိုလုပ် သိမှာလဲ"

"နင်၊ စကားမများနဲ့သောက်ယံ၊ ဒီလို စမ်းသပ်နေကြလို့ပဲ လူတွေအများကြီးကောင်းသွားတာပေါ့"

မိုးသောက်ယံ ဘာမှဆက်မပြောတော့ဘဲ ငြိမ်သွားသည်။ ဆက်ပြောနေလျှင်လည်း သူမက လူကြားထဲ သောက်ယံဟု ထပ် တလဲလဲ ခေါ်နေမည် မဟုတ်လား။

"ကိုမိုးသောက်ယံ"

မိုးသောက်ယံအလှည့်ရောက်လာသည်။ သူမလည်း မိုး


www.burmeseclassic.com

www.burmeseclassic.com



သောက်ယံနောက်က ထပ်ကြပ်မကွာလိုက်သည်။ ခု … ကိုယ်က လူနာစောင့်မဟုတ်လား။

စက်တွေနှင့်စမ်းသပ်သည့်ကိစ္စပြီးသောအခါ စာရွက်တွေကိုင်ပြီး ဝန်ထမ်းကောင်မလေးဦးဆောင်ခေါ်သွားရာနောက်သို့ လိုက်ရပြန်သည်။ အဆောင်ဆောင်အခန်းခန်းတွေကိုဖြတ်ကျော်ပြီးသောအခါ မိုးသောက်ယံပြရမည့်ဆရာဝန်အခန်းကို ရောက်သည်။ ဆရာဝန်အခန်းကိုရောက်တော့ မှန်ဘီလူကြီးတပ်ခိုင်းပြီး ခပ်လှမ်းလှမ်းကျောက်သင်ပုန်းတွင်ရေးထားသော 'က'ကြီး၊ 'ခ' ခွေးအက္ခရာအကြီးအသေးစာလုံးတွေကို ဖတ်ခိုင်းသည်။

ထိုသို့ အပြန်ပြန်အလှန်လှန်ဖတ်ခိုင်းပြီးနောက် 'ရပြီ'ဟု ဆိုကာ ခုတင်ပေါ်မှဆင်းခိုင်းသည်။ ပြီးလျှင် … စာရွက်တစ်ရွက်တွင် ဟိုခြစ်၊ သည်ခြစ် ခြစ်ကာ ဝန်ထမ်းကောင်မလေးလက်ထဲ ထည့်လိုက်သည်။ ကောင်မလေးက 'လာ'ဟုခေါ်၍ နောက်က လိုက်ခဲ့ကြပြန်သည်။

ယခု ပြန်ရောက်လာသောနေရာကား ပထမဆုံးဝင်လာသောကောင်တာဖြစ်လေသည်။ သူတို့ကို ဦးဆောင်ခေါ်သွားသော ကောင်မလေးလက်ထဲက စာရွက်ကို ကောင်တာမှ ကောင်မလေးက လှမ်းယူကြည့်ပြီး …

"မျက်မှန်လုပ်ရမယ်"

ဟု ပြောသည်။

"ခင်ဗျာ"

"ဒီမှာလေ၊ မျက်စိစမ်းသပ်တာ ပါဝါနည်းနည်းရှိတယ်၊ အဲဒါ မျက်မှန်လုပ်ရမယ်လို့ပြောတာ၊ တစ်ခါတည်းလုပ်သွားလိုက်



www.burmeseclassic.com

www.burmeseclassic.com


ပါ၊ ဈေးနှုန်းကတော့ အစားစားရှိတယ်၊ ဒီဘက်က ..."

ဟု ဆိုကာ မျက်မှန်တွေ တစ်လက်ပြီးတစ်လက် ပြလေသည်။ မိုးသောက်ယံက ဝင်းအိစိုမျက်နှာကို လှမ်းကြည့်သည်။ ဒါ, ပုံကြီးချဲ့တော့မည့် မိုးသောက်ယံ၏ အထာဖြစ်သည်။

သူမ, အတွေးပင် မဆုံးတတ်သေး၊ မိုးသောက်ယံထံမှ စကားသံထွက်လာသည်။

"နေပါဦး၊ အခု ... ကျွန်တော့်မျက်စိကို စမ်းသပ်လို့ ပြီးသွားပြီလား"

"ဟယ်၊ ပြီးပြီလေ၊ ပြီးလို့ပဲ ထွက်လာတာပေါ့ရှင့်"

"နို့ ... ကျွန်တော့်မျက်စိက ဘာဖြစ်လို့ ... ဘာကိုစမ်းသပ်တာလဲ"

"ရှင်, လာပြတာ မျက်စိဆေးခန်းလေ၊ မျက်စိဖြစ်လို့ မျက်စိ စမ်းတာပေါ့"

"ဟာ၊ မျက်စိက ဘာဖြစ်မှန်းမသိ၊ ဘာရောဂါလို့လည်း မပြော၊ ဘာမှလည်းမမေးဘဲ၊ ခင်ဗျားတို့က မျက်မှန်လုပ်ရမယ် ဆိုတာနဲ့ပဲ လုပ်ရတော့မှာလား"

"ဒါတော့ မျက်မှန်မလုပ်ချင်လည်း ရှင့်သဘောပဲလေ"

"မျက်မှန်မလုပ်ချင်လို့ ပြောနေတာမဟုတ်ဖူး၊ လူနာရဲ့ မျက်စိကို ဘာဖြစ်တာလဲမမေးဘဲ ခင်ဗျားတို့ဖာသာစမ်းလို့ရ မလားဗျ"

"ဟင်၊ ခုပဲ စမ်းပြီးသွားလို့ ပါဝါရှိတယ်ပြောတာပေါ့၊ ဒါကြောင့် ... မျက်မှန်လုပ်ဖို့လိုတယ်လို့ ပြောတာ"

"ဒီမှာ ..."


www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … မိုးသောက်"

အခြေအနေကို သဘောပေါက်သော သူမက မိုးသောက်ယံကို တံတောင်နှင့်တွက်၍ တားသည်။

"နင်, အသာနေစမ်း အိစို၊ ခုဟာက ငါ့ကို ဆရာဝန်က မျက်စိဘာဖြစ်တာလဲတစ်ခွန်းမမေးဘဲ၊ ပြန်လွှတ်တယ်၊ ဒီမှာလည်း မျက်မှန်ချည်း အတင်းရောင်းနေတယ်၊ ဒီမှာ အမိတို့ … ကျွန်တော်က မျက်စိပါဝါလာစမ်းတာမဟုတ်ဖူး၊ မျက်လုံး၊ ခေါင်း၊ မျက်ရိုးတွေတအားကိုက်လို့ ဘာဖြစ်တာလဲသိချင်တာနဲ့ လာပြတာ … ခံစားနေရတဲ့ရောဂါအတွက် သေချာမေးပြီး ဆေးထိုး၊ ဆေးသောက်ဖို့လိုရင် ပြောရမှာပေါ့"

"အဲ … အဲဒါက အခန်းထဲမှာတုန်းက ဆရာဝန်ကို ဘာ လို့ မပြောတာလဲ"

"ဩော်၊ အဲဒါ ကျွန်တော်ပြောချိန်ရသလားဗျ၊ ဟိုခေါ် ဒီခေါ်ခေါ်၊ ခင်ဗျားတို့ဖာသာစမ်း၊ ဘာမပြောညာမပြော၊ ဘာမှမမေးဘဲ ခင်ဗျားတို့ဖာသာ မျက်မှန်လုပ်ဖို့ပဲ ခေါ်လာတာလေ၊ အခန်းထဲရောက်လာတဲ့လူနာကို ဘာဖြစ်သလဲလို့ ဆရာဝန်က မေးရမှာ မဟုတ်လား၊ သူ့မေးမှ ကျွန်တော် ဖြေရမှာပေါ့"

တချို့လူနာတွေ ဆရာဝန်ရွေးတယ်ဆိုတာကို သူမ, ခုမှပဲ သဘောပေါက်တော့သည်။ ဆရာဝန်တွေလည်း တစ်ဦးနှင့်တစ်ဦး မတူ။ စေတနာထားတာခြင်း၊ ကုသတာခြင်း၊ ထက်မြက်တာခြင်း မတူတာတော့ အမှန်ပင်။

"တော်ပါတော့ မိုးသောက်ရာ"

"ဘာတော်ပါတော့လည်း အိစို၊ အခု … ငါ့မျက်လုံးတွေ



www.burmeseclassic.com

www.burmeseclassic.com



အောင့်ပြီး ကိုက်နေတယ်၊ ဘာလုပ်ရမှာလဲ၊ စမ်းသပ်ခတွေ အများ ကြီးပေးရပြီး ဒီအတိုင်း လှည့်ပြန်သွားရတော့မှာလား"

ကောင်တာမှ ကောင်မလေးတွေလည်း ခုမှ ပြူးပြူးပြာပြာတွေ ဖြစ်ကုန်သည်။

"ဟို ... ဟို၊ ဆရာဝန်ဆေး ကျွန်မ ပြန်လိုက်ပို့ပေးပါ့မယ်၊ ဆေးသောက်စရာလိုသလား၊ ဘာဆေးသောက်ရမလဲဆိုတာ ကျွန်မ ထပ်မေးပေးပါ့မယ်"

မိုးသောက်ယံဆိုတာ ထိုသို့သော လူစားမျိုး ဖြစ်လေသည်။

* * *

နောက်တစ်ခါကတော့ ဘဏ်တစ်ခုတွင် ဖြစ်သည်။ မိုး သောက်ယံကို သူ့အိမ်ကခိုင်း၍ နယ်တွင်နေသောအဘွားကို ငွေ လွှဲသွားပို့ရခြင်းဖြစ်သည်။ ထိုသို့ ငွေပို့ရာတွင် ငွေလွှဲခမှာ (၆၄၀) ကျပ် ဖြစ်သည်။ သို့နှင့် ... မိုးသောက်ယံက တစ်ထောင် တန်တစ်ရွက် ပေးလိုက်သည်။

"အကြွေပေးပါ၊ အကြွေအမ်းစရာမရှိဘူး"

ဘဏ်ကြီးတစ်ခုရဲ့ဝန်ထမ်းက အကြွေမရှိဘူးပြောလာ သောအခါ မိုးသောက်ယံရော၊ သူမပါ အလွန်အမင်းအံ့သြသွား သည်။ ဒါ, သက်သက်ရစ်တာဖြစ်နိုင်သည်။ အရင်ကလည်း



www.burmeseclassic.com

www.burmeseclassic.com



ကြုံ ရာဘဏ်ခွဲတွေကနေ လွှဲနေကျပင်။ ငွေလွှဲခ (၆၄၀)ကျပ် ကျတာကို အကြွေလေးဆယ် အမ်းမနေတော့ဘဲ (၃၀၀)ကျပ်သာ အမ်းသည်။ မရှိလို့ပဲ မအမ်းအမ်း၊ ရှိရက်နှင့်ပဲ မအမ်းအမ်း၊ လေးဆယ်လောက် မအမ်းတာကို မည်သူမှ ဘာမျှပြောမနေ တော့ပါ။

ခုဟာက ... သုံးရာ့လေးဆယ်စလုံးမအမ်းချင်၍ သက် သက်ရစ်နေတာ။

ထိုအခါ ... တစ်စိပ်ကိုတစ်အိတ်လုပ်တတ်သော မိုး သောက်ယံနှင့် တွေ့ကြလေသည်။

"ဘဏ်တိုက်ကြီးတစ်ခုလုံးကတောင် အကြွေမရှိရင် ကျွန် တော်က ဘယ်လိုလုပ်ရှိမှာလဲဗျ၊ မအမ်းနိုင်ရင် တစ်ထောင်တန် ပြန်ပေး၊ ကွမ်းယာဆိုင်မှာ အကြွေလဲပြီးမှ ပြန်လာပေးမယ်"

ထိုသို့ပြန်လာပေးမယ်ဆိုသော မိုးသောက်ယံစကားကို ဝင်းအိစို, မယုံပါ။ မိုးသောက်ယံအကြံက သူ့ကိုညစ်ချင်သော ဝန်ထမ်းကို ပညာပြန်ပေးမှာ သေချာသည်။ သူများငွေ မတရားလို ချင်သူကို မတရားပြန်ယူတတ်တာ မိုးသောက်ယံအကျင့်ထဲက အကျင့်တစ်ခုဖြစ်သည်။

ထိုသို့ပြောလိုက်မှ အမျိုးကောင်းသမီးက ဟိုရှာဒီရှာလုပ် ၍ အကြွေသုံးရာကို အမ်းတော်မူလေသည်။ လေးဆယ်ကိုတော့ ဘတ်ထားလိုက်ပြီ။ ဒါတောင် ပါးစပ်က ...

"နောက်တစ်ခါ အကြွေယူလာပါ"တဲ့ ...။

လူတွေကလည်း လူတွေ။

မိုးသောက်ယံကလည်း မိုးသောက်ယံ။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့သော မိုးသောက်ယံနှင့် သူမသည် ဘာလိုလိုနှင့် ချစ်သက်တမ်း တစ်နှစ်ပြည့်ခဲ့လေပြီ။

ထိုသို့သောလူမျိုးနှင့် ရှေ့ဆက် မည်သို့များ စခန်းသွားရပါမည်နည်း။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)

"ဟော့ကောင် မြင့်မြတ်"

သူ့, လက်ဖက်ရည်ဆိုင်ထဲဝင်ခါနီး ခေါင်းကြား၍ လှည့်ကြည့်လိုက်တော့ ခင်မောင်လတ်။

"အတော်ပဲ"

ခင်မောင်လတ်က ဘာနှင့်ဘာ တော်သွားသည်မသိ။ ထိုသို့ရေရွတ်ကာ အခွေနှင့် စာအုပ်အငှားဆိုင်ထဲမှ လက်ဖက်ရည်ဆိုင်သို့ ကူးလာ၏။ သူက ...

"မင်း, အလုပ်မသွားဖူးလား ခင်မောင်လတ်"

"ထွပ် ... ငါ, အလုပ်မရှိတာ နှစ်ရက်၊ သုံးရက်ရှိပြီကွ ဒါကြောင့် ... အပြင်မထွက်ဘဲ အိမ်ထဲအောင်းပြီး စောင့်လိုက်၊



www.burmeseclassic.com

www.burmeseclassic.com


အခွေတွေကြည့်လိုက် လုပ်နေတာ၊ ဒီညနေတောင် မင်းဆီလာမလို့ စိတ်ကူးနေသေးတယ်၊ လက်ဖက်ရည်တိုက်ကွာ"

ဘာမှလည်း မဆိုင်ပေ။ သူက

"မတိုက်ဖူး၊ ငါက ယောကျာ်းချင်းဆို သိပ်စေတနာရှိတာ မဟုတ်ဖူး"

ခင်မောင်လတ်က ခပ်တိုးတိုးဆဲသည်။ ကားအရောင်းအဝယ်တွေအေးနေ၍ ခင်မောင်လတ်တစ်ယောက် အလုပ်မဖြစ်ဘဲ အားလျားနေပုံရသည်။

"ညီလေး၊ လန်ဒန်တစ်ပွဲချကွာ"

လက်ဖက်ရည်တိုက်ပြောပြီး ခင်မောင်လတ်က စီးကရက်ပါ မှာသည်။

"ပေါက်စီစားမလား ခင်မောင်လတ်"

"တော်ပြီ၊ ထမင်းစားပြီးပြီ၊ ပေါက်စီလည်း ငါက မကြိုက်ဘူး၊ အသည်းယားလွန်းလို့ ... မင်း၊ ငါ့အကြောင်း သိရဲ့သားနဲ့"

"အေး၊ ဟုတ်သားပဲ၊ မင်းက ပေါက်စီဆို အသည်းယားလို့ မစားဖူး၊ စားစရာကို မင်းအသည်းက အလကားနေရင်း ဘာလို့ယားရတာလဲ ခင်မောင်လတ်၊ အကြောင်းရှိသလား"

"မရှိဖူး၊ ငါ၊ လူပျိုဖြစ်ကတည်းက အဲသလိုဖြစ်လာတာပဲ"

တော်တော်အံ့ဩစရာကောင်းသားပင်။

"ဒါနဲ့ ခင်မောင်လတ်"

"ဘာလဲ"

"ဟို ... ပေါက်စီနဲ့တူတာဆိုရင်ကော"

"ဟော၊ ဟာ ... မင်း၊ မယုတ်မာနဲ့နော်မြင့်မြတ်"


www.burmeseclassic.com

www.burmeseclassic.com


"ဘာလဲကွ၊ ငါက ပေါင်မုန့်ကြော်ကိုပြောတာ"

ခင်မောင်လတ်က အလကားနေရင်း သူ့ဟာသူ ရှက်နေသည်။ ရယ်စရာကြီး။

"ဘာစာအုပ်တွေ ငှားလာတာလဲ"

"မင်းကြိုက်တဲ့စာရေးဆရာ ရွှေကံကြီးပဲ၊ ဖတ်မလား၊ အခု မှထွက်တဲ့စာအုပ်အသစ်"

"ဘာ၊ အသစ် ဟုတ်လား"

"အေးလေ"

"ဟာ၊ ရွှေကံကြီးသေတာပဲ နှစ်နှစ်ပြည့်တော့မယ်၊ သူ့စာအုပ်တွေက ထွက်တုန်းဆိုတော့ … အဘယ်ဘုံဘဝကနေ ရေးပို့နေတာတဲ့လဲ"

"သူ့မသေခင်က ရေးထားခဲ့တာတွေ နေမှာပေါ့"

"အဲဒါ မင်းတို့ အလိမ်အညာခံနေရတာပဲ၊ ဘယ်စာရေးဆရာကမှ လုံးချင်းသုံးအုပ်ထက်ပိုပြီး ထုတ်ဝေသူကို ကြိုတင်ပေးမထားနိုင်ဖူး သိလား"

သူ့စကားကြောင့် ခင်မောင်လတ်တွေသွားသည်။ ပြီးမှ

"အေးနော်၊ သူသေတာပဲ နှစ်နှစ်ရှိပြီ … သူ့စာအုပ်တွေကတစ်လတစ်အုပ်မှန်မှန်ထွက်နေတာဆိုတော့ … မသေခင်က လုံးချင်းအုပ်နှစ်ဆယ်ကို ပြီးအောင်ရေးသွားခဲ့တဲ့ပုံပဲ"

"ဒါပဲပေါ့၊ အဲဒါ ဖြစ်နိုင်ပါ့မလားဆိုတာ မင်းဖာသာ စဉ်းစား၊ အဲဒါကြောင့် … နောက်ပိုင်းထွက်တဲ့ သူ့စာအုပ်တွေဆို ငါ, မဖတ်တော့တာပဲ"

"မင်းပြောမှ ငါလည်းစဉ်းစားမိတယ်၊ နောက်ပိုင်း ထွက်


www.burmeseclassic.com

www.burmeseclassic.com


ဘဲ့ဝတ္ထုတွေက ရွှေကံကြီးလက်ရာနဲ့ တခြားစီပဲ"

"ဟုတ်တယ်၊ အရင်က ရွှေကံကြီးရဲ့စာတွေကို ငါ့ သိပ် ကြိုက်တာ ... အခု ... တစ်အုပ်ငှားဖတ်ကြည့်ဖူးပါတယ်၊ သူ့ဟာနဲ့ သူ့ကလောင်သပ်သပ်ဆို မဆိုးပါဘူး။ ကောင်းပါတယ်၊ ရှုလှ နာမည်နဲ့ လုပ်စားပြီး စာဖတ်ပရိသတ်ကို လိမ်နေတာတော့ မကောင်းဖူးပေါ့ကွာ၊ ဒါကြောင့် ... ငါ့မဖတ်တာ"

သူက ပြောပြီး လက်ဖက်ရည်ခွက်ကို ကောက်ယူလိုက်သည်။ ပြီးလျှင် ... သောက်မည့်ပါးစပ်နားမတော့ဘဲ နှာခေါင်းရှေ့ တော့သည်။ ဒါကို ခင်မောင်လတ်က သူ့လက်လှမ်းဆွဲပြီး ...

"ဟေ့ကောင်၊ နမ်းကြည့်မနေပါနဲ့ကွာ၊ သောက်စရာရှိတာ အေးအေးသောက်စမ်းပါ၊ လူမြင်မကောင်း၊ သူမြင်မကောင်း၊ နမ်းတာဝါသနာပါရင် နမ်းလို့ကောင်းမယ့်ဟာမျိုး ရှာ"

"..............."

သူ့, ခင်မောင်လတ်ကို ရှက်ရမ်းရမ်းပြီးဆဲလိုက်သည်။ ထို့နောက် ... နမ်းခွင့်မရသောလက်ဖက်ရည်ကို တစ်ချက်မှုတ် သောက်လိုက်သည်။

"ပျင်းလိုက်တာကွာ၊ ထူခြားပြီး စိတ်ဝင်စားစရာကောင်းတဲ့ အစီအစဉ်လေး ဘာလေးများ မရှိဘူးလား မြင့်မြတ်"

"ငါတော့ မပျင်းဖူး၊ ဖတ်စရာ စာအုပ်တွေမှ အများကြီးပဲ၊ ပြီးတော့ ... စာသင်ဝိုင်းကလည်း အပျင်းပြေတယ်၊ ညနေပိုင်းတော့ အခွေတွေကြည့်ပေါ့ကွာ"

"ဒါတွေပဲနေ့တိုင်းဆိုတော့ ရိုးမနေဖူးလား၊ အသစ်အဆန်း တစ်ခုခု ..."


www.burmeseclassic.com

www.burmeseclassic.com


"အသစ်အဆန်းဖြစ်ချင်ရင် ကင်းမြီးကောက်ထောင် သွားပါလား၊ ဒါမှမဟုတ် ခွေးတစ်ကောင်လိုအူကြည့် ခင်မောင် လတ်"

"တော်စမ်းပါကွာ၊ ပေါက်တတ်ကရတွေ ပြောမနေနဲ့ တကယ်တမ်းကျ ငါက မင်းဘဝကြီးကို သနားနေတာ"

"ဟေ လုပ်စမ်းပါဦး၊ မင်းက ငါ့ဘဝကို ဘာဖြစ်လို့ သနားနေရတာလဲ"

"အိမ်ထဲနဲ့အိမ်ဝန်းကျင်ပဲ တစ်နေ့တစ်နေ့ အချိန်ကုန်နေ ရရှာတာလေ"

"ကျောင်းတုန်းက ပညာကုန်သုံးခဲ့တာတွေ မင်းက မေ့ပြီ လား ခင်မောင်လတ်၊ ခု ... အလုပ်လုပ်ရမယ့် အချိန်"

"အလုပ်က မသေမချင်းလုပ်ရမှာ မပူနဲ့ ... မင်းက အဘိုး ကြီးပေါက်စနဲ ကျနေတာပဲ"

သူ့, ခင်မောင်လတ်ကို ဘာမှ ထပ်မပြောတော့ပါ။ အလုပ်လက်မဲ့ဖြစ်နေသော သူငယ်ချင်းဖြစ်သူကို စိတ်ကျေနပ် ပျော်ရွှင်စေချင်သည်။ ထို့ကြောင့် ... တစ်ခုခုစီစဉ်ပေးဖို့ ဆုံးဖြတ် ပြီး စကားစလိုက်သည်။

"လူစုလိုက်လေ ... တစ်ဝိုင်းလောက် နွှဲကြတာပေါ့"

"အဲသလိုလုပ်စမ်းပါ မြင့်မြတ်ရာ"

ခင်မောင်လတ်မြူးသွားတာ ပြိတ္တာကြီးနှင့် တူသည်။

"အဲဒါ ဘာအခွေလဲ"

"ဓာတ်ကားအသစ်၊ အခုမှ ထွက်တာ၊ မင်းကြည့်ချင်ရင် ယူသွားလေ၊ ဩော် ... မင်းက ဗမာကားမှ ကြိုက်တာ၊


www.burmeseclassic.com

www.burmeseclassic.com



ကြည့်လည်း မကြည့်ပါဘူး"

"မင်းပြောသလိုကြီးလည်း မဟုတ်ရပါဖူးခင်မောင်လတ်ရာ ငါလည်း ဗမာလူမျိုးပဲ၊ ကိုယ့်လူမျိုးချင်းအထင်သေးပါ့မလား၊ နိုင်ငံခြားဇာတ်ကားမှအထင်ကြီးပြီး၊ နိုင်ငံခြားဖြစ်တွေမှ သုံးတဲ့ ကြီးကျယ်ကြီးလည်း မဟုတ်ဖူး၊ ဒါပေမယ့် ... မင်းပဲစဉ်းစားကြည့် ... မြန်မာဇာတ်ကားအတော်များများဟာ ကုလားကား၊ တရုတ်ကား၊ ကိုရီးယားကား၊ အင်္ဂလိပ်ကား စတဲ့ သူများဇာတ်ကားတွေကိုမှီငြမ်းပြီး ရိုက်တာတွေအများကြီးပဲ၊ မဟုတ်ဖူးလား၊ ဟုတ်သလား"

"ဒါတော့ကွာ၊ ဒီလိုပဲ ကြည့်နေကြတာပဲ"

"ငါ,မကြည့်ဖူး၊ အေး ... တစ်ခုပဲရှိတယ်၊ ကိုယ်ပိုင်အတွေး ကိုယ်ပိုင်စိတ်ကူးနဲ့ ရေးတဲ့ဇာတ်လမ်းတွေ၊ ဇာတ်ကားတွေဆို ငါ, ကြည့်တယ်၊ ဖတ်တယ်"

"ဒါတော့ကွာ၊ အဲသလိုသာ ပြောကြကြေးဆို သီချင်းတွေ လည်း ကော်ပီများတာပဲ၊ မင်းလိုသာဆို ဘာမှ ကြည့်ရ၊ ဖတ်ရ၊ နားထောင်ရမှာ မဟုတ်ဖူး"

"ငွေကုန်လူပမ်းအချိန်ကုန် သက်သာတာပေါ့ကွ"

လူဆိုတာ သူ့ဟာနှင့်သူ တစ်ယောက်တစ်မျိုးစီ ရူးနေကြသူတွေသာဖြစ်သည်။ တစ်ခုပဲပြောချင်တာက ကိုယ့်ရူးသွပ်မှုသည် သူ့ကိုမှ ဒုက္ခမပေးလျှင် တော်ပါပြီ။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၇)

သူသည် သူဇာတို့ဆိုင် သွားရတာ ယခင်လို စိတ်လွတ်ကိုယ်လွတ်မရှိပါ။ အဘယ့်ကြောင့်ဆိုသော် ထိုဆိုင်တွင် သူနှင့်မတိမ်းမယိမ်း ချောချောလှလှ မိန်းမပျိုတစ်ယောက် ရှိနေသည်မဟုတ်ပါလား။ အနီ မိန်းမပျိုသည် ဝင်းအိစိုဟူသော အမည်နှင့်လိုက်ဖက်လှစွာ အသားအရည်သည် ဝင်းဝင်းအိအိဖြင့် စိုစိုပြည်ပြည် လှပသူဖြစ်သည်။

သို့ဖြစ်ရုံနှင့် သူဇာတို့ဆိုင်သွားခြင်းမှာ အဘယ့်ကြော မလွတ်လပ်ရသနည်းဆိုပါမူ အကြောင်းရှိပါသည်။ ထိုအကြောင်းမှာ သူက ယခင်လို ရိုးရိုးသားသားစိတ်နှင့်သွားခြင်းမဟုတ်၍သာဖြစ်ပါလိမ့်မည်။ ထို့ကြောင့် ... သူ့ကိုယ်သူ မလုံလဲဖြစ်တာမျိုး



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်နိုင်သည်။

အမှန်က သူဇာတို့ဆိုင် မရောက်ဖြစ်သည့်နှစ်ရက်သုံးရက် အတွင်း သူ့စိတ်တွေ အရမ်းသွားချင်နေသည်။ သွားပြန်လျှင် လည်း အကြောင်းမရှိအကြောင်းရှာလာတာဟု ထင်မှာလည်း စိုးမိသည်။ ဟုတ်သော်ငြား ထိုသို့ကျတော့လည်း အထင်မခံနိုင်ပြန်။ ဘာမှန်းကိုမသိ။

ယခင်က ဒီလိုအတွေးမျိုး မပေါ်ဖူးပေ။ သွားချင်လျှင် သွားလိုက်ပြီး၊ မသွားချင်လည်း နေလိုက်သည်။

ခုတော့ ... ဒီလိုမဟုတ်။ သူဇာတို့ဆိုင် သွားရေးမသွား ရေးသည် သူ့အတွေးထဲ ယောက်ယက်ခတ်ရှုတ်ထွေးနေသည်။

"မြင့်မြတ်ရေ၊ သကြားသွားဝယ်ပေးစမ်းကွာ၊ ခေါင်းထဲ နောက်တောက်တောက်နဲ့ ... သံပုရာရေ ဖျော်သောက်ဦးမယ်"

ဦးမျိုးခန့်က အခန်းထဲမှ ထွက်လာပြီး ပြောသဖြင့် သူ့စိတ်ထဲ ထိတ်ခနဲဝမ်းသာသွားသည်။ အကြောင်းမရှိဘဲ သွားတာထက်စာလျှင် ယခုလို တစ်ခုခုလိုအပ်၍ သွားဝယ်ရ တာက ပိုပြီး လိပ်ပြာလုံသည်။

"ဖေဖေ သွေးများတိုးနေသလား၊ မနက်က ထွေထွေ ထူးထူး ဘာတွေစားသေးလဲ"

"မုန့်ဟင်းခါးစားတာပဲ"

"ဒေါ်မြဆိုင်ကလား"

"အေး"

"ဒေါ်မြမုန့်ဟင်းခါးက တစ်ခါတလေငန်တယ်ဗျ၊ သွေး တိုးတာ ဖြစ်ချင်ဖြစ်မှာ ... မုန့်ဟင်းခါးစားတိုင်း ဖေဖေသွေးတိုး



www.burmeseclassic.com

www.burmeseclassic.com


တာပဲ၊ ပြန်လာရင် ကျွန်တော် ဖျော်ပေးပါ့မယ်"

သူက ပြောပြောဆိုဆို ထ၍ အင်္ကျီဝတ်ရန် ချိတ်တွင် ချိတ်ထားသော တီရှပ်ကို လှမ်းဖြုတ်သည်။

"နေတော့ကွာ၊ ငါ့ဖာသာပဲ သွားလိုက်တော့မယ်"

ဦးမျိုးခန့်က ဘာစိတ်ကူးပေါက်သွားသည်မသိ။ ထိုသို့ ပြောရင်း ကိုယ်တိုင်သွားဖို့ ခြေလှမ်းပြင်သည်။ သူ့မှာသာ တော်တော်လေး ထိပ်ထိပ်ပြာပြာ ဖြစ်သွား၏။ ဘာပြော ရမှန်းမသိဘဲ ပြီးမှ ဖခင်ဖြစ်သူကို ကမန်းကတန်း လှမ်းတား လိုက်မိသည်။

"ဟာ ... ဖေဖေကလည်း၊ ခေါင်းမကောင်းတာ ငြိမ်ငြိမ် နားနေပါ၊ အပြင်မှာပူတယ်၊ တော်ကြာ လမ်းမှာမူးလဲရင် ခက် မယ်၊ ကျွန်တော်ပဲ သွားလိုက်ပါ့မယ်"

သူသည် ထိုသို့ဖွတ်ပြောကာ ဖွတ်ပင် ထွက်လာခဲ့သည်။

"ဟူး"

အိမ်ရှေ့လမ်းမပေါ်ရောက်မှ လေပူတစ်ချက်မှုတ်ထုတ် လိုက်သည်။ သူ့ရင်သည် ဘာမှမဟုတ်ဘဲ အလကားနေရင်း မောနေ၏။

ဒါတင်မက သူဇာတို့ဆိုင်နားရောက်တော့ ရင်က ပို၍ အခုန်မြန်လာသည်။ မြတ်စွာဘုရား ကယ်တော်မူပါ။ သူ ဘာတွေ ဖြစ်နေသနည်း။

"ဟဲ့ မြင့်မြတ်၊ အတော်ပဲ၊ အတော်ပဲ၊ နင်၊ လာဘ်ာ အတော်ပဲ၊ ဒီမှာ ခင်မောင်လတ်လည်း ရောက်နေတယ် သူ့ကို တော့ ပြောပြီးသွားပြီ"


www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုမြင်သည်နှင့် သူဇာက အာပြဲလျှာပြဲလှမ်းပြော သည်။

"ဘာတွေလဲ၊ နင်, ယောကျ်ားယူတော့မလို့လား မိဇာ"

"ခစ်"

သူ့စကားကြောင့် သူမဆီမှ ရယ်သံလေး ကြားလိုက်ရ သည်။ စံပယ်ပွင့်ကလေးလို မွှေးမြ၍ ဖြူစင်သောသူမသည် ပိဘိ ကလေးငယ်တစ်ဦးပမာ အပြစ်ကင်းပြီး ချစ်စဖွယ်ကောင်း လှ၏။

"နင်ဟာလေ၊ ငါ့ကိုဆို သိပ်ပြောချင်တာပဲ မြင့်မြတ်၊ ဒီမှာ ... ငါ, အကောင်းပြောမလို့"

"ပြောမှာဖြင့် မြန်မြန်ပြောဟာ ... ငါ, အချိန်မရဘူး၊ အမြန်ပြန်ရမယ်"

"ဘာဖြစ်ရပြန်တာလဲ"

"ငါ့ဖားသားကြီးကို သံပုရာရည်ဖျော်ပေးရဦးမယ်ဟ၊ အဲဒါ အခု သကြားလာဝယ်တာ၊ ခေါင်းနောက်လို့တဲ့"

"ဟုတ်လား၊ ဒါဆိုမပူနဲ့ ... ရေခဲသေတ္တာထဲမှာ သံပုရာ ရည် ဖျော်ပြီးသားရှိတယ်၊ ငါ, ပေးလိုက်ပါ့မယ်"

"အေး၊ ကောင်းသားပဲ၊ ဒါဆို နင်ပြောမယ့်ဟာပြောတော့ မိဇာ၊ ဟော့ကောင် ခင်မောင်လတ်၊ မင်းက ဘာလာလုပ်တာလဲ"

သူက သူဇာ့ကိုပြောရင်း ခင်မောင်လတ်ကို လှည့်မေး လိုက်သည်။

"ဘာလာလုပ်ရမှာလဲကွ၊ ဈေးဆိုင်လာတာ ဈေးဝယ်ဖို့ ပေါ့"



www.burmeseclassic.com

www.burmeseclassic.com


ခင်မောင်လတ်က စကားကို ရိုးရိုးမပြောဘဲ မျက်လုံးက ဝင်းအိစိုကို လှမ်းစွေကြည့်ရင်း ပြောသည်။

"ငါ, ခင်မောင်လတ်ကိုလည်း ဝင်းအိနဲ့ မိတ်ဆက်ပေးပြီး ပြီ၊ အဲဒါ ... နင်တို့တွေ အခုမှ သိကြတယ်ဆိုပေမယ့် ... ဝင်းအိကို ငါ့ကိုခင်သလို ခင်ကြ၊ ကဲပါ ... အားလုံးသူငယ်ချင်း တွေ ဖြစ်သွားပြီ၊ စောစောက ခင်မောင်လတ်ကို ပြောပြီးသားကိစ္စ နင့်ကို ပြန်ပြောပြမယ် မြင့်မြတ်"

"ဘာတွေပါလိမ့်"

သူသည် အပြုံးရိပ်ရိပ်ဖြင့် လင်းလက်နေသော သူမမျက် နှာလေးကို မသိမသာ ကြည့်သည်။ ဖခင်ဖြစ်သူ၏ ခေါင်းမကြည် သောကိစ္စ၊ တဒင်္ဂ မေ့သွားလေသည်။

"ငါတို့တွေ လာမယ့် လပြည့်နေ့ကျရင် ဆိုင်ပိတ်တယ်၊ အဲဒါ ... လျှောက်လည်တယ်ပဲပြောပြော၊ ပျော်ပွဲစားထွက်တယ်ပဲ ဆိုဆို ..."

"ကမြင်းကြောထမယ်ဆိုပါတော့"

"မြင့် မြတ်"

"ခစ်"

"လန့်လိုက်တာဟာ၊ ကဲပါ၊ ဆက်ပြော၊ အဲဒီတော့ ဘာ ဖြစ်သလဲ"

"ဘာဖြစ်ရမှာလဲ၊ နင့်ကားနဲ့ လိုက်ပို့ရမှာပေါ့၊ ခင်မောင် လတ်လည်း ပါမှာဆိုတော့ ... ကားမောင်းရတာ နင်,တစ်ယောက် တည်း မပင်ပမ်းတော့ဖူး"

သူ, ဘာမှ ပြန်မဖြေရသေးခင်မှာပင် ဝင်းအိစိုက တပို


www.burmeseclassic.com

www.burmeseclassic.com



တပါးသွားရန် လက်ဟန်ခြေဟန်ဖြင့် သူဇာ့ကို ပြောပြီးထွက်သွား သည်။ သူဇာက ...

"ဟဲ့ မြင့်မြတ်၊ နင်၊ ဘာတွေညာတွေအကြောင်းပြပြီး ရှောင်ထွက်ပြေးဖို့တော့ စိတ်မကူးနဲ့နော်၊ ငါ့သူငယ်ချင်းက ဆင်းရဲ ချို့တဲ့ရှာတယ်ဟ၊ သူ့ဘဝလေးမပြည့်စုံတော့ သနားစရာကောင်း တယ်"

"ဘာလဲ၊ ငါ့စည်းစိမ်တစ်ဝက်ခွဲပေးရဦးမှာလား"

"ဒီကောင်က အဲသလိုဖြစ်ချင်နေတာ မိဇာရ"

"နင်တို့ စကားအကောင်းပြောနေရင် ဖောက်မလာကြစမ်း ပါနဲ့ဟာ၊ ငါ့, တကယ်အကောင်းပြောနေတာ ... ဝင်းအိကတော့ ဘာမှ တောင်းဆိုတာမျိုး မရှိဖူး၊ ငါကသာ အလိုက်တသိနဲ့ ... အရိပ်ကြည့်ပြီး စီစဉ်ပေးတာ၊ လူငယ်ပဲ၊ သူလည်း ငါတို့လို ပျော်ချင်ပါးချင်စိတ်ရှိမှာပေါ့"

"ကဲပါ မိဇာရာ၊ လျှာကလည်း ပဲလင်းမြွေသီးကျနေတာ ပဲ၊ မြင့်မြတ်က အခု ... ငြင်းနေလို့လား"

"ငြင်းမှာစိုးလို့ပြောနေရတာပေါ့ ခင်မောင်လတ်ရဲ့၊ အဲဒီ ကောင်အကြောင်း နင်လည်း သိသားနဲ့"

"ဒါက ဟိုတုန်းကပါဟာ၊ အနာနဲ့ဆေးနဲ့ မတည့်သေးလို့ ပါ၊ အခု တည့်မယ့်ပုံရှိပါတယ် ဟဲ ဟဲ"

ထိုစဉ် သူမ ပြန်ဝင်လာသည်။ သူဇာက ...

"ဟဲ့ ... လာနေပြီ"

"ကဲပါ ပဲလင်းမြွေသီးမရယ်၊ သွားမယ့်နေ့ အိမ်ရှေ့မှာ ကားအဆင်သင့်ရောက်ရင် ပြီးတာပဲ မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ပြီးရော"

ထိုသို့ဆိုကာ သူဇာက သံပုရာရည်ဖျော်ပြီးသားကို သွားယူသည်။ သူက ...

"သကြားတစ်ထုပ်ပေးပါဦး မဝင်းအိစို၊ နောက်နေ့တွေအတွက်လိုတယ်၊ အဖေက သံပုရာရည် နေ့တိုင်းသောက်တာ"

"ကိုမြင့်မြတ်ရော၊ ကိုခင်မောင်လတ်ရော၊ ကျွန်မကို မိဇာ ခေါ်သလို ဝင်းအိလို့ပဲ ခေါ်ကြပါ"

"ဟောဗျာ၊ ကျွန်တော်တို့ကိုကျ ကိုမြင့်မြတ်နဲ့ ကိုခင်မောင်လတ်တဲ့"

"ခစ်"

"ကျွန်တော့်ကိုတော့ ကိုကိုလို့ခေါ်ခေါ်၊ မောင်မောင်လို့ခေါ်ခေါ် စိတ်မဆိုးပါဘူးဗျာ"

"အဟင်း၊ ရှင့်ကိုတော့ ဦးလေးကြီးလို့ပဲ ခေါ်မယ်လေ"

"အွန်"

ခင်မောင်လတ် ခံလိုက်ရသည်။

"ကဲ၊ ဦးလေးကြီးရေ၊ အိမ်ကို လိုက်ခဲ့ဦးမှာ မဟုတ်လား"

သူကပါ ... နိုပ်ကွပ်လိုက်တော့ ခင်မောင်လတ်ခမျာ မျက် နှာကြီးရှုံ့မဲ့သွား၏။ သူဇာပြန်ရောက်လာပြီး သံပုရာရည် ဘူးကို လှမ်းပေးရင်း "သွားကြတော့"ဟု နှင်သည်။

သူသည် သူမကို ပြုံးပြကာ သံပုရာရေဘူးလေးကိုင်၍ ခင်မောင်လတ်နှင့်အတူ ထွက်လာခဲ့သည်။

အလာတုန်းကလိုပဲ သူ့ရင်သည် ခုန်လျက်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

လပြည့်နေ့မတိုင်ခင်တစ်ရက်တွင် မိုးက အချိန်မဟုတ်၊ အခါမဟုတ် တဖျောက်ဖျောက်ကျလာသည်။ ညနေပိုင်းတွင်မှ တိတ်သွားကာ စူးစူးရှရှနေရောင်ခြည်က ဆလိုက်မီးမောင်းထိုးသလို ကမ္ဘာမြေပေါ်သို့ ဖြာကျနေသည်။

သူသည် မနက်ပိုင်းတုန်းကလည်း မိုးတဖျောက်ဖျောက်ကျနေသည့်ကြားမှ ဘာဝယ်မလိုလို၊ ညာဝယ်မလိုလိုနှင့် စတိုးဆိုင်ဘက် ထွက်လာခဲ့သေးသည်။

သို့သော် ... မနက်ပိုင်းလူကျနေချိန်ဖြစ်၍ မဝင်တော့ဘဲ ဖြတ်လျှောက်ရုံသာ လျှောက်ခဲ့သည်။ ထို့ကြောင့် ... သူမနှင့် မတွေ့ခဲ့ရပါ။ ယခု ... ညနေပိုင်း မိုးတိတ်သွားတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



ဟိုလိုလို ဒီလိုလိုဖြင့် ထွက်လာခဲ့ပြန်သည်။

"ပြောင်းဖူးပြုတ်ပူပူလေး"

သူ့နောက်ကျောဖက်မှ ပြောင်းဖူးပြုတ်သည်အော်သံက စူးစူးဝါးဝါး ထွက်လာသည်။ ဤအသံကိုအာရုံပြု၍ စတိုးဆိုင်ရှေ့ ညီမြလုပ်ရန် သူ့တွင်အကြံဖြစ်ပေါ်လာသည်။

ထို့ကြောင့် ... ဆိုင်ရှေ့ထိရောက်အောင် ခပ်သွက်သွက် ခြေလှမ်းလိုက်သည်။ ဆိုင်ရှေ့ရောက်သည်နှင့် ...

"ပြောင်းဖူးပြုတ် လာပါဦး"

သူသည် ပြောင်းဖူးပြုတ်သည်ကို ခေါ်သာခေါ်လိုက်သော်လည်း လူကို သေချာမကြည့်မိသေးပါ။ ဈေးသည်ကို ပြောင်းဖူးပြုတ်တောင်း ကူချပေးလိုက်သည်။ ထို့နောက် ... ပြောင်းဖူးပြုတ်သည်နှိုက်ပေးသော ပြောင်းဖူးကို လှမ်းယူရင်း ...

"တစ်ဖူး ဘယ်လောက်လဲ"

"တစ်ဖူးသုံးရာ၊ နှစ်ဖူးငါးရာနဲ့ ယူလိုက်"

ပြောင်းဖူးပြုတ်မှာ ပူပူနွေးနွေးနှင့် အငွေ့တထောင်းထောင်း ထ,နေသည်။ ပိုက်ဆံပေးရတာချင်းအတူတူ ကြီးတာမှလိုချင်သောလူတို့၏သဘာဝအရ၊ သူသည် ခပ်ထွားထွားပြောင်းဖူးကြီးတစ်ဖူးကို ရွေးယူလိုက်သည်။ မွှေးပျံ့သောရနံ့က နှာခေါင်းဝတွင်ဝေ့ဝဲနေသည်။ သူသည် ပြောင်းဖူးပြုတ်ကို နှာခေါင်းဝတေ့နမ်းရန် ဟန်ပြင်လိုက်သည်။

သို့သော် ... သူ့လက်သည် လမ်းခုလပ်မှာပင် ရပ်တန့်သွားလေ၏။

"ဒီမှာ သူငယ်၊ ကျုပ်ပြောင်းဖူးက လတ်ဆတ်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အရင်နေ့ကကျန်တဲ့ အသိုးတွေ၊ အပုပ်တွေ ပြန်ရောင်းတာမဟုတ်ဖူးကွယ့်၊ နမ်းချင်ရင် မင်း,ဝယ်ပြီးသားမှ နမ်း၊ ဘယ်နှယ့်တော်ငွေလေး တစ်ရာနှစ်ရာနဲ့ ... သဘော်သီးစိပ်ဝယ်တုန်းကလည်း ဒီအတိုင်းပဲ"

"ဟာင်း"

သူသည် ထိုအခါမှ ကပျာကယာပင် မော့ကြည့်လိုက်မိသည်။ ထိုအခါ ... ယခင်သဘော်သီးစိပ်ရောင်းသောအဒေါ်ကြီးကို တွေ့ရလေသည်။ ယခုတော့ ... ပြောင်းဖူးပြုတ်သည်ဆိုပါ တော့ ...။

"ဒေါ်ကြီးကလည်း၊ ကျွန်တော်က ဝယ်မှာပါဗျ"

"ဝယ်မှာကတစ်ဖူးနှစ်ဖူးလေ၊ ကျုပ်ပြောင်းဖူးတွေကို မင်းကအဲသလို လျှောက်နမ်းကြည့်နေတော့ တခြားဈေးဝယ်သူတွေမြင်ကုန်ရင် ဘယ်ကောင်းမလဲကွယ့်"

"ကဲပါ အဒေါ်ကြီးရယ်၊ ကျွန်တော်, အခု မနမ်းတော့ပါဘူး၊ နောင်လည်း မနမ်းဘူး၊ ဟုတ်ပြီလား"

တကတည်းဗျာ၊ တော်တော်ဆိုးတဲ့ အဒေါ်ကြီး။ သူ့ပါးနမ်းတာကျလို့ ...။ (ကန်တော့ပါသေးရဲ့)။ တွန့်တိုလိုက်တာ လွန် ရောပဲ။

"ဒါနဲ့ အဒေါ်ကြီး"

သူက ပိုက်ဆံလှမ်းပေးရင်း ခေါ်လိုက်သည်။

"ဘာလဲ"

"အဒေါ်ကြီးက အပျိုကြီးလား"

"ဘာကွယ့်"



www.burmeseclassic.com

www.burmeseclassic.com



"အဟဲ၊ ဒေါ်ကြီးက အပျိုကြီးလားလို့ မေးကြည့်တာပါ"

"ပေါက်ပေါက်ရှာရှာ၊ ကျုပ်မှာ မင်းလိုအရွယ် သားရော၊ သမီးရောရှိတယ်၊ ဟွန်း ... မင်းက တကယ့် အူကြောင်ကြောင်းကောင်လေးပဲ"

"ဗျာ"

သူ, ပြောင်းဖူးပြုတ်တောင်းကို ပင့်တင်ပေးလိုက်တော့ အဒေါ်ကြီးက ပွစိပွစိပြောရင်း ထွက်သွားသည်။

"ဟောဒီက ပြောင်းဖူးပြုတ်ပူပူနွေးနွေး လတ်လတ်ဆတ်ဆတ်ကလေးတွေနော်၊ တစ်ဖူးမှသုံးရာတည်းပါ"

"အွန်"

သူ, တွန့်ခနဲ ဖြစ်သွားသည်။ ဒါ, အဒေါ်ကြီးက သူ့ကို တမင်စောင်းအော်သွားခြင်းသာ ဖြစ်ရမည်။

"မြင့်မြတ်ရေ၊ ငါတို့ကို ပြောင်းဖူးပြုတ်တစ်ဖူးပေးဟေ့၊ ငါနဲ့ ဝင်းအိန့်စားမယ်"

ဈေးဝယ်တစ်သုတ်ထွက်သွားသည်နှင့် သူ့ဇာက ဆိုင်ရှေ့ထွက်လာကာ သူ့ကို လှမ်းအော်သည်။ စောစောက ဈေးရောင်းနေကတည်းက သူ့ကို မြင်ပုံရသည်။ သူကလည်း မြင်စေချင်၊ ခေါ်စေချင်၍ ညိုမြလုပ်နေခြင်း မဟုတ်လား။

"ဟေ့ကောင် မြင့်မြတ်"

"ဗျာ"

သူ့နောက်မှ အလန့်တကြားခေါ်လိုက်သူက ရပ်ကွက်လူကြီး ဦးကျော်ဝင်း။

"မင်း, တို့ရပ်ကွက်အနောက်ပိုင်းက မုဆိုးမဒေါ်ကြူကြူ



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို ဘယ်တွေသွားနမ်းနေတာလဲ၊ မင်းကွာ ... မင်းလို ရုပ်ချော ဥစ္စာပေါ်ငယ်ငယ်ချောချောလေးနဲ့ ... ဈေးသည်မှဆိုးမကို များကွာ ..."

"ဟာဗျာ၊ ဦးလေးဦးကျော်ဝင်းကလည်း၊ ဘာတွေလျှောက် ပြောနေတာလဲဗျ၊ ကျွန်တော်က ဘာဖြစ်လို့ အဲဒီအဒေါ်ကြီးကို နမ်းရမှာလဲဗျ"

"သိဖူးလေ၊ ငါ, ကြားလိုက်မိတာကတော့ ... ဒေါ်ကြီးကို နောက် မနမ်းတော့ပါဖူးဆိုလားလို့ ..."

"ဟာဗျာ၊ အဲဒါက လူကိုပြောတာမဟုတ်ဖူးဗျ၊ ဦးလေး ဦးကျော်ဝင်းရ"

"ဟော ... သူကိုမဟုတ်ရင် ဘာကိုပါလိမ့်"

သူ့နားထဲ ခိုးခိုးခစ်ခစ်ရယ်သံတွေ ကြားရသည်။

ဩော် ... ငါ့နှယ်။

"ငါသိတယ် မြင့်မြတ်၊ နင်, အဒေါ်ကြီးရဲ့ ပြောင်းဖူးပြုတ် တွေကို သွားနမ်းတာမဟုတ်လား"

"သူ့ဟာ မနမ်းရသေးပါဖူးဟာ"

"နမ်းမလို့ ကြံရွယ်တုန်းဆိုပါတော့ ဟုတ်လား၊ နင်ဟာ လေ ... အဲသလိုအနမ်းသရမ်းတာကြောင့် တစ်နေ့ ဒုက္ခတွေ့ဦး မယ် သိလား"

"ခစ် ခစ်"

"စကားများပြီး လျှာရှည်လိုက်တာ မိဇာရာ၊ ရော့ ... နင့်ပါးစပ်ကို ပြောင်းဖူးနဲ့ ပိတ်ထားလိုက်"

သူသည် စိတ်တိုသည့်ကြားမှ ငွေလဝန်းအပြုံးများ၏နှာ



www.burmeseclassic.com

www.burmeseclassic.com


ကလေးကို မသိမသာ ခိုးကြည့်မိသည်။ သူမ, နှုတ်ခမ်းဖျားတွင် အပြုံးငွေ့တို့ဖြင့် စိုလက်နေ၏။

"နင်, အားတိုင်း လမ်းသလားနေတာ မဟုတ်လား မြင့် မြတ်၊ ပြန်မယ်ဆို ပြော ... ငါ, ဦးမျိုးအတွက် သံပုရာရည်ဖျော် ထားတယ်၊ ယူသွား"

"သဘောကောင်းလှပါလား၊ ဘာလဲ။ နင်, ငါ့ကိုများ ကြိတ်ကြိုက်နေရော့သလားမိဇာ"

"ကောင်စုတ်၊ အစုတ်ပလုတ်၊ နင်လို တွေ့ကရာ လျှောက် နမ်းနေတတ်တဲ့သူမျိုးကို ငါတော့ မကြိုက်သေးဖူးဟေ့... ဟွန်း"

သူမကတော့ ဘယ်သူဘာပြောပြော ရယ်နေတော့တာ ပါပဲ။ သူ့ဇာ့ခမျာမှာ ... စိတ်ဆိုးမာန်ဆိုးဖြင့် နှုတ်ခမ်းက ဝက်နှုတ် သီးလို ထော်လန်နေသည်။

သူသည် သူမကို စကားစမြည်ပြောရန် စဉ်းစားသော် လည်း ဘာပြောရမှန်းမသိဘဲ အကြောင်းကြောင်းဖြစ်ကာ ပြန်ခဲ့ရ သည်။

သူ, ပြန်ခါနီးတွင် မိဇာက "သံပုရာရည်တွေကိုလည်း လျှောက်နမ်းကြည့်မနေနဲ့ဦးနော်" ဟု အော်မိအောင်လှမ်းအော် လိုက်သေးသည်။

သူကလည်း သူ့ဇာ့စကားကို အရွဲ့တိုက်၍ သံပုရာရည် ခွက်ကို နှာဝတော့ကာ တမင်ပင် နမ်းပြလိုက်ပါသည်။

* * *


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

လောကကြီးနှင့်သူ, အေးအေးဆေးဆေးဒွန်တွဲနေလာခဲ့သမျှ အချစ်ဆိုသောအရာ ဝင်လာကာမှ စိတ်အစဉ်သည် ကစဉ့်ကလျားနှင့် မအေးမဆေး ဖြစ်လာသည်။

အချစ်ဆိုသောအရာကား အတော်ပင် ခက်၏။ မည်သူမှာ သေချာနားမလည်သော ထိုအချစ်ကို လူသားတိုင်း ချစ်တတ်ကြသည်။ ချစ်လည်း ချစ်ကြသည်။ ဖိုနှင့်မ သူစိမ်းလူသားနှစ်ယောက်၊ တစ်ယောက်ကိုတစ်ယောက် ချစ်ခင်စုံမက်ကြခြင်းကို ကိလေသာ (၁၅၀၀)မေတ္တာဟု ဆိုကြလေသည်။

"ကိုယ်စားမယ့်အစားအစာ ပါးစပ်ထဲသွင်းခါနီးမှ ပြုတ်ကျသွားတာမျိုးက အတော်ခံရခက်တယ်နော် မြင့်မြတ်"



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်လတ်က မချင့်မရဲပြောလာသည်။ ခင်မောင်လတ် ဘာကိုဆိုလိုမှန်း သူ့ ကောင်းကောင်းသဘောပေါက်သည်။ မနေ့က လပြည့်နေ့တွင် ကောင်မလေးတွေနှင့် လျှောက်လည်ကြမည့်အစီအစဉ် ပျက်သွားတာကို ဆိုလိုခြင်းဖြစ်သည်။

"ဝင်းအိက သူ့အိမ်ကအလုပ်ကိစ္စပေါ်လို့ မလိုက်နိုင်တော့ဖူးတဲ့လေ၊ အခုကိစ္စက သူ့အတွက် ဦးစားပေးစီစဉ်ပေးတာကို သူ, မပါမှတော့ မသွားတော့ဖူး"

သူဇာက မနက်စောစော သူ့အိမ်ရှေ့လာကာ စာစာစာစာနှင့် ထိုသို့ ... ပြောသွားခဲ့သည်။ သူဇာ့စကားသံအဆုံးတွင် သူ့စိတ်ထဲ အတော်ပင် ကသောင်းကနင်းဖြစ်သွားခဲ့၏။ ထို့ ကသောင်းကနင်းသည် အချစ်ဆိုသော တစ်ထောင့်ငါးရာကိုလေသာ မေတ္တာသာ ဖြစ်ပေလိမ့်မည်။

"မိဇာအချိုးက မင်းနဲ့ ဝင်းအိစိုကို တွန်းအားပေးချင်တဲ့သဘောရှိတယ်မြင့်မြတ်၊ မင်းဘက်ကရော ဘယ်လိုခံစားမှုမျိုးရှိသလဲ၊ ကောင်မလေးက မဆိုးဖူး၊ လှလှပပသိမ်သိမ်မွေ့မွေ့လေး၊ အဲဒီတော့ ... မှန်ရာကိုသာ သံတော်ဦးတင်ပေတော့ ..."

ခင်မောင်လတ်ထံမှ ဆရာကြီးလေသံဖြင့်ပြောလာသော စကားကို ယခုတစ်ကြိမ်သာ သူ့နားထဲ နားဝင်ချိုဖူးသေးသည်။

"ငါနဲ့ သူ၊ တစ်ယောက်နဲ့တစ်ယောက် ချစ်ကြရင် ဘယ်လိုမေတ္တာမျိုးဖြစ်မလဲ ခင်မောင်လတ်"

"ဟာ၊ ယောကျ်ားနဲ့မိန်းမ၊ သူစိမ်းနှစ်ယောက်ချစ်မှတော့ တစ်ထောင့်ငါးရာ ကိုလေသာမေတ္တာပဲပေါ့ကွ"

"အဲဒါ ... ငါ,စဉ်းစားနေတာ၊ ကိုလေသာ ၁၅၀၀ ဆို



www.burmeseclassic.com

www.burmeseclassic.com



တာ နာမ် ၅၃၊ နိပ္ဖန္နရုပ် ၁၈နဲ့ လက္ခဏာရုပ် ၄ ကိုပေါင်း၊ ၇၅ ရတယ်၊ အဲဒီ ၇၅ ကို သန္တာန် ၂ နဲ့ မြှောက်တော့ ၁၅၀၊ ဒါကို ကိလေသာ ၁၀ ပါးနဲ့ ထပ်မြှောက်လိုက်ရင် ၁၅၀၀ ဝဲပေါ့၊ ဥပမာ= နမ် ၅၃ + နိပ္ဖန္နရုပ် ၁၈ + လက္ခရုပ် ၄ = ၇၅ × သန္တာန် ၂ = ၁၅၀ × ကိလေသာ ၁၀ပါး = ၁၅၀၀) ဒီနဲ့မ ချစ်ကြတာ ဒီလောက် ကိစ္စများသလားလို့ပါ"

"အောင်မလေး၊ ဖြစ်မှဖြစ်ရလေ မြင့်မြတ်ရာ မင်း၊ သိပ်ပြီး နက်နက်နဲနဲတွေ လျှောက်တွေးမနေနဲ့ ... တော်ကြာ မိန်းမ မရဘဲ ဂေါက်သွားဦးမယ်၊ ချစ်စရာရှိ ရိုးရိုးရှင်းရှင်းနဲ့ အေးအေးဆေးဆေးသာ ချစ်စမ်းပါကွာ"

အေးအေးဆေးဆေးချစ်ဆိုကာမှ ရိုးသားအေးဆေးသော သူမ, မျက်နှာလေးကို မြင်ယောင်မိပြန်သည်။

သို့သော် ... သူမကိုချစ်နေကြောင်း ဝန်ခံဖို့ကတော့ စောနေပါသေးသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



သူသည် ယခုတလော စောစောထသောအကျင့် ရ,နေသည်။ ယခင်က မနက်ဆိုလျှင် ဆယ့်တစ်နာရီကျော်လောက်မှ အိပ်ရာက ထတတ်သော်လည်း ယခုမူ မနက်ခြောက်နာရီဆို အိပ်ရာမှထပြီး ရပ်ကွက်တစ်ပတ်ပတ်ကာ နာရီဝက်လောက် လမ်းလျှောက်သည်။ ပြီး ဈေးလမ်းတစ်လျှောက်ဝင်၍ စားချင်တာ မုန့်သမျှ ဝယ်စားသည်။ ပြီးလျှင် ... ဖခင်ဖြစ်သူအတွက် ကောင်းနိုးရာရာစားစရာဝယ်ပြီး ပြန်လာသည်။ တစ်ခါတရံ အိမ်ရှိ လူများ အတွက်ပါ မုန့်ဟင်းခါး၊ အီကြာကွေး ပိုဝယ်လာတတ်သေးသည်။

ထိုသို့ ... မနက်စောစော ထရခြင်းအကျိုးကြောင့် တစ်နေ့တွင် နှင်းပွင့်ဖြူဖြူလေးနှင့် နှစ်ကိုယ်တည်း တွေ့ကြုံဆုံခွင့်ရခဲ့သည်။ (မှတ်ချက်။ သူက သူမကို နှင်းပွင့်ဖြူဖြူလေးဟု တိတ်တခိုးအမည်ပေးထားသည်။)

မနက်စောစော ဆုံခွင့်ရခဲ့သော နှင်းပွင့်ဖြူဖြူလေးသည် နေရောင်ခြည်နုနုဖျော့ဖျော့အောက်တွင် အင်မတန်လှပါ၏။

"ကိုမြင့်မြတ်၊ ဘာတွေ ဝယ်လာတာလဲဟင်"

ကိုယ့်စိတ်ကူးနှင့်ကိုယ် လျှောက်လာသောသူသည် နှုတ်ဆက်သံချိုချိုလေးကြောင့် အတွေးတို့ လွင့်စင်ထွက်ပြေးသွားသည်။

"ဟင် ဝင်းအိ၊ ဟို ... အစောကြီးပါလား"

"ဟုတ်တယ် ကိုမြင့်မြတ်၊ ဆိုင်အတွက် လိုအပ်တာလေး သွားဝယ်ပေးရမယ်၊ ဒါကြောင့် ... စောစောထွက်လာတာ"

"ဪ"

www.burmeseclassic.com


"မိဘာပြောဖူးတာကတော့ ... ကိုမြင့်မြတ်က ညဆိုစာအုပ်တွေဖတ်လို့ မိုးချုပ်မှ အိပ်ပြီး၊ နေ့ခင်းလောက်မှ အိပ်ရာကထတာဆို"

"အဟဲ၊ ဟိုတုန်းကတော့ ဟုတ်တယ်၊ အခု ... အပြောင်းအလဲ လုပ်ကြည့်တာ၊ ညဆို စောစောအိပ်ပြီး မနက်ဆို စောစောထပြီလေ၊ အကျိုးရှိပါတယ်၊ အဟဲ"

သူက သူ့အထာနှင့်သူပြောခြင်းကို သူမက သဘောပေါက်ပေ။

"ဆောင်းတွင်းဆို မနက်စောစောအလှကိုခံစားလို့ရတာပေါ့ ကိုမြင့်မြတ်ရဲ့ ... သိပ်သာယာတာပဲ"

"ဪ ... ဝင်းအိက စိတ်ကူးယဉ်တတ်သားပဲ"

"ဟင် ၊ ကိုမြင့်မြတ်ကရော စိတ်ကူးမယဉ်တတ်ဖူးလား၊ လူတိုင်း စိတ်ကူးယဉ်တတ်မှာပါ"

"ဟိုတုန်းကတော့ သတိမထားမိဖူးဗျ၊ ကျွန်တော်လည်း ခုမှ စိတ်ကူးယဉ်ချင်လာပြီ"

"စိတ်ကူးများ ယဉ်ချင်ရတယ်လို့ ... ပိုက်ဆံမပေးရပါဖူး၊ ယဉ်လိုက်ပါ ... ခစ်"

အရယ်တော်တော်သန်တဲ့ ဟာမလေး။ ဘာပဲဖြစ်ဖြစ် ချစ်ဖို့တော့ အလွန်ကောင်းပါသည်။

"ဒါနဲ့ ... အခုဝယ်လာတဲ့ အိကြာကွေးကို နမ်းပြီးပြီလား ကိုမြင့်မြတ်"

"ဗျာ ... အဲ ... မနမ်းရသေးပါဖူး၊ အဟဲ"

"ဟုတ်လား၊ ဒါဆို ... ကျွန်မကို အဲဒီ မနမ်းရသေးတဲ့


www.burmeseclassic.com

www.burmeseclassic.com


အိကြာကွေးလေး ကျွေးပါလား၊ အိမ်က ဘာမှမစားခဲ့ရလို့ ဗိုက်ဆာနေတာ"

"ဟာ .. ဟုတ်လား၊ ကျွေးမှာပေါ့၊ စားပါ၊ ရော့ ... ရော့"

ဖြစ်ချင်တော့ ဖခင်ဖြစ်သူ ဦးမျိုးခန့်က ထိုနေ့မှ အိကြာကွေးစားချင်လှချည်ရဲ့ဆိုကာ ထူးထူးခြားခြား မှာသောနေ့ဖြစ်သည်။ အရင်နေ့တွေကဆိုလျှင် စားစရာဝယ်လာတိုင်း "နောက်နေ့ ဘာမှဝယ်မလာပါနဲ့ကွာ၊ ထမင်းကျက်မှ ထမင်းပူပူ၊ ဟင်းပူပူစားမယ်၊ ငါက ထမင်းပဲ အာသီသရှိတာ" ဟု ပြောနေကျပင်။

ဒီနေ့တော့ ... သူမကို လောကွက်လုပ်တာလွန်ပြီး နှစ်ချောင်းစလုံးပေးလိုက်မိသည်။ သူမကလည်း တော်တော်လောဘကြီးသည်။ တစ်ချောင်းဆိုဝပြီဟု မပြောဘဲ သူ့ပေးသော နှစ်ချောင်းစလုံးကို ယူသွားသည်။

ဟင်း။ ဒီနေ့ကျကာမှ ...။

"ဟာ ... ငါ့ အိကြာကွေးမှာလိုက်တာ မပါဖူးလား၊ မေ့မှာစိုးလို့ကို သေသေချာချာ အထပ်ထပ်မှာလိုက်တဲ့ဟာ"

"ဟို ... ဟုတ်တယ် အဖေ၊ အိကြာကွေးက ကုန်သွားလို့"

"ဟေ ... မင်း့ အစောကြီးကတည်းက ထွက်သွားတာပါ"

"အဲ ... အိကြာကွေးက ဒီနေ့ ... အစောကြီးကုန်တာ အဖေရ"

"အိကြာကွေးဆိုင် တစ်ဆိုင်တည်း ရှိတာလား"

"ကျွန်တော်၊ အကြွေးရစရာရှိတာတွေ လိုက်တောင်းနေ


www.burmeseclassic.com

www.burmeseclassic.com



ရလို့ တခြားဆိုင်တွေလည်း အခု နေမြင့်တော့ ကုန်ပြီ၊ မုန့်ဟင်းခါး စားမလား၊ ကျွန်တော်, အခု ... ပြေးဝယ်လိုက်မယ်"

"တော်ပါပြီကွာ၊ ငါက ဒီနေ့ ... အီကြာကွေးပဲ စားချင်တာ"

"ဗျာ!"

လောကကြီးသည် ဤသို့ ကမောက်ကမလည်း ဖြစ်တတ်လေသည်။ ယနေ့မှ အီကြာကွေးချဉ်ချင်းတပ်သော ဖခင်ဖြစ်သူအတွက် သူ့, အတော်ပင် စိတ်မကောင်းဖြစ်သွားရသည်။ ဦးမှုတ်းကို တောင်းပန်ပြီး အီကြာကွေးတစ်ချောင်းလောက် ထပ်ကြော်ခိုင်းလိုက်ရ အကောင်းသားဟု နောင်တရမိ၏။

ထို့ကြောင့် ... စိတ်မကောင်းဖြစ်ခြင်းနှင့် နောင်တကို ဖြေဖျောက်ရန် နလုံးသားရပ်ဝန်းနေရာဆီသို့ ခြေဦးလှည့်လိုက်သည်။ ဒါကို ဖခင်ဖြစ်သူသာ သိလျှင် မွေးရကျိုးမနပ်သောသားဟု ရင်ထုမနာဖြစ်ပေလိမ့်မည်။ မတတ်နိုင်။

"ဟဲ့ မြင့်မြတ်၊ မနက်က ဝင်းအိတောင် ပြောနေသေးတယ်"

သူ့ဇာ စ,လာသောစကားက သူ့ကို စိတ်ဝင်စားစေသလိုရင်လည်းခုန်သွားသည်။ သူ့အကြောင်းကို သူမ,က ဘာတွေများ ပြောခဲ့ပါသနည်း။ သူသည် သူမကို လှမ်းကြည့်လိုက်တော့ မပြုံး တုံ့တုံ့၊ ပြုံးတုံ့တုံ့အမူအရာလေးနှင့် ...။

"ဝင်းအိကပြောတယ်၊ မနက်ကတဲ့ ... မနမ်းရသေးတဲ့ အီကြာကွေးကို စားခဲ့ရတယ်တဲ့၊ ဆိုင်က ကောင်မလေးတွေကိုလည်း ဝေမျှ ကျွေးလိုက်တယ်တဲ့၊ ဟင်း ဟင်း ဟင်း ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



သူက အပဟုတ်မှတ်၍ နားထောင်နေမိတာ ... သူ့ဇာတ်စကားဆုံးတော့ ရှက်သွားသည်။ ရှက်တော့ ... သူ့မျက်နှာကြီးကို ဘယ်နားသွားထားရမှန်း မသိ။

"အဟင်း၊ ကျွန်မက ခင်မင်ရင်းနှီးစိတ်နဲ့ နောက်လိုက်တာနော် ကိုမြင့်မြတ်၊ စိတ်မဆိုးပါနဲ့"

ခင်မင်ရင်းနှီးစိတ်နှင့်တဲ့။ ချစ်မြတ်နိုးစိတ်နှင့်ပါ နောက်ပြောင်ကျီစယ်နိုင်သည်ဟု သူ့စိတ်ထဲက ပြောလိုက်မိသည်။ နှုတ်ကတော့မှ ...

"ရပါတယ်ဗျာ၊ ဟုတ်တာပြောတာပဲ၊ စိတ်ဆိုးစရာ ဘာအကြောင်းမှ မရှိပါဘူး အဟဲ"

"ပြီးတော့ ... ဟိုတစ်နေ့က မလာဖြစ်တာကိုလည်း တောင်းပန်ပါတယ်၊ ကျွန်မကြောင့် အားလုံးအစီအစဉ်တွေ ပျက်သွားရတယ်၊ စိတ်မဆိုးနဲ့နော်"

"မဆိုးပါဘူးဗျာ"

"ဘယ်စိတ်ဆိုးမလဲ၊ ဓာတ်ဆီကုန်သက်သွားလို့ မဟုတ်လား"

"ဟာ၊ ဒီလိုသဘောမျိုး မရှိပါဘူးဗျာ၊ နောက်တစ်ခါသာ မပျက်ကွက်ပါစေနဲ့"

"အလကား စ,တာပါ၊ နောက်တစ်ခါ တကယ်ပဲ လိုက်ပို့ချင်စိတ် ရှိသေးရဲ့လား"

"အားတဲ့နေ့သာ ပြောပါလေ"

"ပြောသာပြော ဝင်းအိရေ၊ အားမနာနဲ့ ... သူက အနမ်းသရမ်းတာကလွဲရင် သဘောအလွန်ကောင်းပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... မိဇာ၊ နှင်၊ ဒါပဲ ခလုတ်တိုက်နေတော့တာပ၊ ငါ့, လက်သီးစာကျွေးလိုက်ရ ... ဟင်း၊"

"ခစ် ခစ်"

ဘာပဲပြောပြော သူဇာ့ကိုတော့ ကျေးဇူးတင်ရပါမည်။ သူဇာ့ကျေးဇူးကြောင့် နှင်းပွင့်ဖြူဖြူလေး၏ လှပချစ်စဖွယ် ရယ်မောနေဟန်လေးကို မကြာခဏ မြင်တွေ့ခွင့် ရနေသည် မဟုတ်ပါလား။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)

ဒေါ်မြမာလာ၏ အသံကို ခပ်လှမ်းလှမ်းကပင် ဟောင်ဖွာဟောင်ဖွာနှင့် စူးရှကျယ်လောင်စွာ ကြားနေရသည်။ ဤအသံနေအသံထားအရဆိုလျှင် ဒေါ်မြမာလာ၏ သမီးပျိုထဲက တစ်ယောက်ယောက်ကိစ္စနှင့်ပတ်သက်တာပဲ ဖြစ်ရမည်။

ဒေါ်မြမာလာသည် သမီးတွေနှင့်ပတ်သက်လျှင် နည်းနည်းလေးမှ သေးသေးတင်ခံသူ မဟုတ်ပေ။

ဦးမျိုးခန့်သည် ဒေါ်မြမာလာ၏ လေမုန်းတိုင်းမဟပ်မိစေရန် ဆိုင်ရှေ့မှ ဖြတ်လျှောက်သည်။ ထိုအခါ ... လေမုန်တိုင်းက ဟပ်မိရုံမဟုတ်ဘဲ တည့်တည့်ပင် အတိုက်ခတ်ခံရတော့သည်။

"အောင်မာ၊ အောင်မာ၊ ဟဲ့ မျိုးခန့်၊ လာစဉ်း နင်က

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုပြေးလို့ လွတ်မလား၊ ဟင်"

"ဟိုက်"

ဘိုးဘေးဘီဘင်လက်ထက်ကတည်းက ရပ်ဆွေရပ်မျိုးလို ဖြစ်နေသော ဒေါ်မြမာလာတို့မိသားစုနှင့် ဦးမျိုးခန့်တို့မှာ ပြော မနာ ဆိုမနာတွေ ဖြစ်သည်။ ဒါတင်မက ဒေါ်မြမာလာမှာ ဦးမျိုးခန့်ထက် ခြောက်နှစ်ခန့်ကြီးသဖြင့် မောင်ငယ်တစ်ယောက် လို ငယ်ကြောက်လည်း ဖြစ်နေသည်။

"နင့်အိမ်က အကောင်တွေက တော်တော့်ကို အားယား နေသလား ဟင်၊ ငါ့သမီးအကောင်းစားတွေကို တစ်ယောက်ပြီး တစ်ယောက် မျက်စောင်းထိုးနေကြတယ်"

ဒေါ်မြမာလာသမီးတွေက အကောင်းစားလား၊ အစား ကောင်းလားတော့မသိ။ ဒေါ်မြမာလာပြောပုံနှင့် သူ့သမီးတွေ ဘယ်သဘော ရောက်ကုန်သနည်း။

"ဘယ့်နှယ်တော်၊ ဟိုတလောကပဲ အငယ်မနန္ဒာကို နင့် အိမ်မှာနေပြီး သင်တန်းတွေလာတက်နေတဲ့ ငြိမ်းချမ်းဆိုတဲ့ ကောင် လေးက ရီးစားစာပေးတာ ငါကိုယ်တိုင်တွေ့ပြီးပြီ၊ အခု ... ဟို မင်းသားရှုး ရှုးနေတဲ့ ပြည်စိုးဦးဆိုတဲ့အကောင်ကို မိသီတာနဲ့တွဲ လာတာ ငါနဲ့ပက်ပင်းတွေ့တာပဲ၊ ကောင်းကြသေးရဲ့လား"

ဒါ, ဖြစ်နိုင်သည်။ ပြည်စိုးဦးက ရုပ်ရည်လေးရှိသည်။ လူက လူတပတ၊ နနရွှရွှဖြင့် မင်းသားဖြစ်ချင်နေသည်။ သားဖြစ် သူ မြင့်မြတ်နှင့် ကျောင်းကတည်းက တွဲလာ၊ ခင်လာသူပါပဲ။

ခု ... ဒေါ်မြမာလာသမီး မြသီတာကလည်း မင်းသမီးပိုး ဝင်အကိုက်ခံနေရသူ။ ဒီတော့ ... သူတော်ချင်း သတင်းလွှ လွှ

www.burmeseclassic.com


ဖြစ်တာမဆန်းပေ။ ရိုးစားသန့်အဆင့်ထိတော့ ဟုတ်ပုံမရသေးပါ။ ဝါသနာတူချင်းမို့ ရိုင်းပင်းကူညီရင်း တွဲသွားတွဲလာ လုပ်နေကြခြင်း ဖြစ်သည်။ ထို့ကြောင့် ... မကြာခဏဆိုသလို နေရာတိုင်းမှာ တပူးတွဲတွဲ တွေ့တွေ့နေရခြင်းပင်။ ဒါကို ဦးမျိုးခန့် ကိုယ်တိုင် သတိပေးစကား ပြောခဲ့ဖူးသည်။

သို့သော် ... ခေတ်လူငယ်တွေသဘော၊ မည်သို့ နားလည် ရပါမည်နည်း။

"ဒင်းကို ငါ့သမီး သွေးဆောင်ဖြားယောင်းမှုနဲ့ အချုပ်ထဲကို ထည့်ပစ်လိုက်ဦးမယ်"

"ခင်ဗျာ"

ဒေါ်မြမာလာသမီးကို ခိုးပြေးသွားတာလည်းမဟုတ်၊ ဘာ မဟုတ်နှင့်၊ မည်သည့်ပုဒ်မတပ်ကာ တရားစွဲမည်နည်း။ မသိတာ လည်းမဟုတ်၊ သိလျက်နှင့် ဒေါ်မြမာလာက ငါ့စကားနွားရ အနိုင် ယူပြောနေခြင်း ဖြစ်သည်။

"ဒီမှာ မျိုးခန့်"

"ဗျာ"

"နင့်ခြံထဲက နွားတွေကို နိုင်အောင်ထိန်းစမ်းပါ၊ ကြာရင် ငါ့စိတ်နဲ့တော့ မလွယ်ဖူးနော် ဟင်း"

ကိုယ်ပါရောၡ နွားဖြစ်မသွားတာ တော်ပါသေးသည်။

"သူတို့ချင်း ရိုးရိုး ခင်ကြတာပါ အစ်မကြီးရယ်"

"ဘာ"

"ဘုရား"


www.burmeseclassic.com

www.burmeseclassic.com



"ခုတော့ရိုးရိုး၊ နောက်တော့ တစ်မျိုးတိုးမလာဖူးလို့ နင် အာမခံနိုင်သလား ပြော၊ နင်ဟာလေ ... နင့်မှာ သမီးမိန်းကလေး မရှိတိုင်း ကိုယ်ချင်းမစာတတ်ဖူး၊ ဟွင်း"

"ဒီလိုသဘောမျိုး မဟုတ်ရပါဖူး အစ်မကြီးရယ်၊ အစ်မကြီးသမီးတွေကလည်း ကျွန်တော့်သမီးတွေပါပဲ"

"ဘာ ပြော တယ်"

ပြောလိုက်မှ ပိုဆိုးကုန်သည်။

"ဟို ဟို၊ ကျွန်တော်ဆိုလိုတာက အစ်မသမီးတွေကို ကျွန်တော့်သမီးတွေလိုပဲ သဘောထားတယ်လို့ ပြောတာပါ"

"ဘာမှ ရှည်ရှည်ဝေးဝေးတွေ ပြောမနေနဲ့ မျိုးခန့်၊ ငါ့သမီးလေးတွေက ငယ်သေးတယ်၊ မငယ်လည်း အဲဒီကောင်တွေ အဆင့်လောက်နဲ့ ငါ့သမီးတွေကို သဘောမတူဖူး"

"ကျွန်တော့်အိမ်က ကောင်လေးတွေက လူကောင်းသူကောင်းလေးတွေပါဗျာ"

"တော် တန် တိတ်"

ဦးမျိုးခန့် ဇက်ပုသွားပြီး "အကြော်ပန်းကန်ငါကြိတ်" ဟု စိတ်ထဲက ပြောသည်။

"နောက်တစ်ခါဆို ငါ့အဆိုးမဆိုနဲ့ မျိုးခန့်၊ ဒါပဲ ... ဟင်း၊ သူဇာတစ်ယောက်ကျန်သေးတယ်၊ ဒင်းတို့အိမ်က ဘယ်အကောင် လက်ချက်မိဦးမလဲ မသိဖူး၊ မဖြစ်ပါဘူး၊ သတိထားမှပဲ၊ ငါ့သမီးကို ဂရုစိုက်တာ မမှားဖူး၊ ဟင်း"

ဒေါ်မြမာလာပြောမှ ဆိုင်တွင်းမှ မြသူဇာကို သတိထား ကြည့်လိုက်မိသည်။ ထိုအချိန်တွင် သူဇာက သူငယ်ချင်းဖြစ်သူ



www.burmeseclassic.com

www.burmeseclassic.com



ဝင်းအိစိုနှင့် တီးတိုးတီးတိုးသဖန်းပိုးလုပ်နေရင်းမှ ဦးမျိုးခန့်ကို လှမ်းအကြည့်။

တစ်ယောက်နှင့်တစ်ယောက် အကြည့်ချင်းဆုံသွားကြသည်။ ထိုသို့ ... အကြည့်ချင်းဆုံမိသည့်ခဏ တစ်ကြိမ်တစ်ခါမျှ မဖြစ်ပေါ်ဖူးသော ခံစားချက်တစ်မျိုး၊ နှစ်ဦးသားရင်ထဲတွင် ကိုယ်စီ ဖြစ်ပေါ်သွားကြသည်။

ထို, ခံစားချက်ကား ...။

* * *

"ဟဲ့ မိဇာ၊ ကိုမြင့်မြတ်ရဲ့အဖေက ချောတယ်နော်၊ ခန့် ချောကြီး၊ သားထက် အဖေကတောင် ပိုချောသေးတယ်"

"မြင့်မြတ်ဆိုတဲ့ အကောင်က ပစ္စလက္ခတ်နေလို့ပါ၊ ဦးမျိုး ကတော့ မနက်မိုးလင်းတာနဲ့ ဘိုကေကအစ ကော့နေအောင် 'သ' တဲ့ဥစ္စာ"

"ဘာလို့ နောက်အိမ်ထောင်မပြုတာလဲ မသိဖူးနော်၊ အရွယ်လည်းရှိ၊ ငွေကြေးလည်း ပြည့်စုံနေရဲ့သားနဲ့ ... ကိုမြင့်မြတ် သဘောမတူလို့လားမသိဘူး"

"မဟုတ်ဖူးဟ၊ မြင့်မြတ်က နားလည်တယ်၊ ယူခိုင်းနေ တာ ကြာပြီ၊ ဒါပေမယ့် ... အင်းလေ၊ အကြောင်းအကျိုးမတိုက် ဆိုင်လို့နေမှာပေါ့၊ ငါလည်း သေချာမသိဘူး"

သူဇာက ပြောရင်း စောစောက ဦးမျိုးခန့်နှင့် မျက်လုံးချင်း



www.burmeseclassic.com

www.burmeseclassic.com


ဆုံစဉ်ခဏခံစားချက်တစ်မျိုး တွေးမိကာ မလုံမလဲဖြစ်သွားရသည်။

"အချစ်ဆိုတာ အသက်အရွယ်ကွာခြားမှုနဲ့ ဆိုင်သလား၊ နင်၊ ဘယ်လိုထင်သလဲ မိဇာ"

ဝင်းအိစိုအမေးကြောင့် သူဇာ့ရင်ထဲ ထိတ်ခနဲ ဖြစ်သွားပြန်သည်။ ဝင်းအိစိုက မည်သည့်သဘောကြောင့် ထိုသို့ မေးလေသနည်း။ သူဇာက ဝင်းအိစိုအမေးကို မဖြေဘဲ အမေးနှင့် တုန့်ပြန် လိုက်လေသည်။

"နင်က ဘာဖြစ်လို့ မေးတာလဲ ဝင်းအိ"

"ဘာရယ် မဟုတ်ပါဖူးဟာ၊ ငါလည်း လူတွေ တစ်ယောက်နဲ့တစ်ယောက် ချစ်ကြတဲ့အချစ်ကို စိတ်ဝင်စားလို့ပါ"

"ဘာ၊ အချစ်ကို စိတ်ဝင်စားတယ် ဟုတ်လား ဝင်းအိ၊ အင်းလေ၊ နင်လည်း တကယ်တမ်းကျ အမှန်အကန်အချစ်စစ်နဲ့ ချစ်ခဲ့ဖူးတာမှ မဟုတ်တာ"

"အင်း၊ အချစ်ဆိုတာ လျှို့ဝှက်တယ်၊ ဘယ်လိုခံစားချက်မျိုးနဲ့ ခံစားရတာကို အချစ်စစ်လို့ သတ်မှတ်မလဲ၊ နင့်မှာရော အချစ်နဲ့ပတ်သက်တဲ့ခံစားချက်မျိုး တစ်ခါမှ မခံစားမဖြစ်ပေါ်ဖူးသေးဘူးလား မိဇာ"

သူဇာသည် ခဏတော့ တွေသွား၏။ ပြီးမှ ...

"လူတစ်ယောက်အပေါ်မှာ ထူးဆန်းတဲ့ခံစားချက်မျိုး နှစ်ကြိမ်၊ နှစ်ခါ ဖြစ်ပေါ်ဖူးတယ်၊ အဲဒါဟာ အချစ်ပဲလို့ သေချာတဲ့နေ့ ... သူ့, ဘယ်သူဆိုတာ နင့်ကို ငါ ပြောပြပါ့မယ် ဝင်းအိ"

နှစ်ယောက်သား ဘာမှ မသိနားမလည်သေးသော အချစ်အကြောင်းတွေကို ကြီးကြီးကျယ်ကျယ် ပြောဆိုဆွေးနွေးကြရင်း



www.burmeseclassic.com

www.burmeseclassic.com



မနက်စာ ထမင်းစားဖို့ပင် သတိမရပေ။

ဩော် ... စွမ်းပကားကြီးလှသော အချစ်ပါတကား။

* * *

ယခုတလော ပြည်စိုးဦးကို သူ့ သိပ်ကြည့်မရ။ အလကား နေရင်း အမြင်ကပ်နေတာမျိုးတော့ မဟုတ်။ အမြင်ကပ်အောင် လုပ်၍ အမြင်ကပ်ခြင်းသာ ဖြစ်သည်။

ယခုလည်းကြည့်။ တိုင်တွင်ချိတ်ထားသောမှန်ရှေ့တွင် ခေါင်းဖြီးနေသည်မှာ မပြီးနိုင်၊ မစီးနိုင် ကြာလှပြီ။ ဒါ, ထားဦး။ ခေါင်းဖြီးတာကို အမြင်ကပ်တာလည်း မဟုတ်သေးပါ။ အကြော ဆွဲသလို တွန့်လိုက်၊ တွလိုက်၊ စောင်းလိုက်၊ ရွဲ့လိုက်လုပ်နေပုံကို အမြင်ကပ်ခြင်း ဖြစ်သည်။

"ဟေ့ကောင် ပြည်စိုးဦး၊ မင်းကို ငါကြည့်နေတာကြာပြီ မင်းပုံစံက ဘာဖြစ်တာလဲ၊ အခုတလော တစ်မျိုးပဲ၊ မျက်စိထဲ နောက်တောက်တောက်ရှိလိုက်တာကွာ"

သူ့စကားကြောင့် ပြည်စိုးဦးက မျက်လုံးစွေကြည့်လာ သည်။ မျက်လုံးကိုလည်း ရိုးရိုးတန်းတန်း စွေကြည့်တာမျိုး မဟုတ်။ အိုက်တင်အပြည့်နှင့် ကြည့်ခြင်းပင်။

"ငါ, အခု၊ အိုက်တင်အသစ်တစ်ခု ထွင်ထားတယ်၊ အဲဒါ အစမ်းလုပ်ကြည့်နေတာ ... ဒါကြောင့် ... မင်းအမြင်မှာ တစ်မျိုးဖြစ်နေတာပေါ့ကွာ၊ ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှ ဖြစ်ရလေဟုသာ သူ့စိတ်ထဲ ညည်းမိသည်။ ထွင်စရာရှားလို့ ... အိုက်တင်များ အသစ်ထွင်နေရသေးသည်။

"ကြည့်လည်းလုပ်ပါဦးကွာ၊ တော်ကြာ ... မင်းထွင်တဲ့ အိုက်တင် လိုက်အတုခိုးပြီး တစ်နိုင်ငံလုံးက လူငယ်တွေ လေဖြတ်သလို၊ ငန်းဆွဲသလို၊ ပိုလီယိုလိုလို ဖြစ်ကုန်ဦးမယ်"

"အောင်မာ၊ ထွပ် ... မဦးမချွတ်၊ မင်းဆိုတဲ့ကောင်က သူများသားသမီးကို ပြောရမယ်ဆိုရင် နှစ်ယောက်မရှိတဲ့ကောင်ပဲ မြင့်မြတ်၊ နှစ်ပြားမတန် နာမ်နှိမ်တဲ့လေသံနဲ့ မပြောစမ်းပါနဲ့ကွာ၊ ငါထွင်တဲ့ အိုက်တင်အသစ်ရဲ့ ဒီဇိုင်းသာပေါက်သွားရင် ပြည်စိုးဦး အိုက်တင်ဆိုပြီး လူငယ်တွေကြားမှာ တစ်ခေတ်တစ်ခါ ပေါ်ပေါက် လွှမ်းမိုးမှာ မြင်ယောင်သေးရဲ့ ... ဟိ ဟိ"

"အင်း၊ ရူးတာမှ တော်တော်မဟုတ်ဖူးပဲ"

"ပြည်စိုးဦးခေတ်၊ ပြည်စိုးခေတ်၊ အဲဒီအခါကျရင်သာ မင်းလည်း ငါ့အိုက်တင်တွေ လိုက်မလုပ်ရမနေနိုင် ဖြစ်လာမယ်"

ပြောနေသည့်ကြားမှ ပြည်စိုးဦးက ထပ်တွန့်ပြန်သည်။

"တော်ပါကွာ"

အတော့်ကို ထမင်းစားပျက်ချင်စရာ ကောင်းလှသည်။ သူ့အပေါင်းအသင်းသူငယ်ချင်းတွေထဲ ဒီလို အရူးအပေါကောင် မျိုးကလည်း ပါလာသေးသည်။

"ပြည်စိုးဦးခေတ် ရောက်တာမရောက်တာ နောက်ထား၊ မင်း, အချုပ်ထဲရောက်ဖို့တော့ နီးနေပြီ"

"ဘာ"

ပြည်စိုးဦးက သူထွင်ထားသည့် အိုက်တင်အသစ်ကိုပင်



www.burmeseclassic.com

www.burmeseclassic.com



မသုံးနိုင်တော့ဘဲ ဈက်ပြုးဆန်ပြာဖြင့် ထိတ်လန့်တကြား အော်သည်။ ပြီးမှ ...

"ဖွဟဲ့ မဦးမချွတ်၊ ဟော့ကောင် မြင့်မြတ်၊ သူငယ်ချင်းအချင်းချင်း မင်း၊ ငါ့ကို တစ်ချိန်လုံး နှိပ်ကွပ်နေတာ ဘာသဘောလဲကွ၊ ဟင်"

"ဘာသဘောရမှာလဲကွ၊ မင်းကို သိတာ့အမေ အန်တီမာလာကြီးက အဲဒီအတိုင်း ကြုံးဝါးနေတာပဲလေ"

"ဟင် ဟုတ်လား"

ပြည်စိုးဦးပုံစံက အသစ်တီထွင်ထားသော အိုက်တင်ဆီ ပြန်ရောက်သွားသည်။

"ဟုတ်လားတွေ၊ မဟုတ်လားတွေ လုပ်မနေနဲ့ ... အဘွားကြီးရှိတဲ့နယ်မြေမှာ အနေအထိုင် ဆင်ခြင်ကွ၊ မဟုတ်ရင် ငါ့အဖေရော၊ ငါရော ခေါင်းကျိန်း၊ နားပူလွန်းလို့ပါကွာ"

"အလကားပါကွာ၊ ပိုလွန်းတဲ့အဘွားကြီး၊ ငါတို့က ဘာမှဖြစ်သေးတာ မဟုတ်ဖူး၊ အဲ ... ဟိုနေ့က လက်ကလေးတွဲသွားမိရုံလေးပဲ၊ အဲဒါ ... အဘွားကြီးတွေ့သွားတာ"

"မင်းတို့က ဘာမှ မဖြစ်သေးဖူးတာဆိုတယ်၊ ဘာလို့လက်က တွဲထားရတာလဲ"

"မဟုတ်ပါဖူးကွာ၊ ကားလမ်းအကူးဆိုတော့ ကားကရှုပ်၊ ဆိုက်ကားကရှုပ်မို့ တွဲတာပါ၊ မင်းက တစ်မျိုး"

"ဒါတွေ မင့်ယောက္ခမက သိတာမဟုတ်ဖူးလေ၊ ငြိမ်းချမ်းတုန်းကလည်း နန္ဒာကို စာပေးတဲ့ကိစ္စ အဘွားကြီးမိသွားတာ ဘာကြာသေးလို့လဲ၊ အခု ... မင်းနဲ့ သိတာကိုတွေ့တော့ အဘွား



www.burmeseclassic.com

www.burmeseclassic.com



ကြီး ဆွေ့ဆွေ့ခုန်အောင်တာပေါ့"

"ဟီး၊ ဒါတောင် သူဇာကျန်သေးတယ်၊ ကျန်တဲ့သူဇာလည်း မင်းနဲ့သာတွဲ၊ အဘွားကြီး ဘာမှ ပြောမှာ မဟုတ်ဖူး၊ အဲဒါကျ ငြိမ်နေမှာ ဟင်း၊ တခြားကောင်ဖြစ်ကြည့်ပါလား၊ ဖွဲက ပိုပြီး ပွဲကြမ်း ကြည့်ကောင်းဦးမှာ"

"အဲဒါပြောတာပေါ့၊ ကျန်တဲ့မိဇာတောင် ငါတို့အိမ်က ဘယ်သူ့လက်ချက်မိဦးမလဲမသိဖူး၊ တထိတ်ထိတ်ပဲ"

နေရင်းထိုင်ရင်း သူ့မှာ ပူပန်နေရသည်။ ပူပန်ဆို သူဇာရော၊ သူဇာ့ညီမတွေပါ သူ့ညီမတွေလိုပဲ သဘောထားသည် မဟုတ်လား။ သူဇာက သူငယ်ချင်းဆိုသော်လည်း သူ့ထက် အသက်တစ်နှစ်ပိုကြီးသည်။

"သူများသာပြောနေတယ်၊ မင်းတို့သားအဖနှစ်ယောက်တရော ဘာလဲ၊ အဲဒီလမ်း၊ အဲဒီဆိုင် ချောင်းပေါက်မတတ်ပါလား"

"မင့်ဂျီးဒေါ်ကြီး၊ သူဇာတို့နဲ့က အရင်လည်း ဒီလိုပဲနေလာကြတာ၊ မင်း မသိတာလည်းမဟုတ်ဘဲနဲ့ ... ဘာများဆန်းနေလို့လဲ၊ ငါနဲ့သူဇာက သူငယ်ချင်း၊ မင်းနဲ့တောင် တက္ကသိုလ်ရောက်မှခင်တာ ပြည်စိုးဦး၊ သူဇာနဲ့က ငယ်ကတည်းက အတူကြီးလာတာ၊ ဖေဖေကလည်း ဒေါ်မြမာလာကြီးကို ချိန်ရအောင်ကလည်း ယောကျ်ားကြီးငုတ်တုတ်ရှိတယ်၊ ဒီယောက် မိုက်မဲလိမ့်မယ် မထင်ဖူး"

"သိဖူးလေ၊ ဒါမဟုတ်ရင် ကောင်တာက ကောင်မလေးတို မင်းတို့သားအဖ ကြိတ်ကြဲနေကြတာများလားလို့"



www.burmeseclassic.com

www.burmeseclassic.com


"တယ်၊ ဒီကောင်၊ ငါ့အဖေက ဟုတ်ပါ့မလား၊ သူ့သမီး အရွယ်လေးကို ... အဲ ... မသကာ ငါဆိုရင်တော့ မပြောနိုင်ဖူး ပေါ့လေ၊ ဟဲ ဟဲ ဟဲ"

* * *


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)

ဆိုင်က ဝန်ထမ်း သုံးလေးယောက်နှင့် အိမ်က အလုပ်သမား၊ ဆပ်ပြာဆီစက်ရုံက ဝန်ထမ်း စသဖြင့် ဝန်ထမ်းတွေကို တစ်နှစ်တစ်ခါ ပျော်ပွဲရွှင်ပွဲအဖြစ် တစ်ခုခု စီမံလုပ်ဆောင်ပေးနေကျဖြစ်သည်။ ထို့ကြောင့် ... ယခုနှစ်တွင် ချောင်းသာကမ်းခြေ ပို့ပေးရန် စီစဉ်ထားသည်ဟု သူဇာက ပြောသည်။ ဒါ, သူနှင့်တော့ ဘာမှမဆိုင်။

"အရင်နှစ်တွေက အဲသလိုခရီးထွက်ရင် ဒေါ်လေးနဲ့ သီတာဦးဆောင်ပြီး လိုက်ပို့နေကျပဲ၊ ဒီနှစ်တော့ ... ငါလိုက်မှာ၊ အခု ... ဝင်းအိရှိနေပြီလား၊ ဒါကြောင့် ... "

သူဇာပြောနေသောစကားကိုနားထောင်ရင်း စကား



www.burmeseclassic.com

www.burmeseclassic.com


အသွားအလာကို သူ, ခန့်မှန်းမိလေပြီ။ နောက်ပိုင်းပြောနေသော စကားတွေကို သူ, စိတ်ဝင်စားခြင်း မရှိတော့ပါ။ သို့နှင့် ...

"နှင်, သွားမှတော့ ... ငါပါလိုက်ရုံပေါ့ဟာ"

"ဖြန်း"

"အ "

"ကောင်စုတ်၊ တော်တော့်ကိုကြွနေပါလား၊ ငါ, ခေါ်မယ့်အချိန်ထိတောင် မစောင့်ဖူး"

"လုပ်နေနဲ့မိစာ၊ နင်က နင့်သူငယ်ချင်းကို အစွဲထုတ်ချင်နေတာ မဟုတ်လား၊ နင့်သူငယ်ချင်းစွဲအောင် ငါက ကိုယ်ရော၊ စိတ်ပါ ကမကထပြုပြီး အစွမ်းကုန် ကူညီဆောင်ရွက်ပေးမလို့"

သူ့ဆီက ယခုကဲ့သို့ ရှောရှောရှူရှူစကားလုံးမျိုးတွေ ထွက်လာလိမ့်မည်ဟု ထင်မထားသော သူဇာက မျက်လုံးပြူးကြီးဖြင့် မယုံနိုင်သလို ကြည့်သည်။

"ဘာမှ အံ့ဩမနေနဲ့ မိစာ၊ အရာရာတိုင်း ပြောင်းလဲတတ်တာ သဘာဝပဲ၊ နင့်သူငယ်ချင်းနဲ့ ပတ်သက်လို့ ငါ့ကို လမ်း ခင်းပေးနေစရာ မလိုပါဘူးဟာ၊ နင်, ခင်းမပေးလည်း ငါက အဲဒီလမ်းကို လျှောက်မှာပဲဥစ္စာ"

* * *


www.burmeseclassic.com

www.burmeseclassic.com


ချောင်းသာကို နှစ်ရက်လောက်ခရီးအတူထွက်လိုက်မှ သူ နှင့်သူမက ပိုပြီး ရင်းနှီးကျွမ်းဝင်သွားသည်။ သူမ၏ အပိုအလို မရှိသော ဆက်ဆံရေးသည် သူ့ကို အတိုင်းထက်အလွန် ဆွဲဆောင်နေသည်။

"ဝင်းအိ၊ မင်းဘေးမှာ ကိုယ်, လာထိုင်မယ်နော်"

ကားပေါ်တက်ပြီးနေရာယူကြတော့ သူက ထိုသို့ ပြောလိုက်သည်။ သူမက ...

"အင်း လာလေ"

သူမက ထိုသို့ ချစ်စရာ ကောင်းပါသည်။

"ဟဲ့ မြင့်မြတ်၊ နင်က ခင်မောင်လတ်နဲ့ထိုင်လေ"

"နင်, ဆရာကြီးလာမလုပ်စမ်းပါနဲ့ မိဇာရာ၊ ခင်မောင်လတ်ရော၊ နင်ရော သူငယ်တန်းကတည်းက အတူထိုင်လာခဲ့တဲ့ နှစ်တွေ နည်းလား၊ ရိုးအီနေပြီ၊ နင်တို့နဲ့ကို မထိုင်ချင်တော့တာ၊ ဝင်းအိနဲ့က ခုမှခင်ရတာ ..."

"ကောင်စုတ်၊ ခုတလော စကားတော်တော်တတ်နေတယ်၊ ခင်မောင်လတ်ရေ ... အဲဒီအကောင်တော့ တာကယ်မလွယ်တော့ဘူး၊ စာတတ်သွားပြီ"

"နေပါစေဟာ၊ ငါတို့သူငယ်ချင်းတွေအားလုံးက တစ်ယောက်မှရိုးစားမရှိကြတော့ ... မင်္ဂလာထမင်းဟင်း၊ မင်္ဂလာအရက်၊ မသောက်ရ မစားရဘူး၊ ငါ, မင်္ဂလာထမင်းနဲ့အရက်ကို


www.burmeseclassic.com

www.burmeseclassic.com


ချဉ်ချင်းတပ်နေတယ်ဟ"

"သူကတစ်မျိုး၊ ကဲ ..."

"အား"

သူဇာက ခင်မောင်လတ်ကို ဆွဲဆိတ်သည်။ သူမကတော့ ဘယ်သူတွေ ဘာပြောပြော ရယ်၍သာ နေသည်။ သူက အခွင့်အရေးကို လက်လွှတ်မခံဘဲ သူမဘေး နေရာလွတ်တွင် ဝင်ထိုင်လိုက်သည်။

"ဟင် ဘာတွေလဲမသိဖူး၊ စိုစိစိနဲ့"

သူ့လက်နှင့်ထောက်လိုက်မိသောနေရာမှ စိုစိစိတွေ ပေကုန်သည်။ သူက သူ့အကျင့်၊ သူ့ထုံးစံအတိုင်း နမ်းကြည့်ဖို့ ဟန် ပြင်တာကို သူဇာမြင်တော့ ...

"ဟဲ့ မြင့်မြတ်၊ နင်ကလည်းဟယ်၊ ဘာတွေမှန်းမသိဘဲ သွားနမ်းကြည့်မနေနဲ့ ... တော်ကြာ ..."

သူဇာ့စကား မဆုံးခင်မှာပင် သူက ပေနေသောလက်ကို နမ်းကြည့်ပြီးသွားပြီ။ ထို့နောက် ... သူ့လက်ကို ကြည့်လိုက်တော့

"ဟင် နီနီရဲရဲတွေ၊ ဒါ ဒါ ဟို ဟို ဟိုဟာ"

အားလုံး အထိတ်တလန့်အော်လိုက်မိသည်။ ဒီတော့မှ ပုပ်အဲ့အဲ့အနံ့ကို သူလည်း သံသယဝင်သွားသည်။ သူ့လက်တွင် ပေကျံနေသော မသက်ာစရာအနီရောင်တွေကိုကြည့်ရင်း နှလုံးနာ ရွံရှာစွာ အော့အန်ချင်သွားသည်။

"ထွီ ... ဝေါ့"

"ဟဲ့ မြင့်မြတ်၊ ရော့ ... ဒီမှာ ကျွတ်ကျွတ်အိတ်"

"ဒီမှာရှိတယ် မိဇာ၊ ကိုမြင့်မြတ် ... နေ့ခုံက်ရင်


www.burmeseclassic.com

www.burmeseclassic.com


ဒီမှာ အန်ချလိုက်လေ"

သူမက သူ့ကို ဖေးမရင်း လက်ထဲကကျွတ်ကျွတ်ထဲ အန် ခိုင်းသည်။ သူလည်း ဟန်ဆောင်ထိန်းချုပ်နိုင်စွမ်းမရှိတော့ဘဲ တဝေါ့ဝေါ့ ထိုးအန်တော့သည်။ သို့သော် ... အစာမရှိသေးသော သူ့ဝမ်းက လေတွေသာ ထွက်အန်လေသည်။

"ဟာ ... ကားတောင်မထွက်ရသေးဖူး၊ ဘယ်လိုဖြစ်တာလဲ အစ်ကိုလေး၊ ကားမူးနေပြီလား"

အနားရောက်လာသော စပယ်ယာလေးက သူ့အဖြစ်ကို မြင်ပြီး ထိုသို့ပြောသည်။ သူမက ...

"ရှင်တို့ကားငှားရတာလည်း ညစ်ပတ်လိုက်တာ ... ဒီမှာ ဘာတွေလဲမသိဘူး၊ ညစ်တီးညစ်ပတ်အရာတွေ၊ လက်နဲ့ထောက်မိပြီး အန်နေတာ"

ထိုအခါမှ စပယ်ယာလေးက တစ်စုံတစ်ခုကိုသတိရသွားပုံရပြီး ပြူးပြူးပြာပြာနှင့် ...

"ဟာ ... ခုမှ သတိရတယ်၊ အဲဒါ တခြားမဟုတ်ပါဖူးဗျ၊ စောစောကဒီမလာခင် ကျွန်တော့်ကွမ်းတံတွေးအိတ်က ကွမ်းရည်တွေ နည်းနည်းဖိတ်သွားတာ၊ ရေဝတ်နဲ့သုတ်မယ်ဆိုပြီး မေ့သွားတယ်ဗျို့"

ထိုအခါမှ "တော်ပါသေးရဲ့"တွေးကာ အားလုံး ဟင်းချနိုင်ကြတော့သည်။

"အစ်ကိုလေးက ရွံတတ်တယ်ထင်တယ်"

သူ့စိတ်ထဲ "မ[illegible]အမေကလွှား"ဟုသာ မြည်တမ်းမိသေးသည်။ လူကဖြင့် အန်လိုက်ရတာ မောဟိုက်သွားတာပဲ။


www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် လက်ဆေးလိုက် ကိုမြင့်မြတ်၊ ကျွန်မမှာ **Hand Gel** ပါတယ်"

"ကျေးဇူးပဲ ဝင်းအိရယ်"

သူက သူမပေးလာသော ဘူးလေးထဲမှ **Gel** ဖြင့် လက်ကို ပွတ်သပ်သုတ်သင်လိုက်သည်။ ခင်မောင်လတ်မှာ မထိန်းနိုင်၊ မသိမ်းနိုင် ခန္ဓာကိုယ်ကြီး ယိမ်းထိုးသည်ထိ အလိုက်သည်းလိုက် ရယ်နေသည်။ ခင်မောင်လတ်ရယ်နေတာကို ကြည့်ပြီး သူဇာ ရော၊ ဝင်းအိစိုကပါ လိုက်ရယ်ကြသည်။

"မင်း, ရယ်နေပါ ခင်မောင်လတ်၊ ပြီးမှ ငါနဲ့တွေ့မယ်"

သူက ရှက်ရမ်းရမ်းပြီး ပြောသည်။ သူ့ရဲ့ကလေးဆန်မှု ကိုကြည့်ပြီး သူမ ထပ်ပြုံးလိုက်တာကို တွေ့ရသည်။

သူတို့နေရာက ဆူဆူညံညံအသံတွေကြောင့် ကားရှေ့ပိုင်း က လူတွေ လှည့်ကြည့်လာကြသည်။ သူဇာ့ညီမနှစ်ယောက်ဖြစ် သော သီတာနှင့် နန္ဒာက လှမ်းအော်သည်။

"ကိုမြင့်မြတ်ကြီး ဘာဖြစ်လို့လဲ"

"ငါ, မကြီးသေးပါဖူးဟ"

"ဘာတွေ အူမြူးနေတာလဲ"

"မိန်းမရမယ့် အတိတ်နိမိတ်တွေ တွေ့နေလို့ဟေ့"

"ဟုတ်လား"

"ဝေး ဟေး ဟေး"

"သမီးတို့အစ်ကိုက ဟုတ်လာပြီပဲ"

"အေး၊ ဟုတ်ပြီ"

ကားတစ်စင်းလုံးဆူညံနေသည်။ အော်ကလီဆန်သွား



www.burmeseclassic.com

www.burmeseclassic.com



သော သူ့ကို ဝင်းအိစိုက ဆားငန်သီးတွေ လက်ထဲထည့်ပေးလာသည်။ သူက ...

"ကျေးဇူးပဲ ဝင်းအိ၊ တစ်နေ့နေ့ ဒီကျေးဇူးကို ကိုယ်ဆပ်ပါ့မယ်"

"အံမယ်၊ ကြီးမားတဲ့ ကျေးဇူးကြီးဆိုတော့ ... "

"ဘာပဲဖြစ်ဖြစ် ကိုယ်က ဆပ်ချင်လို့ပါ"

နှင်းပွင့်ဖြူဖြူလေးက ရယ်သည်။ ပြီးတော့ ... ကြက်သီးထဟန်ဖြင့် ပုခုံးတွန့်ပြသည်။ သူ့ဆပ်မည့်ကျေးဇူးကို လန့်သည်ဆိုသော သဘော။

ကားက သူတို့ရပ်ကွက် ခပ်လှမ်းလှမ်း လမ်းထိပ်ရောက်တော့ ရပ်သွားပြီး လူနှစ်ယောက်တက်လာသည်။ တက်လာသူနှစ်ယောက်ကိုမြင်တော့ သူ့ဇာက ...

"ဟယ်၊ သူတို့က ... ဟင် ... နှင် ... နှင်၊ လက်သိပ်ထိုးခေါ်ထားတာပေါ့လေ ... ဟုတ်လား မြင့်မြတ်"

"ကားက နေရာတွေ ပိုနေတာပဲဟာ၊ လိုက်ပါစေ မိဇာရယ်၊ သူတို့လည်း လူငယ်တွေဆိုတော့ ပျော်ချင်တာပေါ့"

"အယ်၊ မေမေသိရင်တော့ ... မိုးမီးလောင်လိမ့်မယ်၊ နှင်၊ သိရဲ့နဲ့ မြင့်မြတ်ရယ်"

"နှင့်အမေ မသိနိုင်ပါဖူး မိဇာ၊ သိလည်း ငါတာဝန်ထားပါဟာ၊ ငါ၊ တာဝန်ယူတယ်၊ ဘာဖြစ်မှာမှ မဟုတ်တာ၊ သူတို့ကိုငါတို့မျက်စိအောက်တင် ထားမှာပါ"

တက်လာသူနှစ်ယောက်မှာ ပြည်စိုးဦးနှင့် ငြိမ်းချမ်းဆိုသော ချာတိတ်ဖြစ်သည်။ သိတာနှင့် နန္ဒာတို့မျက်နှာတွေ ဝင်းထိန်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။

"နင်က ကိုယ်တိုင်လည်း မီးလောင်ချင်နေပြီး၊ မီးလောင်တာကိုလည်း အားပေးတယ်ပေါ့ ... ဟုတ်လား မြင့်မြတ်"

"အေးပါ၊ နင်သာ မလောင်အောင်ဂရုစိုက် မိဇာ"

"အံမယ်"

သူ့စကားကြောင့် သူဇာတစ်ယောက် ပါးစပ်ပိတ်သွားပြီး မလုံမလဲဖြစ်သွားပုံရသည်။ မည်သည့်အကြောင်းမှန်းတော့ သူလည်း မသိ။

လမ်းတွင် ဝင်းအိစိုက သူ့ကို မြေပဲဆားလှော်ကျွေးသည်။ သူက လက်ဖဝါးထဲရောက်လာသော မြေပဲဆားလှော်တွေကို နမ်းကြည့်ဖို့ကြိုးစားစဉ် လက်ကနှာခေါင်းဆီမရောက်ဘဲ လေထဲမှာတင် ရပ်တန့်သွား၏။

အကြောင်းမှာ ... ဝင်းအိစိုက သူမလက်ညှိုးကလေးနှင့် သူ့လက်ဖဝါးကို ကန့်လန့်ဖြတ် ဆီးတားလိုက်သောကြောင့်ဖြစ်သည်။

"ဟင်း ဟင်း ဟင်း၊ မနမ်းဘဲ စားလို့မရဖူးလား"

"အဲ"

"ရှင်က တကယ့်ကို အနမ်းသရဲပဲ ကိုမြင့်မြတ်"

"ဗျာ"

"ဟင်း ဟင်း ဟင်း"

သူ့ ရှက်သွားသည်။

ထို့နောက် ... တစ်နာရီလောက် သူမနံဘေးတိုင်စကားပြောပြီး သူဇာနှင့် နေရာချင်း ပြန်လဲလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်ရင်းအတိုင်းသာဆို သူမဘေးမှာပင် အမြဲတမ်း ထိုင်ချင်ပါသည်။ သို့သော် ... ကြာလျှင် သူမ, အနေခက်၊ အနေကျပ်ဖြစ်မှာစိုး၍ ဖြစ်သည်။

ဒါကို သူမက စဖြစ်အောင် လှမ်းစလိုက်ပါသေးသည်။

"ဘာလဲ၊ လွတ်လွတ်လပ်လပ် မနမ်းရမှာစိုးလို့လား"တဲ့။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၂)

တစ်နေ့သ၌ သူမလက်ထဲသို့ ဖြူလွလွစာရွက်ကလေးနှင့် လက်ရေးလှလှ စာလေးတစ်စောင်ရောက်ရှိ၍လာသည်။ ထိုစာပိုင်ရှင်ကတော့ မျိုးမြင့်မြတ်ဆိုသော အနုမ်းသရဲတစ်ယောက်ဖြစ်သည်။

" နှင်းပွင့်ဖြူဖြူလေးရေ၊ ကိုယ့်ရင်ထဲကနေ မင်းကို နှင်းပွင့်ဖြူဖြူလေးလို့ တိတ်တိတ်ခိုးအမည်လေး ပေးထားခဲ့တယ်၊ မင်းကို ဘယ်တုန်းကစပြီး၊ ဘယ်မှာဆုံးမယ်မှန်းမသိတဲ့ ချစ်ခြင်းမျိုးနဲ့ ကိုယ်က ချစ်နေမိတာပါ၊ ကိုယ့်အချစ်က မှတ်ကျောက်တင်ခံရတဲ့အချစ်နဲ့ မင်းကို ချစ်တာ၊ သနားသောအားဖြင့် ကိုယ့်အချစ်ကို အသိအမှတ်ပြုပြီး မြန်မြန်စဉ်းစား လက်ခံပေးပါလား နှင်းပွင့်ဖြူဖြူလေးရယ် ...

ကိုယ် မင်းကို ချစ်တယ် ဝင်းဘိုဗို ..."

မြင့်မြတ်

* * *



www.burmeseclassic.com

www.burmeseclassic.com



စာဖတ်ပြီးသွားသောအခါ သူမ, ပြုံးလိုက်တာကို သူ,တွေ့ရသည်။ ထိုနောက် ... စာရွက်ကလေးကို ခေါက်၍ သူ့ထံ ပြန်ပေးလာသည်။ ထိုသို့ပေးရင်း ...

"ကဗျာလေးက ဖတ်လို့ကောင်းပါတယ်၊ ကိုမြင့်မြတ် ကိုယ်တိုင်ရေးတာလို့ မထင်ရဖူးနော်" ဟု ဆိုလေသည်။ သူက

"အဲသလိုတော့ မကျီစားပါနဲ့ ဝင်းအိရယ်၊ ကိုယ်က ဒီလိုကိစ္စမျိုး ခုထိ တစ်ကြိမ်တစ်ခါမှ မရှိခဲ့ဖူးသေးတာ ဝင်းအိလည်း သိမှာပါ၊ ပြီးတော့ ... ကိုယ်, တကယ့်ကို အလေးအနက်ထားပြီး ပြောတာ ... ဒီစာကို ပြန်မပေးနဲ့လေ၊ ဒါ, ဝင်းအိကို တစ်သက်တာအတွက် အပိုင်ပေးတာ ... "

"ရှင် အလေးအနက်ထားပြီးပေးတဲ့ပစ္စည်းဆိုတော့လည်း ကျွန်မ, သိမ်းထားပါ့မယ်၊ ဒါပေမယ့် ..."

ဝင်းအိစိုက စကားကို ဆက်မပြောသေးဘဲ ရပ်လိုက်သည်။ သူမ၏ ဒါပေမယ့် နောက်ကွယ်ကစကားလုံးတွေကို စောင့်ရသည်မှာ ချိန်ကိုက်ဗုံးတစ်လုံးလို ထိတ်လန့်ဖွယ် ကောင်းလှသည်။

"ကျွန်မလေ ... ယောကျ်ားတွေရဲ့အချစ်ကို မယုံဖူး"

"ဟင်"

"ဟုတ်တယ်၊ မယုံဖူး၊ ပြီးတော့ ... အချစ်ဆိုတာကိုလည်း ကျွန်မ, မယုံဖူး၊ ကျွန်မမှာ အချစ်ဆိုတာ မရှိတဲ့အတွက် ပေးစရာလည်း မရှိဖူး၊ ဒီတော့ ... ကိုမြင့်မြတ်ရဲ့အချစ်ကို ပြန်သိမ်းယူသွားတာ အကောင်းဆုံးပါပဲ"

မျှော်လင့်မထားသော ပြင်းထန်သည့် တုန့်ပြန်မှုသည်



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်တစ်ခုလုံးကို အလဲလဲအကွဲကွဲ၊ ဖရိုဖရဲဖြင့် ကြေမွသွားစေသည်။ သူမဆီမှ ချက်ချင်းလက်ငင်းချစ်အဖြေမရ သေးတောင် ထိုမျှပြင်းထန်ရက်စက်၍ ပြတ်သားလှသောအဖြေမျိုး ရလိမ့်မည်ဟု ထင်မထားပါ။

"အဲသလို ယတိပြတ်ကြီးတော့ မငြင်းလိုက်ပါနဲ့လား ဝင်းအိရယ်၊ မသကာ ချွေးသိပ်စကားလေးလောက်ပြောပြီး အချိန်ယူ စဉ်းစားပေးသင့်တယ်မဟုတ်လား၊ အချိန်ကြာမယ်ဆိုရင်တောင် ကိုယ်, စောင့်နိုင်ပါတယ်"

"ဟင့်အင်း ကိုမြင့်မြတ်၊ ကျွန်မက စောင့်ရမျှော်ရတဲ့ အလုပ်မျိုးကို အင်မတန်းမုန်းတယ် ... ဒါကြောင့် ... ကျွန်မစိတ်နဲ့ ကိုယ်ချင်းစာပြီး စောင့်မျှော်ခိုင်းတာမျိုး မလုပ်တာ"

"ကိုယ်က စောင့်နိုင်ပါတယ်လို့ ပြောပြီးပြီလေ"

"မစောင့်ပါနဲ့ကိုမြင့်မြတ်ရယ်"

"ဒါ, ကိုယ့်ကို ယတိပြတ်ငြင်းလိုက်တာလား ဝင်းအိ"

"ငြင်းတယ်လို့ မသုံးစေချင်ဖူး၊ ကျွန်မ, လူတစ်ယောက်ကို ချစ်ဖို့၊ မချစ်ဖို့ နှလုံးသားက အဆင်သင့်မဖြစ်သေးတာ အမှန်ပဲ၊ ဘယ်တော့မှ ချစ်တတ်လာမှန်းမသိတဲ့ နှလုံးအတွက် အချိန် ကုန်အောင် စောင့်မနေစေချင်တာ ..."

ဘယ်လိုပဲပြောပြော အဓိပ္ပါယ်ကတော့ အတူတူပင်။ သူ့ အတွက် မျှော်လင့်ချက်သည် မှုန်ဝါးလျက် ရှိသည်။ ပထမဆုံး ချစ်မိသောနှလုံးသားလေးမှာ ကွဲအက်ပဲ့ကြေသွားပြီဟု ထင်သည်။

"ဘာပဲဖြစ်ဖြစ် ကျွန်မတို့တစ်တွေ သူငယ်ချင်းတွေလို ခင်နေနိုင်တာပဲ ကိုမြင့်မြတ်ရယ်၊ ဟုတ်ဖူးလား"



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းထက်ပိုချင်သောသူ့အတွက် အထက်ပါဖြေ
သိမ့်စကားက မည်သို့မျှ အရာမထင်ပါ။

သို့နှင့် ... သီတင်းတစ်ပတ်သည် ဖြုတ်ခနဲကုန်ဆုံးသွား
သည်။ အရာရာပြောင်းလဲမှုမရှိသော်လည်း သူ့ရင်ထဲတွင်တော့
သွန်ခဲ့သည့်ရက်များကလိုမဟုတ်ဘဲ တနုံ့နုံ့ကြေကွဲနေရသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၃)

“ဟော့ကောင် မြင့်မြတ်၊ မင်းပုံစံကြီးကလည်းကွာ၊ ခွေးအ
လှည်းနင်းခံထားရတာကျနေတာပဲ၊ မိန်းမတစ်ယောက်အတွက်
အဲသလောက်ကြီး စိတ်ဓာတ်ကျမနေစမ်းပါနဲ့ ... ပေါပါတယ်၊
ငါ, သူ့ထက်သာတဲ့သူ ရှာပေးမယ်”

ခင်မောင်လတ်က ထိုသို့ ရယ်စရာမောစရာပြောလာတာ
ကို သူ့ရင်သည် ဆတ်ဆတ်ခါ နာလေ၏။

“ခင်မောင်လတ်၊ မင်း, မကူညီချင်နေ၊ ငါ့ချစ်ခြင်းမေတ္တာ
ကိုတော့ မစော်ကားနဲ့ ... ငါ, သူ့ကို တကယ့်မေတ္တာနဲ့ချစ်
တာကွ”



www.burmeseclassic.com

www.burmeseclassic.com



"အေးပါကွာ၊ စိတ်မဆိုးပါနဲ့ ... ငါက မင်း၊ သိပ်ခံစား နေရမှာစိုးလို့ ပြောတာ ... သူကလည်း ယတိပြတ်ငြင်းသလို ပြော လိုက်တာဆိုပေမယ့် ... ဒီနေ့မချစ်နောက်နေ့၊ နောက်နေ့ မချစ် နောက်လ၊ နောက်နှစ်ပေါ့ကွာ၊ တစ်နေ့နေ့ ချစ်စိတ်ပေါ် လာနိုင်တာပဲ၊ အဆုံးစွန်မျှော်လင့်ချက်မဲ့တာမျိုးမှ မဟုတ်တာ"

မည်သို့ပင်ဖြစ်စေ ဒါက မသေချာ၊ မရေရာသော မျှော် လင့်ချက်အလင်းရောင်လေးသာဖြစ်လေသည်။

* * *

"ကိုမြင့်မြတ်ရယ်၊ ရှင့်ပုံစံက အရင်နဲ့မတူဘူး၊ ပြုံးပြုံး ရယ်ရယ်၊ ပျော်ပျော်ရွှင်ရွှင်နေပါ၊ ကျွန်မကြောင့် ... အခုလိုဖြစ် နေတာဆိုရင် ကျွန်မ ဘယ်လိုစိတ်ကောင်းနိုင်မှာလဲ၊ အချစ်ဆိုတဲ့ အရာက ဖန်တီးလုပ်ယူလို့မှ မရတာ ... ဒါကို ကျွန်မလည်း မတတ်နိုင်ဖူး၊ အဲသလိုသာ ဖန်တီးလို့ရကြေးဆို ရှင့်ကို ကျွန်မ ဖန်တီးပေးလိုက်တာပေါ့ရှင်"

သူ့ရဲ့ ညှင်းသိုးသိုး၊ နွမ်းရိရိမျက်နှာကိုမြင်သောအခါ သူမက စိတ်မကောင်းခြင်းကြီးစွာ ဆိုသည်။

"တစ်ခါတစ်ခါတော့လည်း စဉ်းစားမိတယ်၊ ရှင့်ကို ဘယ် နေ့၊ ဘယ်အချိန်၊ ဘယ်နေရာမှာ ဘယ်လိုပုံစံမျိုးနဲ့များ ချစ်မိသွား နိုင်သလဲလို့လေ"



www.burmeseclassic.com

www.burmeseclassic.com


သူသည် မည်သည့်စကားမျှ ပြန်မပြောနိုင်ဘဲ သူမကို ငေးမောကြည့်နေမိသည်။ ဘယ်အတွက်ရယ်ကြောင့်များ သူနှင့် သူမရင်ထဲမှာ အချစ်စိတ်က တစ်ပြိုင်နက်တည်း မဖြစ်ပေါ်ရလေ သနည်း။

သူသည် မျှော်လင့်ချက်မရှိသောအခြေအနေမျိုးမှာပင် သူမရှေ့ တစ်နေ့တစ်ခါတော့ မှန်မှန်ရောက်သည်။ ရုံဖန်ရံခါတွင် ဖခင်ဖြစ်သူနှင့် တစ်ဆိုင်တည်း ဆုံနေတတ်သည်။

"မင်းကသာ အချစ်ရေးမှာ မျက်နှာပမ်းမလှလို့ ကြက်နာ ကြီးလိုဖြစ်နေပေမယ့် မင်းဖခင်ကတော့ တစ်နေ့တခြား တက်ကြွ လန်းဆန်းနေတာပဲ၊ ဧကန္တ အချစ်သစ်များတွေ့နေသလား မသိ ဖူး မြင့်မြတ်"

တစ်ခါက ပြည်စိုးဦးတစ်ယောက် သူ့ကို ထိုသို့ ပြောဖူး တာကို သတိရမိသည်။ အချစ်သည် လူတစ်ယောက်ကို တက်ကြွ ပျော်ရွှင်လန်းဆန်းစေတာမျိုးလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ဖခင်ဖြစ်သူ ပျော်ရွှင်ပါက သူ့ ဝမ်းသာသည်။ အချစ်သစ်တွေ့၍ အိမ်ထောင်ပြုမည်ဆိုပါကလည်း သူ ကန့်ကွက်လိမ့်မည်မဟုတ်။ ဒါကို အစကတည်းက ပြောခဲ့ဖူးသည်။ အထီးကျန်စွာ နေလာ ခဲ့သော ဖခင်ကို သာယာစိုပြည်သောဘဝလေး ဖြစ်စေချင်တာက တော့ အမှန်ပင်။

လောလောဆယ်မှာတော့ သူ့ဘဝ ခြောက်သွေ့နေသည်။ ဒီကြားထဲ တစ်ခုထူးဆန်းသည်က သူနှင့်ဝင်းအိစိုကို အမြဲတမ်း စ, နောက် တွန်းတိုက်လျော်ပေးတတ်သော သူငယ်ချင်းဖြစ်သူ သုဇာသည် ယခုတလော တိတ်ငြိမ်နေ၏။


www.burmeseclassic.com

www.burmeseclassic.com



သူက ဝင်းအိစိုနှင့် ပတ်သက်၍ ကူညီပေးရန် ပြောသည် ဆိုပင် မည်သို့မျှ ပြန်မပြောဘဲ မချိပြုံးသာ ပြုံးနေခဲ့သည်။

ဒါကို သူ့စိတ်ထဲ ထူးဆန်းသည်ဟု တွေးတောတွေးမိခဲ့လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

သူမနှင့် မိုးသောက်ယံတို့ ချစ်သူဖြစ်ကြသည်ကို မည်သူ
မျှ ကန့်ကွက်မည့်သူ မရှိပါ။ မရှိဆို ... သူမတို့နှစ်ယောက်ကို
ငယ်စဉ်ကတည်းက အိမ်နားနီးချင်းတွေက ကြီးလာလျှင် ရလိမ့်
မည်ဟု ထင်ကြေးပေးထားကြသည်။ သူမနှင့် မိုးသောက်ယံက
လည်း အမြဲတမ်း တပူးတွဲတွဲမဟုတ်လား။

ဒီတော့ ... မိုးသောက်ယံသည် တစ်ချိန်တွင် သူမ
လက်ထပ်ရမည့် ခင်ပွန်းလောင်းဖြစ်လာခဲ့တာ မဆန်း။ သို့သော်
သူမနှင့်မိုးသောက်ယံသည် ချစ်သူဖြစ်ပြီးတော့မှ ... သိပ် တပူးတွဲ
တွဲ မရှိတော့ပေ။ တစ်ယောက်နှင့်တစ်ယောက် အတွေ့ရနည်းလာ
သည်။ ထိုသို့ရှိနေစဉ်မှာပင် တစ်နေ့ ...

"တို့အဖေ နယ်ပြောင်းရတော့မယ် အိစို"



www.burmeseclassic.com

www.burmeseclassic.com



မိုးသောက်ယံတစ်ယောက်သာ သူမကို အိစိုဟု ခေါ်ခြင်း ဖြစ်သည်။

"ငါ့, နင်နဲ့ ခွဲရတော့မယ်၊ ဘယ်လိုလုပ်ခွဲနိုင်မှာလဲဟာ"

ထိုစကားကို မိုးသောက်ယံက ဆွေးဆွေးမြည့်မြည့် ပြော သည်။ ခွဲရတော့မည်ဆိုတော့ သူမကိုယ်တိုင်လည်း စိတ်ထဲ မကောင်းပေ။

"ဖြစ်နိုင်ရင် ငါ, နင်နဲ့မခွဲချင်ဖူး အိစို၊ နင့်ကိုငါ ငံ့ထား မတတ် ချစ်တယ်ဟာ၊ သိလား"

ဒါတော့ ဟုတ်ချင်လည်းဟုတ်မည်၊ မဟုတ်ချင်လည်း မဟုတ် ဖြစ်နိုင်သည်။

"တို့နှစ်ယောက်၊ ဖုန်းမှန်မှန်ဆက်၊ အပြန်အလှန်စာရေး ပြီး ဆက်သွယ်ကြမယ်နော် အိစို"

ပြောခဲ့တုန်းကတော့ သူပါပဲ။ သို့သော် ... ကာလအတန် ကြာသောအခါ မိုးသောက်ယံဆီက မည်သည့်အဆက်အသွယ်၊ မည်သည့်စာ၊ မည်သည့်ဖုန်းမှ မလာတော့ပါ။ ထူးဆန်းသည်က သူမရင်သည် မည်သို့မျှ ခံစားမနေခြင်းပင်။

ထိုအချိန်မှစ၍ သူမနှင့်မိုးသောက်ယံတို့နှစ်ယောက် အဆက်အသွယ်ပြတ်သွားကာ လုံးဝ မတွေ့ရတော့ပေ။ ပုရိသ ဆိုသော ထိုယောကျ်ားတို့ကား အံ့ဩဖွယ်ကောင်းလေစွတကား။ ငံ့ထားမတတ်ချစ်တာတွေ၊ မခွဲနိုင်တာတွေကို လျှာဖျားလေးဖြင့် ပြောတတ်သော ယောကျ်ား။

ယခုတော့ ... ထိုစကားလုံးများနောက် ကြွေကျသက်ဆင်း ခဲ့ဖူးသော သူမအဖြစ်ကိုတွေး၍ ကိုယ့်ဖာသာရယ်မောနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့လည်း အရာရာသည် အရင်အတိုင်းဟာ အရင်အတိုင်းပါပဲ။

ဘာမှ ပြောင်းလဲသွားခြင်း မရှိပါ။

အချစ်ဆိုတာ ဘယ်အရာကို ခေါ်ပါသနည်း။

* * *

တစ်နေ့ ...။

ထိုတစ်နေ့ကို ဝင်းအိစိုး လုံးဝ မမေ့ပါ။ မမေ့ဆို တခြားအကြောင်းကြောင့် မဟုတ်။ အင်မတန် ကသောင်းကနင်းနိုင်လှ၍ အလွန်တရာ ရယ်စရာကောင်းလွန်းလှသော ဖြစ်ရပ်တစ်ခုကြောင့် ဖြစ်သည်။

ထိုနေ့က သူမသည် နယ်မှ ဆွေမျိုးသားချင်းများရောက်နေ၍ ဈေးဝယ်သွားတာ၊ ဘုရားဖူးလိုက်ပို့တာ၊ စားတာသောက်တာတွေကို နေရာအနှံ့ လိုက်ပို့ပေးရသည်။

ဤသို့ လိုက်ပို့ပြီး မောမောပမ်းပမ်း၊ ဆာဆာလောင်လောင်ဖြင့် ရှမ်းတရုတ်စားသောက်ဆိုင်တစ်ဆိုင်သို့ ဝင်ခဲ့ကြသည်။ သူမက အိမ်ရှင်ဖြစ်သော်လည်း ထိုမျှ ဈေးကြီးသောစားသောက်ဆိုင်မျိုးတွင် မကျွေးနိုင်ပါ။ အခုက ဧည့်သည်တွေက သူတို့ဖာသာ အတင်းခေါ်၊ အတင်းကျွေးမည်ဆိုသောကြောင့် ရောက်ခဲ့ခြင်းဖြစ်သည်။

စားသောက်ဆိုင်က နှစ်ထပ်ဖြစ်သော်လည်း သူမတို့အားလုံး မောပမ်းနေသောကြောင့် အပေါ်ထပ်မတက်တော့ဘဲ



www.burmeseclassic.com

www.burmeseclassic.com


အောက်ထပ်မှာပင် နေရာယူလိုက်ကြသည်။

စားပွဲတွင်ထိုင်ပြီး ရေသောက်အမောဖြေရင်း ဟင်းပွဲတွေ မှာကြသည်။ ထို့နောက် ... ရောက်တတ်ရာရာစကားတွေကို သူ့ ထက်ငါဦးအောင်လုပြောကြသည်။ မတွေ့ရတာ ကြာပြီ မဟုတ်လား။ သို့ရှိစဉ် ... သူမ မျက်လုံးတွေက တစ်နေရာ ဆီသို့ ရောက်သွားသည်။

"ဟင်"

ရုတ်တရက်မို့ သူမ အံ့သြဝမ်းသာသွားသည်။ ချက်ချင်း ပင်ထသွားပြီး ဝမ်းသာအားရနှုတ်ဆက်အော်ခေါ်လိုက်ချင်သည်။ ဤနေရာတွင် တစ်ခုရှင်းပြချင်ပါသည်။ ဝမ်းသာအားရဟုသော စကားလုံးကို သူမ, သုံးနှုန်းလိုက်ရခြင်းမှာ ငယ်ပေါင်းသူငယ်ချင်း ဟူသောခံစားမှုမျိုးမှလွဲ၍ တခြားစိတ်မျိုး လုံးဝ မရှိပါ။

"ဩော် ... သောက်ယံက အတွဲနဲ့ကိုး"

သူမစိတ်ထဲမှ တီးတိုးရေရွတ်လိုက်ခြင်းဖြစ်သည်။ ဟုတ် သည်။ ခမ်းလှမ်းလှမ်း မျက်စောင်းထိုးစားပွဲတစ်လုံးတွင် မိုးသောက် ယံနှင့် မိန်းမလှလေးတစ်ဦးကို တွေ့လိုက်ရသည်။ မိုးသောက်ယံ ကတော့ သူမကို မမြင်ပါ။ မမြင်ဆို သူမ တစ်ယောက်တည်းကိုမှ မဟုတ်၊ တလောကလုံးကိုတောင် မြင်ပုံမရပေ။

အခြေအနေအရပ်ရပ်ကို သုံးသပ်ကြည့်လိုက်သောအခါ သူမ, ကောင်းစွာ သဘောပေါက်သွားသည်။ သို့နှင့် ... မိုးသောက်ယံကို ခေါ်ပြောနှုတ်ဆက်မနေတော့ဘဲ မသိချင်၊ မမြင်ချင်ယောင်ဆောင်နေရန် ဆုံးဖြတ်လိုက်သည်။

သူမက ထိုသို့ဆုံးဖြတ်လိုက်သော်လည်း မိုးသောက်ယံက



www.burmeseclassic.com

www.burmeseclassic.com



သူမကို မြင်သွားလေသည်။ ထိုအခါ ပြူးပြူးပြာပြာဖြစ်သွားပြီး ဘာလုပ်ရမှန်းမသိပုံနှင့် စိတ်အိုက်နေပုံရသည်။

အခြေအနေက ခုချက်ချင်းထထွက်သွားရအောင်က လည်း ဟင်းပွဲတွေက စားပွဲပေါ်ရောက်နေပြီ။ ဟင်းပွဲတွေအသာ ထား၊ ထထွက်သွားကာမှ သူမ, မြင်သွားမှာစိုးပုံနှင့် ပုံစံက ယောက်ယက်ခတ်နေ၏။

ပြီးမှ အကြံရသွားပုံနှင့် စားပွဲထိုးကလေးကို လှမ်းခေါ်ကာ တီးတိုးပြောသည်။ ထို့နောက် ... မိန်းမချောလေးကိုကွယ်၍ ဆိုင်အနောက်လှေကားမှ အပေါ်ထပ်သို့ တက်သွားလေသည်။ သဘောက လွတ်ပြီကျွတ်ပြီဆိုပါတော့ ...။

သူမသည် ရယ်ချစ်စိတ်ကို မနည်းအောင့်အီးထားပြီး ပြုံးရုံသာပြုံးနေလိုက်သည်။ ဟင်းပွဲတွေ မှာထားသည့်ခဏ တစ်ခုခု လုပ်ရန် သူမ, တွေးသည်။ ဒီအတိုင်း မသိချင်ယောင်ဆောင်နေ လိုက်ဖို့က အတော့်ကို ပျင်းစရာကောင်းပါသည်။

ကိုယ့်ကို အကျောကြီးကျောသွားသူတစ်ယောက်ကို ဒီအတိုင်းပျော်ရွှင်ခွင့်ပေးလိုက်နိုင်ရအောင် သူမ,သည် တရားပေါက်နေသောသူ မဟုတ်ပါ။

ခွင့်မလွှတ်နိုင်တာမျိုးမဟုတ်သော်လည်း နည်းနည်းလေး ကသိကအောက်ဖြစ်သွားအောင်တော့ လုပ်လိုက်ချင်သေးသည်။ ဪ ... ကိုယ်က ပုထုစဥ်မဟုတ်လား။

ဝင်းအိစိုသည် တပိုတပါးသွားရန် ခဏခွင့်တောင်းပြီး အနောက်လှေကားမှတစ်ဆင့် အပေါ်ထပ်သို့ လှစ်ခနဲတက်လာခဲ့ သည်။ အပေါ်ထပ် စားပွဲတစ်လုံးတွင် လွတ်လွတ်လပ်လပ်



www.burmeseclassic.com

www.burmeseclassic.com



အပျော် ကြီးပျော်နေရှာသော မိုးသောက်ယံကို တွေ့ရသည်။ ဒင်းက တလောကလုံးကိုမေ့ကာ ကောင်မလေးပါးစပ်ထဲကို အသားဖတ် တစ်ဖတ်ခွံ့သည်။ ပြီးတော့ ... ဖြူဖြူဖွေးဖွေးလက်ဖမိုးလေးကို ဆွဲယူကာ အသာအယာပင် နမ်းလိုက်ပါသေးသည်။

ထူးဆန်းသည်က ထိုသို့သော မြင်ကွင်းမျိုးကို မျက်စိရှေ့ တပ်အပ်မြင်နေရသော်လည်း သူမ့ရင်ထဲတွင် သဝန်တိုတာ၊ ဒေါသဖြစ်မခံချင်တာ၊ ထိခိုက်ကြေကွဲဝမ်းနည်းခံစားရတာမျိုးတွေ တစ်ခုမှ ဖြစ်မနေပါ။ ဒါတွေအစား ရယ်ပဲ ရယ်ချင်နေသည်။ ထို့ကြောင့် ... ကျိစယ်နောက်ပြောင်ရန် တမင်သက်သက် အပေါ်ထိ တက်လိုက်လာခြင်းပင်။

"အဟမ်း"

အနားကပ်၍ ဆိုးလိုက်သောချောင်းဆိုးသံကြောင့် ကြည်နူးနေရာမှ နှစ်ယောက်စလုံး မော့ကြည့်လာကြသည်။

"ဟင် "

"ရုပ်ရှင်ရိုက်နေတာတော့ မဟုတ်ပါဖူးနော်"

"အိ အိစို၊ နင် ... နင်"

"အေးပါ၊ ငါ, ဝင်းအိစိုအစစ်ပါ၊ အောက်ထပ်မှာကတည်းက နင့်ကိုမြင်သားပဲ၊ အပေါ်ထပ်ရွှေ့သွားလို့ လိုက်လာတာ၊ အပေါ် ထပ်က ပိုပြီး လွတ်လပ်တယ်နော်"

"ငါ့ကို နင်, ဘာ ဘာပြောစရာရှိလို့လဲ ဝင်းအိ၊ ဟို နောက် ... နောက်မှ"

မိုးသောက်ယံက သူ့ကောင်မလေးရှေ့ တစ်ခုခုပြောလိုက်မှာ စိုးရိမ်ပုံရသည်။ အသံတွေက ထစ်ငေါ့တုန်ရီနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောစရာရှိရမှာလဲဟ၊ နင်နဲ့မတွေ့ရတာကြာလို့ လာတွေ့တာပေါ့ သောက်ယံရဲ့"

ဒီလိုအခေါ်အဝေါ်က သူမ, စိတ်တို၊ စိတ်မရှည်ဖြစ်သည့် အခါမျိုးမှာသာ ခေါ်လေ့ရှိသဖြင့် မိုးသောက်ယံမျက်နှာ စိုးရိမ်စိတ်ဖြင့် အလွန်ပျက်နေပြီ။

"နင်က တော်တော်လျှို့ဝှက်တာပဲ သောက်ယံ၊ နင့်မှာ ဒီလောက်လှတဲ့ကောင်မလေးရှိတာ ငါတို့ကို ဘာလို့မပြောတာလဲ၊ ခု ... ငါ့ကို နင့်ကောင်မလေးနဲ့ မိတ်ဆက်ပေး"

လှတယ်ဟု အပြောခံရ၍ ကောင်မလေးက ကျေနပ်စွာ ပြုံးနေသည်။ ပြီးမှ ...

"အစ်မက ကိုကို့ သူငယ်ချင်းလား၊ အစ်မလည်း အရမ်း ချောပြီး၊ အရမ်းချစ်စရာကောင်းတာပဲ"

"ဟုတ်ရဲ့လား ညီမရဲ့ ... အစ်မကတော့ ကိုယ့်ကိုယ်ကိုယ် ချောတယ်လို့မထင်ပါဖူး၊ မချောလို့ဘဲ အစ်မရီးစားက ပစ်သွားတဲ့ ဟာကို"

သူမ, ထိုသို့ပြောနေချိန်တွင် မိုးယောက်ယံမျက်နှာ၌ ချွေးတွေပျံနေတာ တွေ့ရသည်။ ဒီလောက်အေးတဲ့ ဆိုင်ထဲမှာ ချွေးထွက်စရာအကြောင်းဖြင့် မရှိဘဲနဲ့ ...။

"ဟင်၊ ဟုတ်ပါ့မလား အစ်မရဲ့ ... အစ်မလို မိန်းကလေး မျိုးကို တကယ်ပဲပစ်သွားတယ်ဆိုရင်တော့ အဲဒီယောက်ျားဟာ ရူးနေလို့ပဲ ဖြစ်ရမယ်၊ တကယ်"

"ဟင်း ဟင်း ဟင်း ဟင်း"

အတော့်ကို ရယ်စရာကောင်းလှ၏။ သူမသည် သဘော



www.burmeseclassic.com

www.burmeseclassic.com



ကျုလွန်း၍ အသံထွက်အောင်ပင် ရယ်မောမိသည်။ မိုးသောက်ယံ မျက်နှာကြီးကတော့ ဘာလုပ်၍ ဘာပြောရမှန်းမသိလောက် အောင်ပင် အနေခက်၊ ကဏှာမငြိမ်ဖြစ်နေရှာသည်။ ကောင်မ လေးကတော့ ဘာမှမသိဘဲ သူမကိုပင် သနားနေသေးသည်။

"ကဲပါ၊ နင့်မျက်နှာကြီးက ဘယ်လိုဖြစ်နေတာလဲ သောက် ယံရဲ့ .. ငါ, နင်တို့ကို မနှောင့်ယှက်တော့ပါဘူး၊ အေးအေးဆေး ဆေးစားကြပါ။ ငါ, နင့်ကိုတွေ့တယ်ဆိုတာ သိစေချင်တာ တစ်ခုတည်းကြောင့် လာခဲ့တာ"

မိုးသောက်ယံ မျက်လွှာချထားသည်။ ဒါပဲပေါ့။ ဆင်ဖြူ မျက်နှာ ဆင်မဲ မကြည့်ရဲဆိုတာ ဒါမျိုးကို ပြောတာပဲဖြစ်မည်။

"ငါ့ကို နင့်မင်္ဂလာဆောင်ကျရင် ဖိတ်ဖို့ သတိရမယ် မဟုတ်လားသောက်ယံ"

"ဟာ၊ ဖိတ်မှာပေါ့ အစ်မရဲ့ ... ကိုကိုမေ့နေရင်တောင် ညီမကိုယ်တိုင် အစ်မကို လာဖိတ်မယ်၊ အစ်မကို သတို့သမီးအရံ တောင်လုပ်ခိုင်းချင်သေးတယ်။ အစ်မက ဒီတိုင်းတောင် ဒီလောက် လှနေတာပြင်ဆင်လိုက်ရင်အရမ်းလှမှာ ... "

"ဟာ ခိုင်လေး"

မိုးသောက်ယံက သူ့ကောင်မလေးကို လှမ်းဟန့်သည်။

"ပြောပါစေ၊ သူက ရိုးသားစွာ ပြောတာပဲ"

သူများအပေါ်တွင် အင်မတန်ပုံကြီးချဲ့တတ်သော၊ ငယ် ကတည်း ကလူပါးဝသော၊ တစ်စိပ်ကိုတစ်အိတ်လုပ်တတ်သော၊ စကားကြီး စကားကျယ်ပြော၍ ဆရာလုပ်လွန်းသော မိုးသောက် ယံမှာ ခေါင်းကြီးငိုက်စိုက်ကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သွားမယ် ညီမရေ၊ မင်္ဂလာဆောင်ကျရင်သာ ဖိတ်လိုက်ပါ၊ အစ်မ ဆက်ဆက်လာခဲ့ပါ့မယ်၊ ဟဲ့ ... သောက်ယံ၊ နှင်း၊ ကံကောင်းတယ်သိလား၊ နှင့်ကောင်မလေးက လှလည်းလှ ရိုးလည်း ရိုးသားတယ်၊ သွားပြီနော်"

သူမပုံစံသည် တမင်ဟန်ဆောင်လုပ်ယူနေတာမျိုး မဟုတ်ဘဲ တကယ်ပင် ပေါ့ပါးနေပေသည်။ ကျောခိုင်းထွက်လာပြီးနောက် သူမစိတ်ထဲတွင် ရယ်ချင်နေတာပဲရှိသည်။ သို့ဆိုလျှင် မိုးသောက် ယံအပေါ် သူမ, တကယ့်အချစ်စစ်နှင့် မချစ်ခဲ့တာ သေချာသည်။ သံယောဇဉ်နှင့် နီးစပ်မှုကို မှားယွင်းစွာ အချစ်ဟု ကောက်ချက်ချ ခဲ့မိခြင်းသာ ဖြစ်ပေလိမ့်မည်။

ထိုအချိန်ကစ၍ ခုထိ ရီးစားသန်ရယ်လို့ မထားဖြစ်ပါ။ ကျောင်းတွင်လည်း ချစ်ရေးဆိုလာသူမှန်သမျှကို အေးစက်သော နှလုံးသားဖြင့်သာ ဥပေက္ခာပြုခဲ့သည်။

အဘယ့်ကြောင့်ဆိုသော် ... သူမသည် အချစ်ဆိုသော အရာကို အယုံအကြည်ကင်းမဲ့၍ ဖြစ်လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

တစ်မနက်လုံး မိုးက တစွတ်စွတ်ရွာနေသဖြင့် အပြင်သို့ ထိုးဝ မထွက်ဖြစ်ဘဲ သူသည် အိမ်ထဲတွင် ကုတ်ကာ စာဖတ်နေ လိုက်သည်။ တဖျစ်ဖျစ်ရွာနေသောမိုးက ညနေပိုင်းလောက်မှ တိတ် သွားသည်။

မိုးတိတ်သွားသည်နှင့် သူသည် မျှော်လင့်ချက်မဲ့နေသော ရှုသုံးရပ်ဝန်ဆီသို့ ထွက်လာခဲ့သည်။ မျှော်လင့်ချက်မဲ့တာ သပ် သပ်၊ နှလုံးသားက တောင်းဆိုတာက သပ်သပ်။ သူသည် သူမကို တစ်နေ့ မတွေ့ရလျှင် မနေနိုင်သော အခြေအနေသို့ ရောက်နေပြီ။

သူမက ပြန်မချစ်ပေမယ့် မချစ်ဘဲမနေနိုင်သောသူက



www.burmeseclassic.com

www.burmeseclassic.com


မျက်နှာလေးပဲကြည့်ခွင့်ရရသဘောထားကာ နေ့စဉ်ဝတ္တရားမပျက် သွားရောက်ခံစားလျက်ပင်။

လမ်းမပေါ်တွင် ချိုင့်ခွက်ဖြစ်သောနေရာအချို့၌ မိုးရေတို့ အိုင်ထွန်းတင်ကျန်ရစ်သည်။ သူသည် ရေကွက်၊ ရေအိုင်တို့ကို ကွင်းရှောင်ကာ လျှောက်သည်။ ယခုအချိန်သည် ရပ်ကွက်မူလတန်း ကျောင်းကလေးမှ ကျောင်းဆင်းချိန်နှင့်ကြုံနေ၍ ကျောင်းသားကလေးငယ်များ၊ လာကြိုသောလူကြီးများ၊ လမ်းသွားလမ်းလာများနှင့် ရှုပ်ထွေးနေချိန်ဖြစ်သည်။

တချို့ကလေးများမှာတော့ လူကြီးလာမကြိုနိုင်၍ တစ်ယောက်တည်း၊ ဒါမှမဟုတ် သူ့ဆိုင်ရာအဖော်ကလေးနှင့် တွဲလျှောက်ပြန်လာတာကို တွေ့ရသည်။

သူသည် ရှုပ်ထွေးသော လူတွေကြားထဲ တိုးဝင်ဖြတ်လျှောက်ရင်း မြမာလာဆိုင်နား ရောက်လာသည်။ ဆိုင်ထဲတွင် မိုးတိုးမတ်တတ်ရှိနေသော သူမကိုပင် လှမ်းတွေ့နေရသည်။ သူမ ကလည်း သူ လာနေတာကို မြင်သည်။ လှမ်းကြည့်နေ၏။

ထိုအချိန်ကလေးမှာပင် ...

တကယ့်ကို လျှပ်ပြက်သလို တဒင်္ဂအချိန်ကလေးအတွင်းမှာပင် မမျှော်လင့်သောဖြစ်ရပ်တစ်ခု ဖြစ်သွားသည်။

ကျောင်းသားကလေးတစ်ယောက်သည် ဖြုန်းဆိုအမှတ်တမဲ့ ကားလမ်းမကို ဖြတ်ကူးပြေးလေ၏။ ထိုသို့ ဖြတ်ကူးလိုက်သောအချိန်တွင် ကားတစ်စင်းကလည်း အရှိန်ဖြင့် မောင်းလာသောအချိန်။

သူ့ရင်ထဲ စိုးရိမ်စိတ်ဖြင့် ထိတ်လန့်သွားသည်။ ပတ်ဝန်း


www.burmeseclassic.com

www.burmeseclassic.com



ကျင်ရှိ မြင့်သူတချို့မှာလည်း ရုတ်တရက်မို့ ကြက်သေ သေတုန်ကြသည်။ သူသည် ဘာမှ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ဘဲ လေ၏လျှင်မြန်ခြင်းမျိုးဖြင့် ကလေးငယ်အနားရောက်သွားသည်။ ထို့နောက် ... ကလေးငယ်လေးကို လမ်းဘေးသို့ အားကုန်တွန်းထုတ်ပစ်လိုက်တော့၏။

"ကျွီ"

"ဝုန်း"

"အား"

"ဟင်"

"ဟယ်"

"ဟာ"

"ကောင်လေးတော့ သေပါပြီ"

ဆူညံစွာအော်ဟစ်လိုက်သောအသံများကြားမှ "ဒုန်း" ဟူသောအသံကြီးကို ကြားလိုက်ရပြီးနောက် သူသည် လွင့်စင်သွား၏။ ထို့နောက် ... အသည်းခိုက်အောင် နာကျင်လှသောဝေဒနာများဖြင့် ကတ္တရာလမ်းပေါ် လဲကျသွားသည်။ မျက်လုံးထဲတွင် ကမ္ဘာလောကကြီးတစ်ခုလုံး အမှောင်တိုက်ကြီးက ဖုံးလွှမ်းသွား၏။

"ကိုမြင့်မြတ် ... ကိုမြင့်မြတ် ... ကိုမြင့်မြတ်"

ပထမဦးဆုံး အော်လိုက်သံလေးက နှလုံးသားကွဲမတတ် ကျယ်လောင်စွာ ပေါ်ထွက်လာသည်။ ထို့နောက် ... တဖြည်းဖြည်း တိုးတိမ်ပျောက်ကွယ်သွား၏။ အရင်ဆုံး ... သူ့အနားသို့ အပြေး ရောက်လာသော ခြေသံလေးတစ်သံ။ ပြီးလျှင် ... ရင်ခွင်နွေးနွေး လေးက ပွေ့ယူလိုက်တာကို သိပြီး နားထဲတွင်



www.burmeseclassic.com

www.burmeseclassic.com


ရှိက်သံလေးကို ကြားရပြန်သည်။

"ရှင်, မသေရဖူး ကိုမြင့်မြတ်၊ ရှင့်ကို ကျွန်မ ချစ်တယ်၊ ရှင့်ကို ကျွန်မ ချစ်သွားပြီ ကိုမြင့်မြတ်ရယ်၊ ရှင်, မသေပါနဲ့နော်၊ ဟင့် ဟင့် ဟင့် ဟင့်"

သူသည် သူမငိုနေတာကို သိနေသေးသော်လည်း နာကျင်လွန်း၍ လှုပ်မရ၊ မျက်စိလည်း ဖွင့်မရ။ စိတ်ထဲက သူမကို ပြုံးပြ ချင်နေသည်။ ထို့နောက် ... ခေါ်သံ၊ အော်သံ၊ ဝိုင်းအုံပြေးလာသံ။

တစ်ယောက်တစ်ပေါက် ပွက်လောရိုက်ပြောဆိုနေသံများကြားမှ နောက်ဆုံးကြားလိုက်ရသောအသံကား ....

သူ, "သေပြီ" တဲ့။

* * *



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်သေဆုံးခြင်းကို သူမ,တစ်သက်တာတွင် မျက်စိရှေ့ မျက်ဝါးထင်ထင် ဘယ်တုန်းကမှ မတွေ့ဖူး၊ မမြင်ဖူး၊ မကြုံဖူးခဲ့ပါ။

ယခု ... တွေ့ဖူး၊ မြင်ဖူး၊ ကြုံဖူးပြန်တော့လည်း မျှော်လင့်မထားတဲ့ ဆိုးဝါးမှု ဖြစ်လာသည်။ သူမ, ရင်ခွင်ထဲတွင် သွေးသံရဲရဲဖြင့် ငြိမ်သက်နေသူကို အားလုံးက သေပြီတဲ့။ ဩော် ... ငါ့နယ်၊ သေသွားပြီဆိုမှ ဒီလူကို သူမ, ချစ်မိသွားသတဲ့။

ဖြစ်ပျက်သွားသောအဖြစ်ပျက်သည် သူမ, မြင်ကွင်းထဲ စက္ကန့်ပိုင်းတွင်း လျှင်မြန်လွန်းလှသည်။ ယခုအချိန်တွင် သူမ, နှလုံးသားတို့ ကွဲအက်ကြေမွကုန်ပြီဟု ထင်ရသည်။

"ငါ, သူ့ကို သေမှပဲ ချစ်မိပါရော့လား" ဟု အတွေးဝင်လာပြီးနောက် ပူလောင်ပြင်းပြဆို့နစ်သောဝေဒနာများက သူမ, တစ်ကိုယ်လုံးကို ဖိစီးနှိပ်စက်လေတော့၏။

ထို့နောက် သူမသည် ခံနိုင်ရည်စွမ်းအား မရှိတော့ဘွာ ထိုနေရာမှာပင် သတိလစ်မေ့မြောသွားလေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၆)

ခြောက်လဆိုသောအချိန်သည် ဘာမှ မကြာလိုက်။ အရာရာသည် ပြောင်းလဲတာ ပြောင်းလဲ၍ ပုံမှန်အတိုင်း ဖြစ်နေမြဲက ဖြစ်နေမြဲပင်။ သို့သော် ... အသက်တွေကတော့ ခြောက်လကြီးသွားပြီ။ ဒီကြားထဲ မျှော်လင့်မထားသော အပြောင်း အလဲတစ်ခုကို ထပ်ကြားရပြန်သည်။

"ငါ၊ လက်ထပ်တော့မယ် ဝင်းအိ"

"အယ်၊ တကယ်လား မိဇာ"

"တကယ်ပါ"

"ဒါနဲ့များ သူငယ်ချင်းအရင်းကြီးဖြစ်ပြီး ဘာလို့ ခုမှ ငါက သိရတာလဲ မိဇာ"



www.burmeseclassic.com

www.burmeseclassic.com



သူစာသည် နှုတ်ဆိတ်လျက်ရှိသည်။ မျက်နှာအမူအရာ မှာလည်း ယခင်လို ပေါ့ပါးရွှတ်နောက်ပုံစံမဟုတ်ဘဲ လေးနက် အည်ငြိမ်နေသည်။

"ဆိုစမ်းပါဦး၊ နင်က ဘယ်သူနဲ့ လက်ထပ်မှာလဲ"

သူမ, အမေးကို ခဏတုန့်ဆိုင်းနေပြီးမှ သူစာက ...

"ဦးမျိုးခန့်နဲ့"

"ဘာ"

သူမ၏ အထိတ်တလန့်အော်လိုက်သံက ဝန်းကျင်တစ်ခု လုံး တုန်ဟီးမတတ် ကျယ်လောင်လှသည်။

"နင့်အတွက် စိတ်မကောင်းပေမယ့် ... ငါနဲ့ဦးမျိုး တစ်ယောက်ကိုတစ်ယောက် တကယ်ချစ်ကြတာပါ"

သူမအတွက် စိတ်မကောင်းဆိုသောစကားက ဘာကိုဆို လိုချင်ပါသနည်း။ မည်သို့ပင်ဖြစ်စေ ဖြစ်တာတော့ လုံးဝကို မခွစ်သင့်ပေ။

"ဘယ်ကတည်းက နင်တို့ ဒီအခြေအနေထိ ဖြစ်သွားကြ တာလဲ မိစာ"

"ဖြစ်တာကတော့ မြင့်မြတ်ကားတိုက်ခံရတဲ့နောက်ပိုင်းမှ ပါပေမယ့် ... ငါတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် ကြင်ထဲက ချစ်နေကြတာကြာပြီ၊ အဲဒါ ကိုယ့်ဖာသာ မသိကြလို့"

နှစ်ဦးသားတိတ်ဆိတ်သွားကြပြန်သည်။ ခဏကြာ၍ သူစာက ...



www.burmeseclassic.com

www.burmeseclassic.com



"တန်ဆောင်မုန်းလပြည့်နေ့ တစ်နေ့၊ ဒါမှမဟုတ် တန်ဆောင်တိုင်ညတစ်ညပဲဆိုပါတော့ ... ငါတို့ညီအစ်မတစ်တွေ ဦးမျိုးကို သွားကန်တော့ကြတယ်၊ အဲဒါ ... ဟိုး ငယ်စဉ်ကလေးဘဝ၊ မြင့်မြတ်အမေရှိကတည်းက ကန်တော့လာတာ၊ နောက်ပိုင်း မြင့်မြတ်အမေ မရှိတော့မှ မကန်တော့ဖြစ်တော့တာ၊ မြင့်မြတ်က လည်း တို့ ... ဖေဖေနဲ့မေမေကို အခါကြီးနေ့ကြီးတိုင်း လာကန်တော့တယ်"

သူဇာပြောနေသော စကားတွေကို ခုထိ ... သုံ့မ၊ နားမလည်နိုင်သေးပေ။ သူဇာနှင့်ဦးမျိုး ချစ်ကြခြင်းက တန်ဆောင်တိုင် ညနှင့် မည်သို့ပတ်သက်နေပါသနည်း။

"ဟင်း ဟင်း၊ ရယ်စရာတော့ ကောင်းတယ် သိလားဝင်းအိ၊ အဲဒီ ဦးမျိုးဟာလေ ... ရပ်ကွက်ထဲက ကလေးတွေ၊ ငါတို့လို ရပ်ဆွေ၊ ရပ်မျိုးလို နေလာကြတဲ့သူတွေ လာကန်တော့ရင် ဆုမပေးတတ်ဖူးတဲ့၊ အဲဒီတော့ ... ဘာလုပ်တယ် ထင်သလဲ"

ဘာမှဆိုင်ဆိုင်၊ မဆိုင်ဆိုင် စိတ်ဝင်စားဖို့တော့ ကောင်းလာသည်။ သုံ့မသည် သူဇာဆက်ပြောလာမည့်စကားကို ငံ့လင့်နေမိသည်။

"လာကန်တော့ကြရင် ... လူကြီးတွေက ဆုပေးရတယ် မဟုတ်လား၊ ဦးမျိုးကျတော့ ဆုမပေးတတ်တော့ ... မပေးလို့ကလည်း မကောင်း၊ ဆုကလည်းမပေးတတ်ဆိုတော့ ပါးစပ်လေး လှုပ်ရုံ ပွစိပွစိလုပ်ပြီး ဆုပေးနေတဲ့ဟန် ဆောင်နေတာတဲ့၊ အဲဒါ ဦးမျိုးပြောပြလို့ နောက်မှ သိရတာပါ၊ အခု ... ငါ, အဓိကပြောချင်တာက ... အဟမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဇာတ်လမ်းက တကယ့် အချိန်ကောင်းကို ရောက်လာပြီ။

"ဦးမျိုး၊ မျက်စိမှိတ်ပြီး ပါးစပ်က ဆုပေးသလို လှုပ်စိလှုပ်စိ လုပ်နေတဲ့အချိန် ငါ၊ သူ့ကို ငေးကြည့်မိရင်း စိတ်ထဲမှာ ချစ်ခင် မြတ်နိုးတဲ့စိတ်တွေ တဖွားဖွားပေါ်လာတယ်"

နောက်ဆုံး သူဇာ ဆိုလိုချင်သော အဓိပ္ပါယ်က ဤနေရာတွင် နိဂုံးကမ္ပတ်အဆုံးသတ်လေပြီ။

"ဦးမျိုးကတော့ ငါ့ကို ဘယ်အချိန်ကတည်းက ချစ်နေသလဲမသိဖူးပေါ့၊ ခုတော့ ... ငါတို့နှစ်ယောက် လက်ထပ်ဖို့ဆုံးဖြတ်ပြီးသွားပြီ"

သူမရင်ထဲ နင်တင်တင် ဖြစ်နေ၏) ။ သူဇာနှင့်ဦးမျိုးခန့် လက်ထပ်လိုက်လျှင်ဆိုသောအတွေးက သူမခေါင်းတွေကို ချာချာလည်မူးနောက်သွားစေသည်။ သို့သော် ... သူမတွင် ကန့်ကွက်ပိုင်ခွင့် မရှိပါ။

"အချစ်ဆိုတာ ဖန်တီးလုပ်ယူလို့ရတဲ့အရာမျိုးမှ မဟုတ်တာ ဝင်းအိရယ်၊ မမျှော်လင့်ဘဲ သူပေါ်လာချင်တဲ့အချိန်ပေါ်လာတာ၊ နင်လည်း ကိုယ်တွေ့ကြုံဖူးတာပဲလေ၊ ဒီတော့ ... ငါ့ကို ကိုယ်ချင်းစာပြီး နားလည်ပေးနိုင်မှာပါ"

ချည်ပြီးတုတ်ပြီးသောစကား ...။

သူမမျက်စိရှေ့တွင် မြင့်မြတ်ကို မော်တော်ကားနှင့် တိုက်မိတာ မြင်လိုက်ရစဉ်ခဏ ရင်ထဲကအချစ်တွေ ဆုပ္ပက်အုံကြွတွန်းကန်ထွက်ကျလာခဲ့ပြီး ရင်ခွင်ထဲပွေ့ထားသော သွေးသံရဲရဲနှင့် မြင့်မြတ်ကို "ချစ်တယ်"ဟု တတွတ်တွတ် ပြောခဲ့မိသည်။

ထိုစဉ်က ... သူမ စကားသံတို့ကို မြင့်မြတ်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကြားနိုင်စွမ်း ရှိခဲ့သည်မဟုတ်။

"နင့်မိဘတွေက သဘောတူလိမ့်မယ် ထင်သလားမိဇာ"

"မထင်ပါဘူး၊ အပြင်းအထန်ကန့်ကွက်ကြပါလိမ့်မယ်၊ တားမြစ်ပိတ်ပင်ချုပ်ချယ်တာတွေ လုပ်ကြလိမ့်မယ်၊ ဦးမျိုးကို လည်း ရစရာမရှိအောင် ဆုပ်ပွမြောဆိုကြလိမ့်မယ်၊ ဒါပေမယ့်"

သူဇာဆက်ပြောလာမည့်စကားသည် ပေါက်ကွဲတော့ မည့်ဗုံးတစ်လုံးနှင့် တူသည်။

"ဒါပေမယ့် ... ငါ, ကလေးမဟုတ်တော့ဖူး၊ အရွယ် ရောက်နေတဲ့ မိန်းမကစ်ယောက်ဖြစ်နေပြီ၊ အရာရာချင့်ချိန်ဆုံး ဖြတ်နိုင်စွမ်းရှိတယ်၊ သိပ်ပြီး ဦးမျိုးက ငါ့ထက် အသက်အများကြီး ကြီးတာကလွဲရင် ဘာမှ လိုအပ်ချက်မရှိ ပြည့်စုံတဲ့ယောကျ်ား တစ်ယောက်ပဲလေ"

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၇)

သူ့ခန္ဓာကိုယ်တွင် ကျိုးအက်ဒဏ်ရာများစွာဖြင့် တစ်လလောက် အိပ်ရာထဲလဲနေခဲ့သည်။ အမှန်က သူသည် သေရမည့်လူတစ်ယောက်သာ ဖြစ်သည်။

သို့သော် ... အရှိန်ဖြင့် မောင်းလာသောကားက ဘရိတ်အုပ်လိုက်ပြီးမှ သူ့ကို တိုက်မိခြင်းဖြစ်သည်။ ဒါတောင် ... ပေါင်ရိုးကျိုး၊ လက်မောင်းအက်၊ ခေါင်းကွဲ စသဖြင့် တစ်ကိုယ်လုံးစုတ်ပြတ်ပွန်းပဲ့ဒဏ်ရာများဖြင့် သေလုမျောပါး ခံခဲ့ရသည်။ ဘရိတ်အုပ်တာသာ မဦးဘဲ တိုက်လိုက်ခဲ့မိပါက သူ့တစ်ကိုယ်လုံးကြေမွသွားနိုင်သည်။

ဒီကြားထဲ အမြတ်ထွက်ခဲ့သည်က သူမထံမှ ချစ်အငြိုကို ရရှိခဲ့ခြင်း ဖြစ်သည်။ သူမသည် တစ်လလုံးလုံး သူ့ကို ပြုစုခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့အနားတွင် သူမရှိနေချိန်ဆိုပါက ယင်ကောင်တစ်ကောင်၊ ခြင်တစ်ကောင်ပင် နားခွင့်၊ ကိုက်ခွင့် မရှိအောင် ဂရုစိုက်သည်။ သူ၊ ဆေးရုံမှဆင်းသည့်နေ့သည် သူနှင့်သူမတို့၏ ချစ်သက်တမ်း တစ်လနှင့် ဆယ့်သုံးရက်မြောက်နေ့ ဖြစ်သည်။

"ကိုယ့်အတွက် ပေးဆပ်ရတဲ့ဒဏ်ရာတွေက တန်တယ်နော် ချစ်"

"တော်ပါရှင်ရယ်၊ မသေကောင်း၊ မပျောက်ကောင်း"

"တကယ်လို့ ... အဲဒီအချိန် ကိုယ်သာသေသွားခဲ့ရင် မင်း ရဲ့အချစ်ကို ရခဲ့မှာ မဟုတ်တော့ဖူးပေါ့နော်"

"ဒါဆို ကျွန်မလည်း တစ်သက်လုံး ငိုနေရတော့မှာပေါ့"

"စက္ကန့်နဲ့အမျှ ကိုယ်က ချစ်ကို ပိုပိုချစ်လာတယ်၊ ချစ်ရော ...ဟင်"

"နှစ်ဆတိုးပေါ့၊ ဟင်း ဟင်း ဟင်း"

ကမ္ဘာမှာ အပျော်ဆုံးဆိုသောစကားလုံးကို အခုချိန် သုံးစွဲရန် အသင့်တော်ဆုံးဖြစ်လိမ့်မည်။

လူတစ်ယောက်၏ ဘဝတစ် သက်တာသည် အဆိုချည်းလည်းမဟုတ်၊ အကောင်းချည်းလည်းမကြုံ ဆိုတာမျိုးက တကယ့်ကိုမှန်သည်။ အဆိုးနှင့်အကောင်းက ဒွန်တွဲ၍သာ နေ၏။

သူမအချစ်ကို ရဖို့ မျှော်လင့်ချက်မဲ့စဉ်အချိန်တွေတုန်းက အကြီးမားဆုံး စိတ်ဆင်းရဲခဲ့ရသည်။ ခုတော့လည်း ပျော်နေရသည်။

"မင်းအတွက် အမှန်အကန်နှမ်းစရာ ရသွားတာပေါ့ကွာ၊ ဟိုဟာ၊ ဒီဟာတွေ လျှောက်နမ်းနေစရာ မလိုတော့ဖူးပေါ့၊ ဟဲဟဲ"

ခင်မောင်လတ်က သူ့ကို ဩဘာပေးသည်။ ခင်မောင်



www.burmeseclassic.com

www.burmeseclassic.com


လတ်မှမဟုတ်၊ ပြည်စိုးဦးနှင့် အိမ်ရှိကာလသားများကလည်း ထိုသို့ ဝမ်းသာအားရ ဝိုင်းဝန်းပြောဆို ဩဘာပေးခဲ့ကြသည်။

သူသည် သူမနှင့် ချစ်သူဖြစ်ပြီးနောက်ပိုင်း အစဉ်သဖြင့် အရိပ်တကြည့်ကြည့် ဂရုစိုက်ခံခဲ့ရသည်။ အဓိကကတော့ သူ့ကျန်းမာရေးပင်ဖြစ်သည်။

"ကို၊ နေလို့ကောင်းရဲ့လား၊ ခေါင်းမူးသေးလား၊ ခြေလက်တွေ ထုံကျင်ကိုက်ခဲနာကျင်တာမျိုးရော ဖြစ်သေးလား၊ ဘယ်လိုနေသေးလဲ"

စသဖြင့် သူ့ခန္ဓာကိုယ်ကို မယုံမရဲစိတ်မချစွာစမ်းရင်း ပူပန်စွာ မကြာခဏ မေးတတ်သည်။ ဒါလည်း မဆန်းပါ။ သူမ မျက်စိရှေ့တွင် အရှိန်ပြင်းသောကားတစ်စင်း၏ တဲ့တဲ့မတ်မတ် ဝင်တိုက်ခြင်းကို ခံခဲ့ရပြီး သွေးသံရဲရဲဖြင့် လွင့်စင်သွားခဲ့တာ မဟုတ်လား။

"ကိုယ့်ခန္ဓာကိုယ်အစိတ်အပိုင်းပစ္စည်းအားလုံး မူလအတိုင်း အကောင်းပကတိ ဒေါင်ဒေါင်မြည်ကျန်းမာပါတယ်။ မယုံရင် အခုချက်ချင်း လက်ထပ်ကြည့်ပါလား"

သူက အထက်ပါစကားကို ရိုးရိုးသားသားပြောလိုက်ခြင်းသာ ဖြစ်သည်။ တကယ့်ကို ရိုးရိုးပြောလိုက်တာပါ။ သို့သော် သူ့စကားကြောင့် နှင်းပွင့်ဖြူဖြူလေး၏မျက်နှာသည် ရဲရဲတွက်နီစွေးသွားခဲ့လေ၏။ သူသည် အခြေအနေကို သဘောပေါက်ကာ ချက်ချင်းဖြေရှင်းရတော့သည်။

"ဟို ... ကိုယ်ပြောချင်တာက တခြားမဟုတ်ပါဖူး ချစ်ရဲ့၊ ဘာဖြစ်ဖြစ်လုပ်နိုင်တာကို ပြောတာပါ အဟဲ"

www.burmeseclassic.com


ရှင်းပြလိုက်ကာမှ ပိုဆိုးသွားသည်။ သူ့ ပြောချင်တာက မင်္ဂလာပွဲအတွက် ကရိကထလုပ်ငန်းကိစ္စအဝဝကို ဆိုလိုခြင်းဖြစ်သည်။ ဒါကို သူမက ...

"ဟွန်း၊ လူဆိုးကြီး ... အဲဒီနေ့ကတည်းက အောက်ပိုင်းသေသွားခဲ့ဖို့ကောင်းတယ်" တဲ့။

* * *

မည်သို့ပင်ဖြစ်စေ ... သူသည် ချစ်မြတ်နိုးလှစွာသော သူမကို လက်ထပ်ချင်လှပြီ။ မိန်းကလေးတစ်ယောက်ကို လက်ထပ်နိုင်သည့်အခြေအနေလည်း သူ့တွင် ရှိသည်။

သို့သော် ...

ထို သို့သော်၏ နောက်တွင် သူနှင့်သူမ လက်ထပ်ကြဖို့ ကြီးစွာသော အနှောင့်အယှက် အဟန့်အတားကြီးက တားဆီးပိတ်ပင်ထားလေသည်။

* * *


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၉)

"ငါ့ အိမ်ထောင်ပြုမယ့်ကိစ္စကို မင်း၊ ကန့်ကွက်လိမ့်မယ်လို့ မထင်ခဲ့ဖူး၊ ပြီးတော့ ... ဟိုးအရင်ကတည်းက ငါ့ကို နောက်အိမ်ထောင်ပြုဖို့ကိစ္စ မင်းပဲသဘောတူတိုက်တွန်း အားပေးခဲ့တာပဲလေ"

"ဟာ၊ ဒါတော့ အဖေရာ၊ အဲဒါက ဟို ... တခြားသူနဲ့ပြောတာ၊ ခုဟာက ..."

"ခုတော့ ဘာဖြစ်လဲ၊ မိဇာနဲ့က ဘာဖြစ်လဲ၊ အသက်ကြီးတာနဲ့ ငယ်တာကလွဲရင် ငါလည်း လွတ်လပ်သူ၊ သူလည်း လွတ်လပ်သူ၊ လွတ်လပ်သူအချင်းချင်း တစ်ယောက်ကိုတစ်ယောက် နှစ်နှစ်ကာကာမေတ္တာရှိပြီး လက်ထပ်တာ အပြစ်လား"

ထိုသို့ဆိုပြန်တော့လည်း ဟုတ်သည်။ ကန့်ကွက်စရာ



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းရယ်လို့လည်း ကြီးကြီးမားမား ပြသနာမဟုတ်ပေ။ တစ်သက်လုံး သူငယ်ချင်းလိုနေလာသူကို ဖခင်၏နောက်အိမ်ထောင်အဖြစ် လက်ခံရန် ခက်ခဲတာတော့ အမှန်ပင်။

"ငါတို့လက်ထပ်ပြီး အိမ်ခွဲနေမှာပါ၊ ဘယ်သူ့ဘယ်သူ့မျက်နှာမှ ကြည့်နေစရာမလိုဖူး၊ ဘာမှလည်း မျက်နှာပူစရာမရှိဖူး၊ ကြာတော့လည်း ရိုးသွားပြီး မေ့သွားမှာပါကွာ"

ဦးမျိုးခန့်ပြောတော့လည်း လွယ်သည်။ (အင်းလေ၊ ဒါကတော့ သူက သူ့ချစ်သူကို လိုချင်နေတာကိုး၊ ကြီးမှ ဝက်သက်ပေါက်နေတဲ့ဥစ္စာ၊ ကန်တော့ပါရဲ့ ...) ခက်တာက ရင်ဆိုင်ရမည့်ပတ်ဝန်းကျင်သည် နည်းနည်းမဟုတ်။ အများကြီးမှ တကယ့်ကိုအများကြီး။ ဒါတင်မက သူနှင့် ဝင်းအိစိုတို့ရှေ့ရေးကို ကြီးစွာသော အဟန့်အတား၊ အနှောင့်အယှက်ဖြစ်စေမှာ အမှန်။ ဒါကိုဖခင်ဖြစ်သူ မစဉ်းစားမိတာလား၊ တမင်ပဲ မစဉ်းစားတာလား။

နောက်ဆုံးတော့ သားသမီးဖြစ်တဲ့သူက အလျှော့ပေးလိုက်ရသည်။ အလျှော့မပေး၍လည်း ရမှာမှ မဟုတ်တာ။ ဦးမျိုးခန့်နှင့် သူဇာက ရှေ့သို့ပဲတိုးမည်။ လုံးဝ နောက်မဆုတ်ဟု အတိအလင်း ကြေငြာထားပြီးပြီ။ ထို့ကြောင့် ... အကျယ်ကျယ်မငြိမ်းဖွယ် မဖြစ်ချင်၍လည်း အလျှော့ပေးလိုက်ပါသည်။ သူဇာတို့ဖက်ကလည်း ရှ,စရာမရှိအောင် ဆုပ္ပဲဆိုပြီး နောက် ဆုံးတော့ဆလံပေးကာ လက်လျှော့သွားကြလေသည်။

ဩော် ... အချစ်သည် စွမ်းပကားကြီးမားလှပေတကား။

* * *



www.burmeseclassic.com

www.burmeseclassic.com

"ကဲ၊ ကိုယ့်အဖေကတော့ သူဖြစ်ချင်တာကို သတ္တိရှိရှိနဲ့ လုပ်သွားပြီ၊ ကိုယ်တို့ပဲ ကျန်တော့တယ်"

သူ့စကားကြောင့် နှင်းပွင့်ဖြူဖြူလေးရဲ့ မျက်နှာလေးက တွေဝေသွားသည်။

"ချစ်ရဲ့အိမ်ကို ကိုယ်တို့အကြောင်းတွေ ပြောထားတယ် မဟုတ်လား"

"အင်း"

"ချစ်ပုံစံကလည်းကွာ၊ တက်တက်ကြွကြွမရှိလိုက်တာ၊ ဘာဖြစ်နေတာလဲ ပြော"

သူမ, ပုံစံက တစ်ခုခုကို ပြောသင့်မပြောသင့် ချင့်ချိန်နေ သလိုပင်။

"ကဲပါ၊ ပြောစရာရှိရင် အားမနာတမ်း ပွင့်ပွင့်လင်းလင်း သာ ပြောလိုက်၊ ဒါမှ ... ဘာလုပ်ရမယ်ဆိုတာ စဉ်းစားလို့ရမှာ ပေါ့"

ထိုအခါမှ သူမမျက်နှာသည် ဘာပဲဖြစ်ဖြစ် ပြောလိုက် တော့မည်ဟူသောဆုံးဖြတ်ချက် ချလိုက်ပုံမျိုးနှင့် ...

"ချစ်တို့ လက်ထပ်ကြဖို့က ထင်သလောက် လွယ်မယ် မထင်ဖူး ကို"

ယခုလိုစကားမျိုးကို သူ, မျှော်လင့်ထားပြီးသားပင်။ သို့သော် ... မည်မျှထိ ခက်ခဲမည်ဆိုတာကိုသာ မခန့်မှန်းနိုင်ခြင်း ဖြစ်သည်။

"အဆိုးဆုံးက ကို့ဖေဖေရဲ့ နောက်အိမ်ထောင်ဟာ တခြား သူ မဟုတ်ဘဲ ချစ်တို့နှစ်ယောက်စလုံးရဲ့ သူငယ်ချင်းဖြစ်နေတာ

www.burmeseclassic.com

အဆိုးဆုံးပဲ၊ အဲသလိုမဟုတ်ရင်တောင် သမီးအရွယ်မိန်းမငယ်လေးကိုလက်ထပ်တယ်ဆိုပြီး ချစ်တို့ဖက်က တင်းနေတဲ့ဥစ္စာ"

"ကျွတ်"

သူ့, အိမ်ပြောင်တစ်ကောင်မဟုတ်ပါဘဲ စုတ်တစ်ချက်သပ်မိသွားသည်။ ကိစ္စသည် မဖြစ်သင့်၊ မတင့်တယ်ဆိုသော်လည်း သူနှင့်သူမတို့ ရှေ့ဆက်ရမည့်ဘဝလမ်းကို တားဆီးပိတ်ပင်ရလောက်အောင်ထိ ရေးကြီးခွင်ကျယ်လုပ်စရာမလိုဟု ထင်သည်။ ကိုယ်က မိဘမဟုတ်၍ ထိုသို့ လျှော့တွေးသလားတော့ မပြောတတ်ပေ။

"အဖေနဲ့မိဇာကတော့ ပျော်ရွှင်စိတ်ချမ်းသာနေကြမှာပဲ၊ ကိုယ့်မှာတော့ ... ပူပင်နေရတယ်၊ ချစ်ဆီက အဖြေမရခင်တုန်းကလည်း မရလို့၊ ခု ... ရပြန်တော့လည်း ... ဟူး ..."

"ဒါဆို ... တစ်ဆင့်ပြီးတစ်ဆင့် တက်လာတဲ့ ကိုရဲ့လိုချင်လောဘတွေကို သတ်လိုက်ပေါ့"

မိန်းမတွေများ အတော့်ကို သွေးအေးသည်။ သူ့မှာတော့ ချစ်သူနှင့်နီးရဖို့အရေး ဆောက်တည်မဲ့ ဖြစ်နေရသလောက် သူမကတော့ ခပ်ပေါ့ပေါ့ ပြောနေနိုင်တုန်းပင်။

"ဒီတစ်လ အချိန်ပေးမယ်။ ချစ်မိဘတွေနဲ့ အပြတ်ညှိနှိုင်းဆွေးနွေးပါ၊ ဆွေးနွေးလို့မပြေလည်ရင် ကိုယ်တို့ ခိုးပြေးကြရုံပဲရှိတော့တာပေါ့"

သူ့စကားကြောင့် သူမ, သက်ပြင်းချသည်။ ကြည့်ရသည်မှာ ယောကျ်ားနောက် ခိုးရာလိုက်ပြေးသည့်အဖြစ်မျိုး ဖြစ်ချင်ပုံမရပါ။ ဒါကို သူ, သဘောပေါက်သွားသည်။

www.burmeseclassic.com



"အဲသလိုအဖြစ်မျိုးတော့ ကိုယ်လည်း ဘယ်ခြစ်ချင်ပါ့ မလဲချစ်ရယ်၊ အခုဟာက ဒီလိုမှ မလုပ်ရင် ကိုယ်တို့နှစ်ယောက် ဝေးရမှာလေ၊ ချစ်က ကိုယ်နဲ့ဝေးနိုင်လို့လား၊ ကိုယ်ကတော့ ချစ်နဲ့သာ ဝေးရမယ်ဆိုရင် စောစောကတည်းက တစ်ခါတည်း သေသွားတာကမှ ကောင်းဦးမယ်"

သူက ပလီပလာနှင့် အစွမ်းကုန်ချွဲနွဲ့ပြလိုက်တော့ သူမက မျက်စောင်းထိုးသည်။ သို့သော် ... ထိုမျက်စောင်းသည် ခေါင်းညိတ်သော အဖြေမျိုးထိတော့ မပျော့ပြောင်းသေးပါ။

သူမသည် ချီတုံချတုံ ဝေခွဲမရပုံနှင့် အချိန်တွေတရွေ့ရွေ့ ကုန်သွားသည်အထိ အီလေးဆွဲနေခဲ့သည်။ ထိုသို့ဆွဲလာသည်မှာ လနှင့်ချီ၍ပင် ရှိလေပြီ။

* * *

"နားပူနားဆာလုပ်၊ ပွဲကြမ်းသင့်ကြမ်း၊ ဒါမှ ... ကောင်မလေး မင်းဖက် မြန်မြန်ပါမှာပေါ့ မြင့်မြတ်ရ ... ကောင်မလေး ပြောသမျှချည်း လိုက်အလျှော့ပေးမနေနဲ့ ... ပွဲသိမ်းဖို့အချိန်တွေ တောင် လွန်နေပြီ"

ခင်မောင်လတ်ပြောတော့မှပင် သူ့မှာ နေမထိ ထိုင်မသာ မျောက်မီးခဲထိုင်မိသလို ဖြစ်ရသည်။ မျောက်မီးခဲထိုင်မိလျှင် မည်သို့နေသလဲတော့မသိ။ သူကတော့ ဟိုပြေး ဒီလွှား၊ ထိုင်လိုက်၊ ထလိုက်နှင့် နည်းနည်းမှ ဂဏှာမငြိမ်။

ဒီကြားထဲ ထင်မှတ်မထားသောကိစ္စတစ်ခုက ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com


ပြန်သည်။ ထို, ထင်မှတ်မထားသောကိစ္စဖြစ်ပေါ်လာအောင် လက် သီးပုံးထိုးသူက ပြည်စိုးဦး။

"သီတာနဲ့ငါက ရိုးရိုးခင်တာပါ၊ ဘာမှမဖြစ်ဖူး၊ ဝါသနာတူချင်းမို့ ကူညီရိုင်းပင်းရင်း ဒီလိုပဲ တွဲသွားတွဲလာ လုပ်နေရတာပေါ့"

ထိုသို့ပြောပြီး သီတာနှင့်ပတ်သက်လျှင် ဘယ်တုန်းကမှ ဝန်ခံခြင်းမရှိခဲ့ဘဲ လက်တခါခါ၊ ခြေတခါခါနှင့် ငြင်းခဲ့သဖြင့်ခု... သီတာ့ကို သူတပ်ပြေးသွားပြီ။ သီတာကိုယ်တိုင်လည်း သဘောတူ၍ နှစ်ဦးသဘောတူ ခိုးပြေးသွားကြခြင်းပင်။ သို့ပေမယ့် ထုံးစံအတိုင်း ဒေါ်မြမာလာဒေါသများက သူ့အိမ်သို့ တဲ့တဲ့လာမှန်သည်။ ဖခင်ဖြစ်သူ ဦးမျိုးခန့်က သူ့ဇာနှင့်အတူ တခြားတွင်နေသောအခါ သူပဲ နားပူရသည်။ တွေ့တိုင်း (မတွေ့လည်း တွေ့အောင်အိမ်လာ၍) မာန်မဲဆူပူနေတတ်သည်။

"ဘယ့်နှယ်တော် ... နင်တို့အိမ်က အကောင်တွေက ငါ့ သမီးတွေချည်း ဝင်ဝင်ဆွဲနေကြတာပဲ၊ ဒါ ... ဘာသဘောလဲ၊ မဖြစ်ဖူး၊ မဖြစ်တော့ဖူး၊ ခု ... အငယ်ဆုံး ဒါဒါပဲ ကျန်တော့တယ်၊ တစ်ခုခုတော့ လုပ်မှ ဖြစ်မယ်"

ထိုသို့ပြောပြီး ဒေါ်မြမာလာတစ်ယောက် မည်သို့လုပ်သည် ထင်ပါသနည်း။ ငြိမ်းချမ်းကို အိမ်ပေါ်ခေါ်တင်ထားလိုက်သည်၊ ဒါလည်း ကောင်းသည်။ ဒေါ်မြမာလာ စိတ်ကူးကမဆိုးပါ။ သူ့သမီးတော့ အပါမခံ၊ သမက်လောင်း၊ ဆရာဝန်လောင်းလေးကို အိမ်ပေါ်ခေါ်တင်ထားလိုက်သည်။ ငြိမ်းချမ်းက ဆယ်တန်းအောင်တော့ ဆေးကျောင်းအမှတ်မီသွား၍ သာ


www.burmeseclassic.com

www.burmeseclassic.com


ထိုသို့လုပ်ခြင်း ဖြစ်သည်။ မဟုတ်လို့ကတော့ ... မြနန္ဒာကို နတ်ပြည်တက်၍ပင် ဝက်ထားလိုက်ဦးမည်။

"ဩော် ... ချစ်ကြတာချင်းအတူတူ ... နောက်လူတွေက ပန်းတိုင်တွေ ရောက်ကုန်ကြပြီ၊ ကိုယ့်မှာသာ ..."

ထိုအဖြစ်အပျက်တွေကိုကြည့်ပြီး သူက မချင့်မရဲညည်းပြ မိသည်။ မခံချင်အောင်လည်းပြောသည်။ နားပူတိုက်သည်။ သက် ပြင်းချပြသည်။ မှိုင်တွေပြသည်။ အရက်ကတော့ သောက်မပြရ သေးပါ။ ဤနည်းလမ်းမျိုးက လူကိုမသနားဘဲ ပို၍ အမြင်ကပ် နိုင်သည်ဟု ထင်သည်။

သို့သော် ... မည်သည့်နည်းလမ်းကမှ သူမ,နှလုံးသား အညာကို ကိုင်လှုပ်နိုင်စွမ်း မရှိဘဲ။ အခြေအနေသည် အေးစက်မြဲ အေးစက်လျက်ရှိသည်။

ဤသို့ဖြင့် ... အကြံကုန်လက်လျော့ရတော့မလို ဖြစ်နေ ချိန် ...။

တစ်နေ့ ...။

သူနှင့်ဝင်းအိစိုသည် သူ့ဇာတို့ မိနီမားကက်လေးထဲတွင် စကားအခြေအတင်ပြောရင်း ကတောက်ကဆဖြစ်ကြသည်။ ထိုသို့ ဖြစ်နေသည့်အခိုက် သူသည် စိတ်ဆိုး၊ စိတ်ကောက်ဟန်ဆောင် ရင်း ဆိုင်ထဲမှ ဒရောသောပါး၊ ဝုန်းဒိုင်းကျဲ ပြေးထွက်လာခဲ့သည်။ ကိုယ့်သောကနှင့်ကိုယ်၊ ကိုယ့်အပူနှင့်ကိုယ်မို့ တစ်ဖက်ကလာနေ သောကားကိုမမြင်ဘဲ တဲ့တဲ့တိုးမိတော့သည်။

"ကျွိ"

"အောင်မ[illegible]းဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ကားတိုက်ပြီလား"

အော်သံတွေ ဆူညံသွားသည်။ သူလည်း လမ်းဘေးတွင် ခွေခွေလေး လဲကျသွားသည်။

"ကိုရေ"

"ကို"

ထိုအချိန်တွင် သူ၏ ချစ်ရပါသောနှင်းပွင့်ဖြူဖြူလေးသည် ငယ်သံပါအောင်အော်ရင်း ဆိုင်ထဲမှ ဝုန်းဒိုင်းကျဲပြေးထွက်လာကာ သူ့ကိုထူမ၍ ရင်ခွင်ထဲဆွဲပွေ့ထားလိုက်သည်။

အမှန်တော့ ... ကားက သူ့ကို လုံးဝ တိုက်မိခြင်းမရှိပါ။ သူ့ဖာသာ လန့်ပြီးခုန်ရှောင်လိုက်သောကြောင့် မထိန်းနိုင်ဘဲ လမ်းဘေးလဲသွားခြင်း ဖြစ်လေသည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၀)

သူမဆီက လာခိုးလှည့်ပါဟူသော တရားဝင်ခွင့်ပြုချက်ကို ရရှိခဲ့ပေပြီ။ သူသည် သေမလိုဖြစ်ခါနီးတိုင်း ကံကောင်းတတ်၏။ မိန်းမတစ်ယောက်ကို တင့်တောင်းတင့်တယ် ထားနိုင်ပါရဲ့နှင့် အလွယ်တကူလက်ထပ်မယူနိုင်ဘဲ မမျှော်လင့်သော ပြဿနာကြောင်း သူ့အတွက် နှောင့်နှေးကြန့်ကြာခဲ့ရသည်။

"မိဇာမွေးလာမယ့်ကလေးက ကိုနဲ့ဆို တော်တော့်ကို အသက်ကွာမှာပဲနော်"

ကာယကံရှင်တွေကတော့မသိ။ သူကတော့ အလွန်ပင် မျက်နှာပွသည်။ သူမကလည်း ဒါကိုပဲ စဉ်းစားနေသည်ထင်၏။ သူ့ဇာတို့အကြောင်းသည် သူတို့သမီးရီးစား စကားဝိုင်းသို့ မပါမဖြစ် အကြောင်းအရာတစ်ခု ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူသည် သူမပြောတာကို ဘာမျှ ပြန်မပြောဘဲ မျက်နှာထား တင်းတင်းဖြင့်သာ ငြိမ်နေလိုက်သည်။ သူ့ ပျော့ညံ့၍ မဖြစ်။ တော်ကြာ သူမ, စိတ်ပြောင်းသွားပြီး သူ့နောက် မလိုက်တော့မှာ စိုး၍ ဖြစ်သည်။

သို့သော် ... သူမက သူထင်သလို မဟုတ်ပါ။

"အလုပ်က ခွင့်ယူထားတယ်"

"ဟင်၊ ဘာဖြစ်လို့လဲ ချစ်ရဲ့၊ အဲဒီနေ့ကျရင် အလုပ်ကိုလာ ရင်း အိမ်မပြန်တော့ဘဲ ကိုယ့်နောက် တစ်ခါတည်း လိုက်ခဲ့ပြီးရော"

"အန်တီမာလာတို့ကို အားနာလို့ပါ၊ အဲသလိုလုပ်ရင် အန်တီမာလာတို့အတွက် မကောင်းဖူးလေ၊ တော်ကြာ ... သူ့ဆိုင်ကနေ ချစ်ပျောက်သွားတာဆိုရင် အိမ်က အန်တီမာလာတို့ကို ပြဿနာရှာမှာ သေချာတယ် ကိုရဲ့၊ ချစ်တို့အိမ်အကြောင်း ကိုမသိပါဖူးလေ"

ဒါတော့ သူမ ပြောတာ ဟုတ်သည်။

"အဲဒီတော့ ... ဘယ်လိုလုပ်မှာလဲ"

"လွတ်လွတ်ကျွတ်ကျွတ် အိမ်ကိုပဲ လာခိုးလှည့် ... အဲဒီနေ့ ချစ်အိမ်မှာပဲ ဟန်မပျက်နေရင်း နည်းနည်းမောင်မှ စာအုပ်အငှား ဆိုင်လိုလို၊ အခွေငှားဆိုင်လိုလိုနဲ့ လစ်ထွက်ခဲ့မယ်၊ သတိတော့ ထားရမယ်ကို၊ အိမ်က ချစ်ရဲ့အရိပ်အကဲကို မျက်ခြေမပြတ်ကြည့်နေတာ ... ကို့ရဲ့တရားဝင်ဇနီးမဖြစ်သေးခင် သူတို့မိသွားလို့ကတော့ ... လည်မြိုနှင်းသတ်လိမ့်မယ်၊ ပြီးတော့ ကိုနဲ့တစ်ခါတည်းပေးပြီမှတ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်တွေ တထိတ်ထိတ်ခုန်လာသည်။ သူ့ အာမှ ပြန်မပြောနိုင်ခင် သူမက ...

"ချစ်ကို လာခိုးတဲ့အချိန် တစ်ယောက်ယောက်များမြင် သွားလို့ကတော့ လွတ်အောင်ပြေးဖို့ အရေးကြီးတယ်နော်၊ အဲဒါ သတိထား ကို"

"အင်းပါ ချစ်ရယ်၊ ကိုယ်, သတိထားပါ့မယ်"

"စိတ်လှုပ်ရှားရင် ကားမမောင်းနဲ့နော် ကို"

"စိတ်ကတော့ လှုပ်ရှားမှာ အမှန်ပဲချစ်ရဲ့ ... ကားမောင်း ဖို့ကတော့ ခင်မောင်လတ်တာဝန်ထား၊ ပြီးတော့ ... ကိုယ့်ဖက်က အင်အားတောင့်အောင် အိမ်ကကောင်တွေကိုလည်း အဖော်ခေါ် လာမှ ရမယ်"

ဟုတ်သည်။ ဒါမျိုးဆို ကူညီချင်သူက များသည်။ ကိုယ့် အတွက် အဖော်များတော့လည်း ကောင်းသည်။ သူများရပ်ကွက် က သူများသားသမီး သွားခိုးရမှာ မဟုတ်လား။

* * *

"မဆိုးပါဖူး၊ မင်းကောင်မလေးက သေချာ ပိပိရိရိစီစဉ် ထားပုံရသားပဲ မြင့်မြတ်"

ခင်မောင်လတ်က ကောက်ချက်ချသည်။

"ဒါမှတော်ကာကျမှာကိုး ... သူ့အိမ်က ပိုက်ဆံမရှိပေ မယ့် မာနတော့ ရှိတယ်"

"မရှိမာနဆိုတာ ဒါကိုပြောတာပေါ့ကွ၊ တကယ်တမ်းကျ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ဖက်အဖြစ် မင်းက ငြင်းစရာမှ မကောင်းတာ၊ ဖအေက သမီးအရွယ်မိန်းမငယ်လေးယူတာ အပြစ်ဖြစ်နေတာ"

"ဒါ ... အိမ်ထောင်ရေးဖောက်ပြန်မှုကြီးလည်းမဟုတ်၊ အလကား ရစ်နေတာပါကွာ၊ သူ့သမီးက အလိမ္မာလေးဆိုတော့ ကြံဖန်ချေးကိုင်နေတာ နေမှာ"

"ဝင်းအိတို့အိမ်က တော်တော်လေး ချို့တဲ့တယ်ဆို"

"အင်း ... သူ့သမီးနဲ့ရပြီးရင် ငါက ပစ်မထားပါဖူး၊ ကြည့်ရှုစောင်မပေးမယ့်ဟာမျိုး ..."

"ဘယ်သူ့စောင်, 'မ' မှာလဲ"

"မင်းနှမစောင်"

သူမ, မိသားစုကို ကြည့်ရှုမည်ဆိုသောစကားသည် သူ့စိတ်ရင်းအမှန်အတိုင်း ပြောခြင်းဖြစ်သည်။

မည်သို့ပင်ဖြစ်စေ ... မကြာခင် ... ချစ်သူကို အပိုင်ရပေတော့မည်။

* * *

"မင်းတို့ကောင်တွေ ကားထဲကပဲ စောင့်နေကြ၊ မျက်စိလည်း လျှင်လျှင်ထားပြီး၊ ကားစက်လည်း အသင့်နိုးထားဦးနော်"

သူက ခင်မောင်လတ်နှင့်တကွ အပေါင်းအပါများကို ထောင့်စေ့အောင်မှာကြားသည်။

"မင်းသာ အဆင်ချောအောင် လုပ်စမ်းပါကွာ၊ ငါတို့အပိုင်းကို မပူနဲ့ ..."



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်ကဆင်းခါနီး သူ့ကို ခင်မောင်လတ်က ပြန်သတိပေးသည်။ သူ့ ဘာမှပြန်မပြောတော့ဘဲ သူမတို့အိမ်နားချည်းကပ်လာခဲ့သည်။ သူမတို့အိမ်မရောက်ခင် သုံးလေးအိမ်ခြားလောက်တွင် အရိပ်အခြည်ကို စောင့်ကြည့်အကဲခတ်သည်။ ဒါတင်မက ပတ်ဝန်းကျင်ကိုလည်း လေ့လာရသေးသည်။ တော်ကြာသူမအိမ်က အိမ်သားတစ်ယောက်ယောက် တွေ့သွားမှာစိုး၍ဖြစ်သည်။

ဆောင်းဝင်ခါနီးမို့လားမသိ။ နေက စောစောဝင်သွားပြီးအလင်းရောင်က တဖြည်းဖြည်း အားနည်းလာသည်။ မကြာခင်အမှောင်ထုက ကြီးစိုး၍ မိုးချုပ်ပေတော့မည်။

သူသည် ဆန္ဒစောစွာ မအီမလည်ကြီး ဖြစ်နေသည်။ လူကလည်း ကဏ္ဍာမငြိမ်သလို စိတ်ကလည်း လှုပ်ရှားပြီး ရင်တွေတဒုန်းဒုန်းခုန်နေသည်။ အသက်ကို မကြာခဏ အောင့်ထားမိကာအာရုံစိုက်မျှော်ကြည့်ရလွန်း၍ မျက်လုံးတွေ ဖန်စပ်နေပြီ။

ထို့ကြောင့် ... မကြာခဏ မျက်လုံးကို ပွတ်လိုက်သပ်လိုက်၊ မှိတ်လိုက်ဖွင့်လိုက်လုပ်နေရသည်။

"ကို"

အနားကပ်လာပြီး ခေါ်သည်ထိ သူ့ မကြားပါ။

"ကို"

သူ့ကိုခေါ်သည်ဟု မထင်သေး။ ထို့နောက် ... သူ့ကျောကို ဖြန်းခနဲရိုက်လိုက်မှ လန့်သွားပြီး လှည့်ကြည့်လိုက်တော့နင်းပွင့်ဖြူဖြူလေး။

"ဟာ ... နှင်း"



www.burmeseclassic.com

www.burmeseclassic.com



"သေလိုက်ပါလား၊ မိန်းမ လာခိုးတဲ့သူက ငေးနေတာနဲ့ အရေးအကြောင်းဆို ဘယ်လိုလုပ်မှာလဲ"

"ဆောရီး ဆောရီး၊ လာ လာ ချစ်"

သူမလက်ထဲတွင် ပိုက်ဆံအိတ်သေးသေးလေးတစ်လုံးမှလွဲ၍ မည်သည့်ပစ္စည်းမှ မပါပါ။ သူ့အတွက်တော့ သူမထံတွင် မှတ်ပုံတင်ပါလျှင် တော်ပြီ။ အဲဒါ အရေးကြီးသည်မဟုတ်လား။ ကျန်တာ သူ့ချက်ချင်းဝယ်ဆင်ပေးနိုင်ပါသည်။

"ကို့အိမ်ကို တန်းသွားလို့မဖြစ်ဖူးနော်"

"ဩော် ... ချစ်ရယ်၊ မိန်းမခိုးပါတယ်ဆိုမှ ခြေရာခံလို့ရတဲ့နေရာ ဘယ်ခေါ်သွားပါ့မလဲ၊ ကိုယ်, ဒီလောက်ထိ မအသေးပါဘူး၊ ဟဲ ဟဲ ဟဲ ဟဲ"

"ဟွန်း၊ တတ်တယ်"

သူမက ချစ်မျက်စောင်းလေးထိုးရင်း သူ့လက်ကိုတွဲသည်။ သူတို့နှစ်ယောက် တစ်ယောက်လက်ကိုတစ်ယောက် ချိတ်ဆွဲမိကြပြီ။ နှစ်ကိုယ်တူ ဘဝခရီးလမ်းကို လက်တွဲ၍ အတူလျှောက်လှမ်းကြရတော့မည်။

ထိုအချိန်မှာပင် ...

"ဟယ် ... ကိုရေ ... ဟို ... ဟိုမှာ ဒေါ်တင့်ကြီးရယ်"

"ဟင်၊ ဘယ်က ဒေါ်တင့်ကြီးလဲ ချစ်ရဲ့"

"မေမေ့အစ်မဝမ်းကွဲ အပျိုကြီးကိုပြောတာ၊ ချစ်တို့ကိစ္စမှာ ထိပ်ဆုံးကနေပြီး အပြင်းအထန်ကန့်ကွက်တာ သူပေါ့"

"ဟင် ဟုတ်လား"

"သူ့ တွေ့သွားလို့ မဖြစ်ဖူး၊ လုံးဝ မဖြစ်ဖူး"



www.burmeseclassic.com

www.burmeseclassic.com


"အဲ ... အဲဒီကော ..."

"ပုန်းရမှာပေါ့ ... လာ လာ၊ မြန်မြန်ပုန်း၊ မြန်မြန်"

ချစ်သူက သူ့လက်ကိုဆွဲ၍ နီးရာသစ်ပင်ချုံတန်းပုပုလေးတွေဆီဦးတည်ပြေးသည်။ ထို့နောက် ... ပုဝပ်၍ ပုန်းကွယ်နေလိုက်သည်။ ထိုသို့ပုန်းကွယ်ရင်း ဒေါ်တင့်ကို ချောင်းကြည့်ကာ အသံကိုနားစွင့်ရသေးသည်။

အရေးထဲ ဒေါ်တင့်ဆိုသော သူမအဒေါ်အပျိုကြီးက ချက်ချင်းထွက်မသွားသေးဘဲ ဘေးပတ်ဝန်းကျင်ရှိအိမ်များနှင့် လှမ်းအော်စကားပြောနေသေးသည်။

"ဟင်း၊ အရေးထဲ သူက ဒီအချိန်ကြီးလမ်းထွက်ပြီးဘာလုပ်တာတဲ့လဲ"

"ချစ်လိုပဲ ခိုးရာလိုက်မလို့လားမှ မသိတာ"

"ကိုက အရေးထဲ နောက်မနေနဲ့ ... ဟိုက တွေ့သွားမှ"

သူ, ဇက်ပုသွားသည်။ သူမက ပွစိပွစိရေရွက်ရင်း ဒေါ်တင့်ကိုသာ မျက်ခြေမပြတ်လိုက်ကြည့်နေသည်။ ဒေါ်တင့်မှာ စကားပြော၍ ပြီးသွားတော့ သူတို့ပုန်းအောင်းနေရာ သစ်ပင်ပုချုံတန်းလေးတွေဘက် လျှောက်လာသည်။

ထိုအချိန်တွင် ဒေါ်တင့်နှင့်မျက်နှာချင်းဆိုင်မှ မိန်းမတစ်ယောက်လျှောက်လာ၍ ရပ်စကားပြောကြပြန်သည်။

"ရှူး"

တလှုပ်လှုပ်၊ တရွရွဖြစ်နေသော သူ့ကို သူမက ငြိမ်ငြိမ်နေရန် သတိပေးသည်။ သူ, ဇက်ပုသွားပြန်သည်။ သူသည် ဇက်ကိုပုပြီး၊ လူကငြိမ်သွားသော်လည်း မငြိမ်သောမျက်လုံးထ



www.burmeseclassic.com

www.burmeseclassic.com



ဟိုဒီလျှောက်ကြည့်မိသည်။ ထိုအခါ ... သူ့မျက်လုံးက လမ်းဘေးတွင် အလေ့ကျပေါက်သော ပန်းရိုင်းလေးတစ်ပွင့်ကို သွားတွေ့၏။

ဘာရယ်မဟုတ်။

လက်က ပန်းရိုင်းလေးကိုခူးလိုက်သည်။ ပြီးလျှင် ... အကျင့်ကြီးပါနေသောနှာခေါင်းက နမ်းချင်စိတ်ပေါ်လာ၍ နှာဝတော့နမ်းလိုက်မိသည်။

"ဟ ... ဟပ် ... ဟပ် ... ဟပ်ချိုး"

ကျယ်လောင်သောနှာချေသံကြီးကြောင့် နံဘေးကသူမကိုယ်လေး ဆတ်ခနဲတုန်သွားပြီး လန့်သွားပုံရသည်။ ဒါတင်မက စကားရပ်ပြောနေကြသော ဒေါ်တင့်နှင့် မိန်းမကြီးတို့နှစ်ယောက်ပါ ပြောလက်စ ရပ်သွားပြီး ...

"ဘာလဲ၊ အဲဒီနောက်က ဘာလဲ"

ဟု ဆိုကာ သူတို့ပုန်းအောင်နေရာသို့ တဲ့တဲ့ကြီး လျှောက်လာလေတော့သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၂၁)

"ဟင်၊ ဝင်းအိ၊ မှောင်မှောင်မဲမဲနဲ့ ညည်းက ဒီမှာ ဘာလုပ်နေတာလဲ"

တူတူပုန်းတမ်းကစားနေတာဟု ပြောလိုက်ရ မကောင်းရှိတော့မည်။ နှာခေါင်းသရမ်းမိသော ကိုယ့်အဖြစ်ကိုလည်း ဒေါသဖြစ်သည်။ ခုတော့ ... ဘာလုပ်ရမှန်း မသိတော့ပေ။

"ဩော် ... ဩော်၊ ညည်းဘေးမှာ အကောင်နဲ့ကိုး ... ခိုးကြောင်ခိုးဝှက်ပုန်းနေမှတော့ ... ဒါ, သွေးရိုးသားရိုးမဖြစ်နိုင်ဖူး"

အရေးထဲ ဒေါ်တင့်က စီအိုင်အေစုံထောက်စတိုင် ပြောနေပြန်သေးသည်။ ဒေါ်တင့်က စုံထောက်ဝတ္ထုတွေ ဖတ်တာကိုး။ သူနှင့် ဝင်းအိစို မျက်လုံးပြူးသွားသည်။

"ဟော ဒီ မှာ ■ဟာ၊ ဆင့်ဆင့်ရေ ... ညည်းသမီး



www.burmeseclassic.com

www.burmeseclassic.com


ဟောဒီမှာ ... ဟောဒီမှာ ..."

ဒေါ်တင့်က ဘာမပြော၊ ညာမပြောနှင့် ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြား ကုန်းအော်လိုက်သည်။ ထိုအခါ ... မလှမ်းမကမ်းရှိ အိမ်များမှလူများ အသီးသီးထွက်လာကြသည်။ သူမတို့ အိမ်မှလည်း မိသားစုတွေ ထွက်လာကြသည်။

"ကြီးတင့်၊ ကြီးတင့်က အပျိုကြီးဖြစ်တိုင်း သမီးကိုပါ ကြီးတင့်လိုအပျိုကြီးဇာတ်သွင်းမလို့လား၊ ,အဟင့် ... သမီး အပျိုကြီး မလုပ်ချင်ဖူး"

"ဒါဆို ... ငါတို့သဘောတူပြီးပေးစားတဲ့ယောကျ်ားပဲ ယူပေါ့၊ ဟို ... စိုင်းစိုင်းခမ်းလှိုင်နဲ့တူတဲ့ သဘော်သား ထိန်လင်းလေ"

အသက်ငါးဆယ်ကျော်၊ ခြောက်ဆယ်နီးပါး အပျိုကြီး ဒေါ်တင့်က ဆယ်ကျော်သက်နှုတ်ခမ်းနီမလေးတွေအသည်းစွဲ စိုင်းစိုင်းခမ်းလှိုင်ကို အင်မတန် နှစ်သက်သဘောကျသည်။ ဒေါ်တင့်က သူ့ကြိုက်သောသူကို သူ့မရနိုင်တော့၍ တူမဖြစ်သူနှင့် ပေးစား ရန် အကြံကြီးကြံခြင်းဖြစ်သည်။

"အဲဒီ ကြွက်စုတ်ကို ဘာလို့ယူရမှာလဲ၊ ကြီးတင့်ဖာသာယူ ... အဟင့်"

ဤသို့ ညပုံဖြင့် သူမသည် ရှန်းရင်းကန်ရင်း၊ ငိုရင်းရှိုက်ရင်းဖြင့် အိမ်သို့ ပြန်ပါသွားလေတော့သည်။

* * *


www.burmeseclassic.com

www.burmeseclassic.com



"နှာခေါင်းသရမ်းချင်တဲ့ကောင် နည်းတောင်နည်းသေးတယ်"

ခင်မောင်လတ်က အခွင့်အရေးရတုန်း သူ့ကို ဖိဟောက်သည်။

"ခုမှတော့ ... မျောက်အိုပိန်မပါးရိုက်ခံထားရတဲ့မျက်နှာနဲ့ မှိုင်မနေနဲ့ မြင့်မြတ်၊ အားသစ်ပြန်မွေးထား ... နောက်တစ်ခါ အခွင့်အရေးပေးရင် ထပ်ခိုးပေါ့"

"မင့်အမေကလွှားတဲ့မှာပဲ၊ ဟိုက အလုပ်တောင် မလာတော့တဲ့ဟာ၊ ငါက ဘယ်လို ဆက်လုပ်ရမှာလဲ"

"ဒါတော့ ... နည်းလမ်းရှာရမှာပေါ့ဟ"

ခင်မောင်လတ်ကပြောသော်လည်း သူ့မှာဖြင့် မည်သည့် အကြံဉာဏ်မျိုးမှ စဉ်းစားမရပါ။ ဒီလိုပုံစံမျိုးဖြင့် အပျက်အပျက် နှာခေါင်းသွေးထွက်ရမည့်အဖြစ်။

* * *

သို့သော် ... ကံဇာတာက သူ့ကို အလှည့်အပြောင်းလေး ဖြစ်အောင် ဖန်တီးပေးပြန်သည်။ နည်းလမ်းရှာမတွေ့ခင်မှာပင် သူ့ထံသို့ သူမ ရောက်လာသည်။ သူမက မင်္ဂလာသတင်းကိုပါ တစ်ပါးတည်း သယ်ဆောင်လာခဲ့၏။

"ကိုရေ ..."

"ဟင် ... ချစ်"

"သတင်းကောင်းပြောစရာရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကိုယ့်ဆီ တစ်ခါတည်း ဆင်းလာတာ မဟုတ်ဖူးလား"

"ဆင်းလာစရာမလိုတော့ဖူး ကိုရဲ့"

"ဘယ်လို၊ ဘာဖြစ်လို့"

"နေ့ကောင်းရက်သားရွေးပြီးသာ ချစ်ကို လာတောင်းလှည့်တော့ ကိုရေ၊ သိလား"

"ဟင်၊ တ တကယ် တကယ်လား"

"တကယ်ပေါ့"

"ဟား ဝမ်းသာလိုက်တာ"

"အဲဒါ ... အန့်တီမာလာ့ကျေးဇူးကြောင့်ပဲ ကိုရဲ့"

"ဟုတ်လား၊ ပြောပါဦး"

"အန့်တီမာလာက ချစ်တို့အိမ်လိုက်လာပြီး မေမေတို့ကို နားချသွားတာ၊ ကိုဟာ လူတော်လူကောင်းလေးတစ်ယောက်ဖြစ်တဲ့အကြောင်း၊ အမှန်ဆို သူဇာ့ကို ကိုယ်နဲ့သဘောတူခဲ့တဲ့အကြောင်း၊ ခုတော့ ... ပေးစားချင်တဲ့ သားနဲ့မပျော်ဘဲ အဖေနောက်ပါသွားလို့တဲ့ ခစ် ခစ်"

"ဒါနဲ့ပဲ ချစ်မိဘတွေက တစ်ခါတည်း သဘောတူလက်ခံသွားရောလား"

"ချက်ချင်းတော့ ဘယ်လက်ခံပါ့မလဲ၊ နေ့တိုင်း နားချရတာပေါ့၊ ဟိုနေ့ကလည်း လူသိရှင်ကြား အုတ် အော်သောင်းတင်းဖြစ်ပြီးပြီလေ၊ မပေးစားချင်လို့ ဘယ်ရတော့မလဲ ကိုရဲ့ ..ပြီးတော့ ကို့ဖေဖေနဲ့ မိဖာတို့ကိစ္စကို အန့်တီမြမာလာတို့ကလည်း ငုံ့လွှတ်နားလည်သွားပြီတဲ့၊ အသက်ကွာလွန်းတာကလွဲရင် အပြစ်မှ မရှိ



www.burmeseclassic.com

www.burmeseclassic.com


တာပဲလေ ...”

“အင်းလေ၊ တကယ်တော့ ရိုးရိုးသားသားချစ်ကြတာ ရှက်စရာမှမဟုတ်တာ၊ ကိုယ်လည်း အစကတော့ ဘယ်လက်ခံနိုင်ပါ့မလဲ”

“ဟုတ်တယ်ကို၊ သေချာစဉ်းစားကြည့်တော့ ကို့ဖေဖေနဲ့မိဇာ သနားပါတယ်၊ အားလုံးက ဝိုင်းကြဉ်ထားကြတာ”

ခုတော့ ... အစစ အဆင်ပြေသွားလေပြီ။ မကြာခင်သူမ ကို လက်ဝယ်ပိုင်ပိုင် ရရှိပေတော့မည်။

သူသည် ဝမ်းသားအားရဖြင့် ချစ်သူ့လက်ကလေးကိုဆွဲယူကာ အားပါးတရ နမ်းလိုက်မိသည်။

“ဟာ ... ဟပ် ဟပ်ချိုး”

“ဟား ဟား ဟား ဟား”

“ခစ် ခစ်”

ရယ်သံတွေ ဟိုနား၊ ဒီနားက ထွက်ပေါ်လာသည်။ တစ်ခုခုတော့ တစ်ခုခုပဲ။

“ဟပ် ဟပ်ချိုး”

“အနမ်းသရဲအကြောင်းသိလို့ လက်နှစ်ဖက်စလုံးကို ဟပ်ချိုးကတိုးနှာဆေးမှုန့်တွေ သုတ်လိမ်းလာတာရှင့် ... သိပြီလား”

“ချစ်က တော်တော်ဉာဏ်ပြေးသားပဲ”

“အဲဒါ ခင်မောင်လတ်အကြံပေးတာ၊ ဖိုးခွားက ဆေးမှုန့်ဝယ်ပေးတာ၊ ကျန်တဲ့လူတွေအားလုံးကလည်း ထောက်ခံအားပေးကြတာလေ၊ ခစ် ခစ်”

ကြည့်စမ်း။ အားလုံးမှာ သူ့ကို ထောင်ချောက်ဆင်ထား


www.burmeseclassic.com

www.burmeseclassic.com



ကြတာပါလား။ သူ, တင်းသွားသည်။

"ဩော် ... ချစ်က ဒီလိုလား၊ ဒါဆိုလည်း ရပါတယ်၊ လက်ကို မနမ်းဘဲ ဟောဒီက ပါးနှစ်ဖက်စလုံးကိုပဲ အားရပါးရ နမ်းပစ်မယ်၊ လာထား"

"ဟိုး ဟိုး ဆရာကြီး၊ ပါးနှစ်ဖက်စလုံးမှာလည်း သုတ်လိမ်းထားတယ်ရှင့် ... ခစ် ခစ်"

"ဟမ်"

သူ, မျက်ဖြူဆိုက်သွားသည်။

ချောင်းမြောင်းနားထောင်နေကြသူအားလုံး၏ ရယ်သံတွေက တလောကလုံး သောသောညံသွားလေတော့သည်။

မေတ္တာများစွာဖြင့်
ထူးမြတ်ကြယ်

www.burmeseclassic.com

www.burmeseclassic.com

# ထူးမြတ်ကြယ်

## ထွက်ရှိပြီးသော လုံးချင်းဝတ္ထုများ

၁။ ထိချက်ပြင်းတဲ့မြား
၂။ ပန်းနားလည်တဲ့လိပ်ပြာတေး
၃။ ပန်းပွင့်လမင်း (Power King) ဗွီဒီယို
၄။ ဆွဲလက် (Power King) ဗွီဒီယို
၅။ အလင်းသစ်နဲ့ ကောင်းကင်နှစ်
၆။ အချစ်ကယ် (Power King) ဗွီဒီယို
၇။ ရင်ခုန်ထူးခြား (Power King) ဗွီဒီယို
၈။ မမိမကမ်းနဲ့ မလွမ်းချင်ဘူး
၉။ ဖွ ... ဟဲ့
၁၀။နှလုံးသားချင်းဆိုင်
၁၁။ကြောင်ခြစ်တဲ့ဖူးစာ
၁၂။နင်နဲ့ငါ (Power King) ဗွီဒီယို
၁၃။ကံ
၁၄။ဟုတ်

ရွှန်းစဉ်ကြယ်စာပေ

www.burmeseclassic.com

www.burmeseclassic.com


၁၅။အချစ်ရှာ (အောင်တိုင်းကျော်) ဗွီဒီယို

၁၆။အလင်းရောင်ရဲ့ကျွန်း

၁၇။ဖန်ဆင်းရိုပ်

၁၈။ ဂွစာ

၁၉။ချစ်ရတာ အဆင်ပြေလား

၂၀။ဗလာမပါ ချစ်ကံစမ်းမဲ (လပ်ကီးပလေ့) ဗွီဒီယို

၂၁။ချစ်လက်ခုပ်

၂၂။အလွမ်းလား နာ့းထား

၂၃။နှစ်သက်နှင်းဆီ

၂၄။ကတ်သီးလေး (ခရေဖြူ) ဗွီဒီယို

၂၅။ဟင်္သာအင်းမင်းသားနှင့် အိုးဂေါ်မင်းသမီး

၂၆။အသည်းခွဲယင်

ယခုလ

၂၇။အနမ်းသရဲ

www.burmeseclassic.com

www.burmeseclassic.com

# အသိမှားခြင်း

အမေ အမေမေတ္တာ ကြီးမားစွာနဲ့
ချေးတောင်းလေးပင်
ဝန်ကိုရှက်လျက်
မပင်မပန်း
အမိမေတ္တာ ကြီးမားခဲ့တယ်။

အမေ ကျောင်းပို့ကျောင်းကြို
မမောမပန်း
ချက်ပြုတ်ကျွေးမွေး
နေ့စဉ်မပြတ်
ဝန်ကိုရှက်လျက်
နွေမှမိုးပြောင်း
ဆောင်းကနှစ်ပြောင်း
ရှာဖွေချွေတာ
ရွှေ့ရေးအတွက်
ကြီးမားလှတဲ့
အမေ

သမီး အသိနောက်ကျ
မွေးအမေကို
ကျွေးအမေကို
နားမလည်ခဲ့တဲ့သမီး

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

အမေ

အမေ ကောင်းရာသုခ
ဘုံဘဝမှာ
နတ်သမီးအသွင်နဲ့
စိတ်ချမ်းမြေ့စွာ
ရောက်ရှိပါစေ
အမေ

အမေ ဆုတောင်းရုံမှတစ်ပါး
သမီး ဘာမှမတတ်နိုင်ခဲ့ဘူး
အမေ

ဒီဒီ
ရွှေကျင်မြို့

www.burmeseclassic.com